# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မပြစ်မှားမိအောင် သတိပြု**

မပြစ်မှားအပ်သော ပုဂ္ဂိုလ်တို့ကို တုတ်၊ ဓား၊ လှံ စသည့် လက်နက်တို့ဖြင့် ပြစ်မှားသောသူမှာ ဆင်းရဲ၏။ ပြင်းထန်သော ဝေဒနာခံစားရ၏။ ဥစ္စာပစ္စည်း ဆုံးရှုံး၏။ ကိုယ်အင်္ဂါပျက်စီး၏။ အနာစွဲကပ်၏။ ရူးသွပ်၏။ စိတ်ပျံ့လွင့်၏။ အစွပ်စွဲခံရ၏။ ဆွေမျိုးတို့ ပျက်စီး၏။ ပကတိမီး၊ လောင်မီးတို့ လောင်ခြင်းခံရ၏။ သေသော် ငရဲသို့ ကျရောက်ရ၏။ (မပြစ်မှားအပ်သော ပုဂ္ဂိုလ်တို့ကို မပြစ်မှားမိအောင် သတိပြုဆင်ခြင်သင့်၏။) **ဒဏ္ဍဝဂ်(ဓမ္မပဒ-၁၄၀)**


၁၃၇၉ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၉ ရက် | ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာ ၁၂ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၅၇)၊ အမှတ်(၀၄၃)


# သတ္တမအကြိမ် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့(၄၇)ပါး စုံညီ ပန္နရသမ အစည်းအဝေး ဒုတိယနေ့ ကျင်းပ



သတ္တမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့(၄၇)ပါး စုံညီ ပန္နရသမ အစည်းအဝေး ဒုတိယနေ့ ကျင်းပစဉ်။ သတင်းစဉ်

**ရန်ကုန် နိုဝင်ဘာ ၁၁**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သတ္တမအကြိမ် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့(၄၇)ပါး စုံညီ ပန္နရသမ အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ဆက်လက်ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုသည့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ

*စာမျက်နှာ ၃ ကော်လံ ၅* ❁

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဖိလစ်ပိုင်နိုင်ငံ ကလပ်မြို့သို့ ရောက်ရှိ

**ကလပ်(ဖိလစ်ပိုင်) နိုဝင်ဘာ ၁၁**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဒါနန်းမြို့၌ ကျင်းပသည့် အာဆီယံနိုင်ငံခေါင်းဆောင်များနှင့် အာရှ-ပစိဖိတ် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု (အေပက်)အဖွဲ့ဝင်နိုင်ငံ ခေါင်းဆောင်များအကြား အလွတ်သဘော ဆွေးနွေးပွဲသို့ တက်ရောက်ပြီး ယနေ့ဒေသစံတော်ချိန် နံနက် ၁၀နာရီခွဲတွင် ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့မှ အထူးလေယာဉ်ဖြင့် ထွက်ခွာရာ ဖိလစ်ပိုင်နိုင်ငံ ကလပ်မြို့သို့ ဒေသစံတော်ချိန် မွန်းလွဲ ၂နာရီတွင် ရောက်ရှိသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အား ဖိလစ်ပိုင်နိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့၊ ရိုးရာယဉ်ကျေးမှု အကအဖွဲ့များနှင့် ဖိလစ်ပိုင်နိုင်ငံ တရားရေးဝန်ကြီး မစ္စတာ ဗစ်တာ လီနိုအန်ဂူရီ၊ မြို့တော်ဝန်များ၊ ဖိလစ်ပိုင် သမ္မတနိုင်ငံ သမ္မတဟောင်း မစ္စ ဂလိုရီယာ မာကာ ပါကယ် အာရိုယို၊ မြန်မာသံအမတ်ကြီး ဦးဝင်းနိုင်၊ အာဆီယံဆိုင်ရာ မြန်မာအမြဲတမ်း

*စာမျက်နှာ ၃ ကော်လံ ၁* ❍



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ဖိလစ်ပိုင်နိုင်ငံ ကလပ် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုစဉ်။**

သတင်းစဉ်


KBZ BANK

STRENGTH OF MYANMAR

BEST BANK IN MYANMAR

Awarded by FinanceAsia 2017

မြန်မာ့အလင်း

# ပြည်သူနှင့် အတူ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရ နိုင်ငံတော်နှင့် ပုဂ္ဂလိကတို့ ပူးပေါင်း၍ လယ်ယာဝန်ဆောင်မှု အစီအစဉ်များ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။ နိုင်ငံတော်၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍ၌ လယ်ယာလုပ်သား ရှားပါးမှုသည် အဓိက ပြဿနာတစ်ရပ်အဖြစ် ဖြစ်ပေါ်လျက်ရှိပါသည်။ ရာသီဥတုဖောက်ပြန်မှုနှင့်အတူ အချိန်မီ စိုက်ပျိုးနိုင်ရေး၊ အချိန်မီ ရိတ်သိမ်းနိုင်ရေးတို့သည် တောင်သူလယ်သမားတို့အတွက် စိန်ခေါ်ချက်တစ်ရပ် အသွင်ဖြင့် ပေါ်ပေါက်လျက်ရှိပါသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ရည်ရွယ်ချက်သည် တောင်သူလယ်သမားတို့အနေဖြင့် ကနဦး ပေးသွင်းငွေ အနည်းငယ်မျှ ပေးချေရုံမျှဖြင့် တန်ဖိုးမြင့်မား၍ အရည်အသွေးကောင်းမွန်သော လယ်ယာသုံးစက်ကိရိယာများ ဝယ်ယူ သုံးစွဲနိုင်ရန်ဖြစ်သည်ဟု သိရှိရပါသည်။ ထုတ်ပြန်ထားသော သတင်းတို့အရ အဆိုပါဝန်ကြီးဌာနသည် ပုဂ္ဂလိကကဏ္ဍနှင့် ပူးပေါင်း၍ လယ်ယာဝန်ဆောင်မှုအသင်းများ တိုးတက်ဖွဲ့စည်းသွားမည်ဟု သိရှိရပါသည်။ သို့သော် လယ်ယာ ဝန်ဆောင်မှု အသင်းများအပေါ် အခြေခံ၍ ဆက်စပ် ဆောင်ရွက်လျက်ရှိသော သက်ဆိုင်ရာ ဝန်ကြီးဌာန၊ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းတို့နှင့် တောင်သူလယ်သမားတို့အကြား လယ်ယာသုံး စက်ကိရိယာတို့ အသုံးချနိုင်ရေးအတွက် မည်သို့မည်ပုံ စီစဉ်ဆောင်ရွက်ထားသည်ဟူသော အချက်မှာ တွေ့ရှိရသော သတင်းတို့၌ ရှင်းရှင်းလင်းလင်း မရှိဟု ယူဆပါသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ဖိတ်ခေါ်ချက်၌ ပူးပေါင်းဆောင်ရွက်လိုသည့် ပုဂ္ဂလိကလုပ်ငန်းရှင်တို့အနေဖြင့် အဆိုပါ ဝန်ကြီးဌာန၌ အသေးစိတ် အချက်အလက်တို့ကို ရရှိနိုင်ကြောင်း ဖော်ပြထားပါသည်။ သို့ဖြစ်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၌ လယ်ယာဝန်ဆောင်မှု အသင်းများနှင့် သက်ဆိုင်သော လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်း စည်းကမ်းတို့အား ချမှတ်ပြီးဖြစ်သည်မှာ ပေါ်လွင် ထင်ရှားပါသည်။

လယ်ယာ ဝန်ဆောင်မှုအသင်းများနှင့် သက်ဆိုင်သော လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်း စည်းကမ်းတို့သည် ပုဂ္ဂလိက လုပ်ငန်းရှင်များသာမက တောင်သူလယ်သမားများပါ ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်သင့်သော အချက်များ ဖြစ်သည်ကို တင်ပြလိုရင်း ဖြစ်ပါသည်။ အလားတူပင် နိုင်ငံတော်ပိုင် စက်မှုလယ်ယာစခန်းတို့က လုပ်ကွက်ငယ် တောင်သူလယ်သမားတို့အတွက် မည်သို့မည်ပုံ ကူညီပံ့ပိုး ဆောင်ရွက်နေသည်တို့ကို တောင်သူလယ်သမားတို့ အပါအဝင် ပြည်သူလူထုအား ကျယ်ကျယ်ပြန့်ပြန့် အသိပေးတင်ပြသင့်ပါသည်။ ဤအကြံပြုချက်တို့၏ ရည်ရွယ်ချက်သည် လူထုအစိုးရသစ်၏ တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ကြိုးပမ်းဆောင်ရွက်မှုများအား ပြည်သူလူထုက နားလည်သဘောပေါက်မှုနှင့်အတူ ပူးပေါင်း ဆောင်ရွက်ရေး ဖြစ်ပါသည်။ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအရပ်ရပ်၏ ပင်မနိုင်ငံရေး လိုအပ်ချက်သည် ပြည်သူလူထု၏ ပူးပေါင်းဆောင်ရွက်မှုအား ဆုပ်ကိုင်နိုင်ရေး ဖြစ်ပါသည်။ သို့ဖြစ်၍ သက်ဆိုင်ရာ ဝန်ကြီးဌာနများအနေဖြင့် အဆိုပါ ပင်မနိုင်ငံရေး လိုအပ်ချက်ကို နှလုံးသွင်းလျက် လူထု ပညာပေးရေးလုပ်ငန်းတို့ကို ယခုထက် ပိုမို အားဖြည့် ဆောင်ရွက်ကြပါရန် လေးစားစွာ တိုက်တွန်း နှိုးဆော်တင်ပြအပ်ပါသည်။ ။

## ရာသီဥတုဒဏ်ကို ခံနိုင်မည့် ချက်ကြံမျိုးများ စိုက်ပျိုးနိုင်ရန် ပညာပေး

**ကံမ နိုဝင်ဘာ ၁၁**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ် ခြောက်ပင်ကျေးရွာရှိ တောင်သူ ဦးပြည်ကျော်ပိုင်ဆိုင်သည့် ချက်ကြံ စံပြကွက်၌ နိုဝင်ဘာ ၁၀ ရက်က တောင်သူ ပညာပေး သရုပ်ပြပွဲကို ကျင်းပသည်။ ချက်ကြံသီးနှံ စိုက်ပျိုးနည်းစနစ် စမ်းသပ်ကွက်နှင့် စံပြကွက်များ၊ မျိုးယှဉ်ပြိုင်စမ်းသပ် စိုက်ပျိုးထားသည့် စံပြကွက်များ စိုက်ပျိုးထားသည်ကို တောင်သူများအား လက်တွေ့ပြသ သင်ကြားခဲ့ကြောင်း မြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနမှ သိရှိရသည်။

ဈေးနှုန်းအတက်အကျ တည်ငြိမ်မှုရှိပြီး ရာသီဥတုနှင့် ရေမြေတို့ကို ခံနိုင်ရည်ရှိသည့် ချက်ကြံသီးနှံကို တောင်သူများအနေဖြင့် ရွေးချယ်စိုက်ပျိုးတတ်စေရန် သင်ကြားပေးခဲ့ခြင်းဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဇော်မင်းနိုင်က ပြောသည်။

မြို့နယ် (ပြန်/ဆက်)

# မဲခေါင်ဒေသတွင်း နိုင်ငံများ၏ တိုင်းရင်းဆေးနှင့် ဆက်စပ်ပစ္စည်းများပြပွဲ မြန်မာနိုင်ငံ၌ ကျင်းပမည်

**နေပြည်တော် နိုဝင်ဘာ ၁၁**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် မဲခေါင်ဒေသတွင်း နိုင်ငံများ၏ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အစည်းအဝေးကို ရန်ကုန်မြို့ရှိ Summit Park View Hotel ၌ နိုဝင်ဘာ ၂၀ ရက်မှ ၂၁ ရက်အထိ လည်းကောင်း၊ တိုင်းရင်းဆေးနှင့် ဆက်စပ်ပစ္စည်းများ ပြပွဲကို ရန်ကုန်မြို့ရှိ တပ်မတော်ခန်းမ၌ နိုဝင်ဘာ ၂၁ ရက်မှ ၂၄ ရက်အထိ လည်းကောင်း လက်ခံ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မဲခေါင်ဒေသတွင်းနိုင်ငံများ၏ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ ဆွေးနွေးပွဲနှင့် တိုင်းရင်းဆေးနှင့် ဆက်စပ်ပစ္စည်းများပြပွဲကို မဲခေါင်မြစ်ဝှမ်းဒေသ ခြောက်နိုင်ငံမှ ထိုင်းနှင့် တရုတ်နိုင်ငံ၌ နှစ်နှစ်လျှင် တစ်ကြိမ် အလှည့်ကျ ကျင်းပခဲ့ကြောင်း သိရသည်။

"မဲခေါင်ဒေသတွင်း နိုင်ငံတွေရဲ့ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ ဆွေးနွေးပွဲနဲ့ တိုင်းရင်းဆေးနဲ့ ဆက်စပ်ပစ္စည်းတွေပြပွဲကို ထိုင်းနိုင်ငံနဲ့ တရုတ်နိုင်ငံမှာ အလှည့်ကျ ကျင်းပပါတယ်၊ အခုနှစ်မှာ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံပြီး ကျင်းပသွားမှာဖြစ်ပါတယ်၊ ထိုင်းနိုင်ငံမှာ လေးကြိမ်နဲ့ တရုတ်နိုင်ငံမှာ သုံးကြိမ် စုစုပေါင်း ခုနစ်ကြိမ် အောင်အောင်မြင်မြင်နဲ့ ကျင်းပခဲ့ပြီးဖြစ်ပါတယ်၊ ၂၀၁၅ ခုနှစ်က ထိုင်းနိုင်ငံမှာ သတ္တမအကြိမ်မြောက် အစည်းအဝေးကို ကျင်းပခဲ့တာဖြစ်ပြီး ဒီအစည်းအဝေးကနေ အဋ္ဌမအကြိမ်မြောက် အစည်းအဝေးကို မြန်မာနိုင်ငံမှာ ကျင်းပဖို့ ဆုံးဖြတ်ခဲ့ကြပါတယ်" ဟု တိုင်းရင်းဆေးပညာ ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးက ပြောသည်။

အဆိုပါ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ ဆွေးနွေးပွဲနှင့်အတူ မဲခေါင်ဒေသတွင်း နိုင်ငံများ၏ တိုင်းရင်းဆေးနှင့် ဆက်စပ်ပစ္စည်းများ ပြပွဲကို ကျင်းပသွားမည်ဖြစ်သည်။

ပြပွဲရက်များအတွင်း အထူးအစီအစဉ်အနေဖြင့် ရန်ကုန်တိုင်းရင်းဆေးရုံကြီး၏ တိုင်းရင်းဆေးကုသမှု အစီအစဉ်များ၊ မိုးကြိုးသွားဖြင့် တိုင်းရင်းဆေးကုသမှု၊ တိုင်းရင်းဆေးဆရာကြီး ခေါဘာသိန်း၏ တိုင်းရင်းဆေးကုသမှုများကို အခမဲ့ ဆောင်ရွက်ပေးသွားမည်ဖြစ်သည့်အပြင် အရိုးပါးခြင်း၊ အရိုးပွခြင်း၊ ဆီးချိုနှင့် သွေးချို အခမဲ့ စစ်ဆေးပေးခြင်းတို့ကိုလည်း ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

မဲခေါင်ဒေသတွင်းနိုင်ငံများ၏ တိုင်းရင်းဆေးနှင့် ဆက်စပ်ပစ္စည်းများ ပြပွဲကို မဲခေါင်ဒေသတွင်း နိုင်ငံများမှ တိုင်းရင်းဆေးနှင့် ဆက်စပ်ပစ္စည်းများအား လေ့လာ သိရှိနိုင်စေရန်၊ ပြည်သူများ တိုင်းရင်းဆေးဝါးများကို ဘေးဥပဒ်ကင်းစွာ သောက်သုံးနိုင်ရေးအတွက် တိုင်းရင်းဆေးပညာဦးစီးဌာနမှ စစ်ဆေး ဆောင်ရွက်နေမှုများကို လေ့လာ သိရှိနိုင်စေရန်၊ ပြည်သူများ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ ဗဟုသုတများကို လေ့လာ သိရှိနိုင်စေရန်နှင့် ပြည်တွင်းထုတ် တိုင်းရင်းဆေးဝါးများနှင့် ကျန်းမာရေး ဖြည့်စွက်စာများကို တစ်နေရာတည်းတွင် စုံလင်စွာ ဝယ်ယူရရှိနိုင်စေရန် ရည်ရွယ်၍ လက်ခံ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ရှင်မင်း

ထင်သာမြင်သာ ပြုပြင်စရာ

## အမှိုက်ပုံများ မီးရှို့သည့် အနံ့အသက်ဆိုးများကြောင့် တောရကျောင်း အခက်ကြုံ



ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့ မျက်နှာပြင်ကျေးရွာသွားလမ်း သုသာန်အရှေ့ဘက်ရှိ အမှိုက်ပုံကြီး နေ့စဉ် မီးရှို့နေသဖြင့် လမ်းတောင်ဘက်ကပ်လျက်ရှိသော ရွှေဂူပုဂံတောင်တောရကျောင်း၌ သီတင်းသုံးလျက်ရှိကြသည့် သံဃာတော်များ၊ တရားအားထုတ်လျက်ရှိသော ယောဂီ သူတော်စင်များအတွက် အနံ့အသက်ဆိုးများ ရှူရှိုက်နေရကြောင်း သိရသည်။

"မြို့တွင်းက ထွက်သမျှ အမှိုက်သရိုက်ကို ဒီနေရာမှာပဲ လာပုံကြတယ်၊ မျက်နှာပြင်ရွာသွားလမ်းဆို မိုးရာသီတုန်းက အမှိုက်တွေနဲ့ ပိတ်နေလို့ ဘုန်းကြီးတို့ ကျောင်းဝင်းထဲကနေ သွားလာကြရတာ၊ အနံ့အသက်တွေက ဆိုးရွားလွန်းတယ်၊ ဒီမှာ ကျန်းမာရေး မကောင်းတဲ့ ဆရာတော်ကြီးတွေလည်း ရှိတယ်၊ ရပ်ဝေး၊ ရပ်နီးက လာရောက် တရားအားထုတ်ကြသူတွေလည်း ရှိကြတော့ သက်ဆိုင်ရာ တာဝန်ရှိသူတွေ အနေနဲ့ အကောင်းဆုံး စီစဉ်ပေးစေချင်တာပါ"ဟု ဆရာတော်ကြီးက မိန့်ကြားသည်။

စွန့်ပစ် အမှိုက်ပုံများ အတွင်းမှ စွန့်ပစ်ပစ္စည်း လာရောက်ရှာဖွေသူများက အမှိုက်ပုံများကို ရှာဖွေမှုများကြောင့် အမှိုက်များ လမ်းပေါ်အထိ ရောက်ကာ နွေရာသီရောက်လျှင် အနီးရှိ ကြံစိုက်ခင်း အပြင် ကျောင်းတိုက်အတွင်းရှိ သာသနိက အဆောက်အအုံများအတွက် မီးဘေးအန္တရာယ် စိုးရိမ်မှုများလည်း ရှိနေသည်။

ကိုလွင် (ဆွာ)

## ဖမ်းဆီးနည်း (ဆင့်ပွား) သင်တန်းဆင်း

**မော်လမြိုင် နိုဝင်ဘာ ၁၁**

မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးက ကြီးမှူးဖွင့်လှစ်သော ဖမ်းဆီးနည်း (ဆင့်ပွား) သင်တန်း အမှတ်စဉ် (၁/၂၀၁၇) သင်တန်းဆင်းပွဲကို နိုဝင်ဘာ ၁၀ ရက်က ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး ရာမညဇာနည်ခန်းမ၌ ကျင်းပရာ ပြည်နယ်ရဲတပ်ဖွဲ့မှူးကိုယ်စား ပြည်နယ် ဒုတိယရဲတပ်ဖွဲ့မှူး ရဲမှူးကြီး သောင်းဝင်းက သင်တန်းဆင်း အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ မော်လမြိုင်မြို့ပေါ်ရှိ နယ်မြေရဲစခန်းမှူးများ၊ သင်တန်းနည်းပြဆရာများ၊ မွန်ပြည်နယ် ၁၀ မြို့နယ်မှ အခြားအဆင့် တပ်ဖွဲ့ဝင်သင်တန်းသား ၃၀ တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ နှစ်ပတ်ကြာ သင်တန်းပို့ချခဲ့ကြောင်း သိရသည်။

ကျော်သန်း (မော်လမြိုင်)

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၁၁-၁၁-၂၀၁၇

ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၈၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၂၇၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၈၇၀၀ |

စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)

| | |
|---|---|
| ဒီဇယ် | ၆၅၅/၆၇၀ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၆၆၀/၆၈၅ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၀၅/၇၂၀ ကျပ် (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၆၇၅/၆၉၀ ကျပ် (လက်လီဈေး) |

နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၅၉ · ၀ |
| ဥရောပ | တစ်ယူရို | ၁၆၂၀ · ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၀၅ · ၀ |
| ထိုင်းဘတ် | တစ်ဘတ် | ၄၀ · ၉ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ · ၁ |
| တရုတ် | တစ်ယွမ် | ၂၀၇ · ၈၄ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၉ · ၉ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| စာတည်းမှူး | - ဝင်းရွှေ |
| စာတည်းမှူး | - မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |


မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၁၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။



**သတ္တမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ ပန္နရသမ အစည်းအဝေး ဒုတိယနေ့ ကျင်းပစဉ်။** သတင်းစဉ်

❀ *ရှေ့ဖုံးမှ*

ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးထွန်းအုံ၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦးနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ဆရာတော်က ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူးအဖြစ် တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တ ဂုဏိကာဘိဝံသက ဆောင်ရွက်တော်မူသည်။

သတ္တမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (ဒုတိယအဖွဲ့ခွဲ)၏ တာဝန်ကျရာ ကာလအတွင်း ဆောင်ရွက်ချက်များအနက် ဝိနိစ္ဆယရေးရာ၊ သာသနာ့ရေးရာ၊ ပညာရေးရာ ဆောင်ရွက်ချက်များအပေါ် အဖွဲ့ဝင် ဆရာတော်ကြီးများက ဝေဖန်ဆွေးနွေးတော်မူကြပြီး ဆုံးဖြတ်တော်မူကြသည်။

ထို့နောက် သတ္တမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့(ဒုတိယအဖွဲ့ခွဲ)၏ ဆဋ္ဌအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာ၊ ဝေဖန်ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ အဖွဲ့ဝင် ဆရာတော်ကြီးများက ပြန်လည်ရှင်းလင်း လျှောက်ထားတော်မူကြသည်။

ယင်းနောက် ဆဋ္ဌအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာကို တွဲဖက်အကျိုးတော်ဆောင်ဆရာတော်က အတည်ပြုချက်ရယူပြီး သတ္တမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ ပန္နရသမ အစည်းအဝေးကို မွန်းလွဲပိုင်းတွင် အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည်။

ယနေ့အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများအား အရဏ်ဆွမ်း အလှူရှင်အဖြစ် ဦးရန်မျိုးအောင်-ဇနီး ဒေါ်မေဖြူစင် မိသားစုကလည်းကောင်း၊ နေ့ဆွမ်းအလှူရှင်အဖြစ် ကျိုက္ကစံ ဝေဠုဝန် (ရွှေကျင်) ကျောင်းတိုက် ဆရာတော် သဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တမာနိတနှင့် တပည့် ဒါယကာ၊ ဒါယိကာမများက (၂၂)ကြိမ်မြောက်အဖြစ်လည်းကောင်း ဆက်ကပ်လှူဒါန်းခဲ့ကြသည်။ **သတင်းစဉ်**



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဖိလစ်ပိုင် လက်မှုအနုပညာပစ္စည်းများ ထုတ်လုပ်နေမှုကို ကြည့်ရှုလေ့လာစဉ်။** သတင်းစဉ်

❍ *ရှေ့ဖုံးမှ*

ကိုယ်စားလှယ် သံအမတ်ကြီး ဦးမင်းလွင်၊ မြန်မာသံရုံးမှ တာဝန်ရှိသူများက ကလပ်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့သည် ခေတ္တတည်းခိုမည့် ကလပ်မြို့ရှိ အစိုးရဧည့်ဂေဟာသို့ ရောက်ရှိကြသည်။

**လက်မှုအနုပညာပစ္စည်းများ ထုတ်လုပ်မှု**

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် Nayong Philipino Park (ဖိလစ်ပိုင်လူမျိုးတို့၏ သမိုင်းနှင့် ရိုးရာယဉ်ကျေးမှုဆိုင်ရာ တိုင်းရင်းသားကျေးရွာ)သို့ သွားရောက်ပြီး တိုင်းရင်းသားများ၏ ရိုးရာရက်ကန်းရက်လုပ်မှု၊ တိုင်းရင်းသားရိုးရာအကများ၊ လက်မှုအနုပညာပစ္စည်းများ ထုတ်လုပ်မှုနှင့် ရိုးရာယဉ်ကျေးမှုအကပဒေသာများဖြင့် ဖျော်ဖြေမှုများကို လိုက်လံကြည့်ရှုသည်။

Nayong Philipino ဖောင်ဒေးရှင်းကို ဖိလစ်ပိုင်ယဉ်ကျေးမှုအမွေအနှစ် စုံလင်ကြွယ်ဝလှပမှုတို့ကို ပြသနိုင်ရန် ၂၀၀၇ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်က ဖွင့်လှစ်ခဲ့ပြီး ပမ်ပန်ဂါဒေသ၊ Clark Freeport Zone အတွင်း၌ တည်ဆောက်ထားကာ ၅ ဒသမ ၉ ဟက်တာ ကျယ်ဝန်းသည်။

**ယဉ်ကျေးမှုဓလေ့ကို ပြသထား**

ဖိလစ်ပိုင် ယဉ်ကျေးမှုဓလေ့ ကွဲပြားမှုများကို ပုံစံငယ်များဖြင့် တိုင်းရင်းသားကျေးရွာကဲ့သို့ တစ်နေရာတည်းတွင် မြင်သာအောင် ပြသထားခြင်းဖြစ်ပြီး ကော်ဒီးလျားစင်ထရယ်၊ အီလိုကို့စ်၊ ဘီကို၊ ဗီဆာရက်စ် စသည့်ဒေသများ၏ ပုံစံငယ်များ၊ ဖိလစ်ပိုင် ဗိသုကာပညာ လက်ရာများ၊ စံပြရွာငယ်လေးများ၊ တိုင်းရင်းသားလူမျိုး ၁၇၅ မျိုးခန့်ရှိသည့်အနက် တိုင်းရင်းသားအချို့၏ နေအိမ်များကို ပုံစံငယ်များဖြင့် ပြုလုပ်ကာ ကြွယ်ဝစုံလင်လှသော သမိုင်းနှင့် တိုင်းရင်းသားလူမျိုးစုများ၏ ယဉ်ကျေးမှုဓလေ့ကို ပြသထားသည်။

**သက်ရှိပြတိုက်**

ထို့ပြင် ကျေးလက်ရိုးရာအနုပညာ လက်မှုပညာ၊ ဂီတ၊ အက၊ ဒေသပွဲတော်များကို သက်ရှိပြတိုက်အနေဖြင့် ရှုစားနိုင်ရန် စီစဉ်ဆောင်ရွက်ထားသည်။

**ညစာစားပွဲ တက်ရောက်**

ညပိုင်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတဟောင်း မစ္စဂလိုရီယာ မာကာ ပါကယ် အာရိုယို က ကလပ်မြို့ရှိ Midori Hotel Fiesta Hall ၌ တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်သည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရိုဒရီဂို ဒူတာတေး၏ ဖိတ်ကြားချက်အရ မနီလာမြို့၌ နိုဝင်ဘာ ၁၂ ရက်မှ ၁၄ ရက်အထိ ကျင်းပမည့် (၃၁)ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်မည်ဖြစ်သည်။

**သတင်းစဉ်**

# အရှေ့တောင်အာရှ ဓာတ်ရောင်ခြည် ပညာရှင်များ အစည်းအဝေး ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၁**

စတုတ္ထအကြိမ်မြောက် ဓာတ်ရောင်ခြည်ပညာရှင်များနှင့် ဓာတ်ရောင်ခြည်ဆိုင်ရာ နည်းပညာရှင်များ အစည်းအဝေးဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ချက်ထရီယံဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားသို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ အာဆီယံနိုင်ငံများရှိ ဓာတ်ရောင်ခြည်အသင်းများမှ ဥက္ကဋ္ဌများနှင့် ပညာရှင်များ၊ တရုတ်နှင့် ဂျပန်နိုင်ငံတို့မှ ဓာတ်ရောင်ခြည်ပညာရှင်များ တက်ရောက်ကြသည်။

“ဒီအစည်းအဝေးကနေ မြန်မာကျန်းမာရေးပြုစုစောင့်ရှောက်သူများအနေနဲ့ အကောင်းဆုံးနည်းပညာတွေကို သိရှိနိုင်မှာဖြစ်သလို နည်းပညာဟာ ကျန်းမာရေးဝန်ကြီးဌာနရဲ့ အဓိက မဟာဗျူဟာတွေထဲက တစ်ခုလည်းဖြစ်ပါတယ်၊ ဒီအစည်းအဝေးကနေ ဓာတ်ရောင်ခြည်ပညာရှင်တွေနဲ့ ဓာတ်ရောင်ခြည်ဆိုင်ရာ နည်းပညာရှင်တွေအတွက် အတွေ့အကြုံတွေ၊ ဗဟုသုတတွေ အပြန်အလှန်ဖလှယ်နိုင်မှာဖြစ်လို့ ကျန်းမာရေးစောင့်ရှောက်မှုအတွက် အကျိုးကျေးဇူးများစွာရရှိလိမ့်မယ်လို့ ယုံကြည်ပါတယ်”ဟု ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပြောကြားသည်။

အဆိုပါ အစည်းအဝေးသည် တတိယအကြိမ် ဗီယက်နမ်၊ မြန်မာ၊ ဖိလစ်ပိုင် ဓာတ်ရောင်ခြည်အစည်းအဝေးနှင့် ဆဋ္ဌမအကြိမ် မြန်မာဆေးဘက်ဆိုင်ရာ ဓာတ်ရောင်ခြည်နည်းပညာရှင်များအသင်းအစည်းအဝေးကို ဆက်စပ်ကျင်းပခြင်းဖြစ်ပြီး နိုဝင်ဘာ ၁၀ ရက်မှ ၁၂ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း၊ အစည်းအဝေးများတွင် ဓာတ်မှန်နှင့် ဓာတ်ရောင်ခြည်ဆိုင်ရာ နည်းပညာများ၊ အတွေ့အကြုံများ၊ စာတမ်းများအပေါ် အပြန်အလှန်ဆွေးနွေးဖလှယ်ကြမည်ဖြစ်ကြောင်း သိရသည်။

“နည်းပညာတွေ တိုးတက်လာတာနဲ့အမျှ ကျွန်တော်တို့ကလေးတွေကို တကယ့်ပရော်ဖက်ရှင်နယ်အဆင့် တက်လှမ်းနိုင်ဖို့ ကြိုးစားဆောင်ရွက်နေပါတယ်၊ နောက်ပိုင်းမှာ လိုင်စင်ရှိမှ ဘယ်နိုင်ငံမဆို သွားရောက်လုပ်ကိုင်နိုင်အောင်လည်း ကြိုးစားသွားမှာဖြစ်ပါတယ် ”ဟု မြန်မာနိုင်ငံ ဆေးဘက်ဆိုင်ရာ ဓာတ်ရောင်ခြည်အသင်း ဒုတိယ ဥက္ကဋ္ဌ ဦးအုန်းသန်းက ပြောသည်။

**မြင့်မောင်စိုး**

# ဝိသာခါပုဏ္ဏမိဂုဏ်ဝေ လေးထပ်ကျောင်းဆောင် ပန္နက်ချမင်္ဂလာ အခမ်းအနားသို့ နိုင်ငံတော်သမ္မတ၏ ဇနီး ဒေါ်စုစုလွင် တက်ရောက်

**နေပြည်တော်  နိုဝင်ဘာ  ၁၁**

ဝိသာခါပုဏ္ဏမိဂုဏ်ဝေ လေးထပ်ကျောင်းဆောင် ပန္နက်ချမင်္ဂလာ အခမ်းအနားကို လယ်ဝေးမြို့နယ်ရှိ ပုဏ္ဏမိဂုဏ်ဝေ သီလရှင်စာသင်တိုက်၌ ယနေ့နံနက်ပိုင်းက ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးထင်ကျော်၏ ဇနီး ဒေါ်စုစုလွင် တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးထင်ကျော်၏ဇနီး ဒေါ်စုစုလွင်က လေးထပ်ကျောင်းဆောင် ဆောက်လုပ်မည့် မြေနေရာအား ဗဟိုပန္နက်တော်တင်၊ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ ဝိသာခါဖောင်ဒေးရှင်း ဦးဆောင်နာယက ပါမောက္ခ ဒေါက်တာဝင်းမင်းသစ်၊ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါက်တာ စုလှဟန်၊ ဒုတိယဥက္ကဋ္ဌ ဒေါ်ရွှေဇင်တို့ကလည်း သတ်မှတ်နေရာများ၌ ရတနာပန္နက်တော်တင်ပေးခဲ့သည်။

ထို့နောက် ဝိသာခါဖောင်ဒေးရှင်း ဦးဆောင်နာယက က ဝိသာခါပုဏ္ဏမိဂုဏ်ဝေ လေးထပ်ကျောင်းဆောင် လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ဖောင်ဒေးရှင်းဥက္ကဋ္ဌက ဖောင်ဒေးရှင်း၏ လှုပ်ရှားမှုများနှင့် စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပုဏ္ဏမိဂုဏ်ဝေ လေးထပ်ကျောင်းဆောင် လှူဒါန်းမှုအပေါ် နိုင်ငံတော်သမ္မတ၏ ဇနီး ဒေါ်စုစုလွင်က ဂုဏ်ပြုစကား ပြန်လည်ပြောကြားသည်။

ထို့အတူ သီလရှင်စာသင်တိုက် ပဓာန နာယက သီလရှင်ဆရာကြီး ဇေယျာသိင်္ဂီကလည်း လှူဒါန်းမှုအပေါ် ကျေးဇူးတင်စကား ပြောကြားသည်။

၂၀၁၇ ခုနှစ် ဇွန် ၁၈ ရက်က ဝိသာခါဖောင်ဒေးရှင်းက ဦးဆောင်လှူဒါန်းသည့် ဝိသာခါပုဏ္ဏမိဂုဏ်ဝေ သီလရှင် စာသင်ကျောင်းဆောင်သစ်နှင့် စာကြည့်တိုက်ကို ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

မိဘမဲ့ကလေးများကို စောင့်ရှောက်မှုပေးနေသည့် လယ်ဝေးမြို့နယ်ရှိ ပုဏ္ဏမိဂုဏ်ဝေ သီလရှင်စာသင်တိုက်တွင် ဝိသာခါဖောင်ဒေးရှင်းအသင်းက ဆောက်လုပ်လှူဒါန်းသည့် ဝိသာခါပုဏ္ဏမိဂုဏ်ဝေ လေးထပ်ကျောင်းဆောင် ပန္နက်ချမင်္ဂလာ အခမ်းအနားတွင် လှူဒါန်းမှုနှင့် စပ်လျဉ်း၍ တာဝန်ရှိသူများအား မေးမြန်းခဲ့သည်-



နိုင်ငံတော်သမ္မတ ဦးထင်ကျော်၏ဇနီး ဒေါ်စုစုလွင် လေးထပ်ကျောင်းဆောင် ပန္နက်ချမင်္ဂလာ အခမ်းအနားတွင် ဂုဏ်ပြုစကား ပြောကြားစဉ်။ သတင်းစဉ်

**သီလရှင်စာသင်တိုက် ပဓာန နာယက သီလရှင်ဆရာကြီး ဇေယျာသိင်္ဂီ**

ဆရာလေးတို့ကျောင်းမှာ သီလရှင်အပါအဝင် ကလေး ၂၀၀ ကျော်ရှိပါတယ်၊ ပညာသင်ကြားပေးတဲ့အနေနဲ့ KG ကနေ ရှစ်တန်းအထိ ကျောင်းဝိုင်းထဲမှာပဲ သင်ကြားပေးပါတယ်၊ ဆရာမ ကိုးဦးကို ငှားထားပါတယ်၊ ၉ တန်းနဲ့ ၁၀ တန်းကတော့ အပို့အကြိုလုပ်ပေးပြီးတော့ အထက်တန်းကျောင်းမှာ ထားပေးတယ်၊ အခုလေးထပ်ကျောင်းဆောင်ပြီးသွားရင် စာသင်သား ၅၀၀ လောက် လက်ခံမယ်လို့ မှန်းထားပါတယ်၊ သင်ကြားတဲ့နေရာမှာ လောကီစာပေရော လောကုတ္တရာ စာပေပါ သင်ကြားပေးပါတယ်၊ နှစ်တိုင်းလည်း စက်ချုပ်သင်တန်းနဲ့ ကွန်ပျူတာသင်တန်းတွေ သင်ပေးပါတယ်၊ သူတို့ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုအောင် သင်ကြားပေးတာပါ။



နိုင်ငံတော်သမ္မတ ဦးထင်ကျော်၏ ဇနီး ဒေါ်စုစုလွင် လေးထပ် ကျောင်းဆောင် ဆောက်လုပ်မည့် မြေနေရာအား ဗဟိုပန္နက်တော် တင်စဉ်။ သတင်းစဉ်

သီလရှင်စာသင်တိုက်ကို မြန်မာသက္ကရာဇ် ၁၃၆၉ ခုနှစ်မှာ စတင် တာဝန်ယူအုပ်ချုပ်ခဲ့ပါတယ်၊ အကြောင်းအမျိုးမျိုးကြောင့် ပညာမသင်ကြားနိုင်တဲ့ အနယ်နယ်အရပ်ရပ်က ကလေးတွေကို အသိပညာနဲ့ ဉာဏ်ပညာထွန်းပါစေ၊ နိုင်ငံတော်အတွက် သားကောင်းရတနာ၊ သမီးကောင်းရတနာတွေ ထွန်းကားပေါ်ပေါက်ပါစေဆိုတဲ့ ရည်ရွယ်ချက်နဲ့ ပြုစုစောင့်ရှောက်ပေးနေပါတယ်။

**ဝိသာခါဖောင်ဒေးရှင်း ဦးဆောင်နာယက ပါမောက္ခ ဒေါက်တာဝင်းမင်းသစ်**

ဖောင်ဒေးရှင်းစပြီးတည်ထောင်စဉ်ကတည်းက မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ လူမျိုး၊ ဘာသာနဲ့ အထူးသဖြင့် မိဘမဲ့လူငယ်တွေနဲ့ ကလေးတွေအတွက် ကျန်းမာရေး၊ ပညာရေး၊ စားဝတ်နေရေး၊ လူမှုရေး အသက်မွေးဝမ်းကျောင်းပညာတွေကို သင်ကြားနိုင်ဖို့အတွက် ရည်ရွယ်ပြီး လုပ်ဆောင်ခဲ့ပါတယ်။ ဒီကျောင်းမှာ မိဘမဲ့ သီလရှင်ကလေး ၂၀၀ ကျော်ကို လောကီ၊ လောကုတ္တရာ စာပေတွေကို သင်ကြားပေးနေတာဖြစ်တဲ့အတွက် ဖောင်ဒေးရှင်းကနေ ကျောင်းဆောက်လုပ်လှူဒါန်းတာ ဖြစ်ပါတယ်။ ဆက်လက်ပြီးတော့လည်း လှူဒါန်းသွားမှာဖြစ်ပါတယ်။

နိုင်ငံအတွင်းမှာရှိတဲ့ မတူညီတဲ့ လူမျိုး၊ ဘာသာနဲ့ ဒေသအမျိုးမျိုးက မိဘမဲ့ ဆင်းရဲနွမ်းပါးတဲ့ နိုင်ငံသား လူငယ်တွေနဲ့ ကလေးသူငယ်တွေရဲ့ ဘဝတိုးတက်မြင့်မားဖို့အတွက် အခြေခံပညာရေးနဲ့ အသက်မွေးဝမ်းကျောင်း ပညာရပ်တစ်ခုခုကို ကျွမ်းကျင်စွာ လုပ်ကိုင်နိုင်ပြီး ဘဝရပ်တည်နေထိုင်နိုင်ရေးနဲ့ ဆင်းရဲနွမ်းပါးမှု လျော့နည်းလာစေပြီး ပျော်ရွှင်ချမ်းမြေ့တဲ့ ဘဝကို ရရှိနိုင်ဖို့ တတ်နိုင်သမျှ လှူဒါန်းသွားမှာဖြစ်ပါတယ်။

**သတင်းစဉ်**

## ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေးထိုးနှံပေး

**တာချီလိတ်  နိုဝင်ဘာ  ၁၁**

ရှမ်းပြည်နယ် အရှေ့ပိုင်း တာချီလိတ်မြို့နယ်အဆင့် ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းလုပ်ငန်းဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို နိုဝင်ဘာ ၁၁ ရက်က မကာဟိုခမ်းရပ်ကွက်ရှိ ဆေးရုံဟောင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။ ခရိုင်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေနှင့် ဒုတိယမြို့နယ်ပညာရေးမှူး ဦးညွန့်ဝင်းက ကျောင်းအခြေပြု ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေးထိုးနှံမှုအား ဆောင်ရွက်မည့်လုပ်ငန်းများကို ပြောကြားသည်။

ထို့နောက် ခရိုင်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာရွှေဝင်းက ဂျပန်ဦးနှောက်ရောင်ရောဂါလက္ခဏာများ၊ ရောဂါကူးစက်ပုံနှင့် ခံစားရသည့်ရောဂါများ၊ တစ်နိုင်ငံလုံးဆိုင်ရာ ကာကွယ်ဆေးအစုလိုက် ထိုးနှံမည့် အစီအစဉ်များကို ပြောကြားခဲ့ပြီး တက်ရောက်လာသူများက ပြန်လည်မေးမြန်းမှုများကို ဖြေကြားပေးခဲ့သည်။

မြို့နယ်အတွင်း အသက် ၁၅ နှစ်အောက် ကာကွယ်ဆေးထိုးနှံရမည့် ကလေးစုစုပေါင်း ၄၂၂၀၀ ရှိကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

## ကမ္ဘောဇဘဏ်လီမိတက်၏ ဘဏ်ခွဲ ၅၀၀ ပြည့် စတင်ဖွင့်လှစ်

**ရန်ကုန် နိုဝင်ဘာ  ၁၁**

မြန်မာနိုင်ငံ၏ စီးပွားရေး၊ ဘဏ္ဍာရေးနှင့် ဘဏ်လုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုလျက်ရှိသည့် ကမ္ဘောဇဘဏ်၏ ၅၀၀ ပြည့် ဘဏ်ခွဲဖြစ်သော ရွှေတိဂုံဘုရားလမ်း ဘဏ်ခွဲကို နိုဝင်ဘာ ၁၀ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ် အနော်ရထာလမ်းနှင့် ရွှေတိဂုံဘုရားလမ်းထောင့်၌ စတင် ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

**သဲနိုင်ဦး (မြန်မာစာ)**




## စကားပုံဆက်ပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူများ တက်ကြွစွာ ပါဝင်ယှဉ်ပြိုင်

**ထားဝယ်  နိုဝင်ဘာ  ၁၁**

ကျောင်းသားလူငယ်များ အသိပညာကြွယ်ဝပြီး အောင်မြင်ထက်မြက်သည့် မျိုးဆက်သစ်များပေါ်ထွက်လာရန်နှင့် ကလေးငယ်များ ဉာဏ်ရည်ဉာဏ်သွေးမြင့်မားစေရန်အတွက် စကားပုံဆက်ပြိုင်ပွဲကို နိုဝင်ဘာ ၁၀ ရက်က ထားဝယ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ကျင်းပသည်။ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက စကားပုံဆက်ပြိုင်ပွဲကို စိတ်ပါဝင်စားစွာဝင် ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး တာဝန်ရှိသူများက ကျောင်းသုံးဗလာစာအုပ်များနှင့် အာဟာရဖြည့်မုန့်များ ပေးအပ်ခဲ့ကြသည်။ ကလေးသူငယ်များအတွက် ယခုလိုပြိုင်ပွဲများအား ဆက်တိုက်လုပ်ဆောင်သွားရန် ရှိကြောင်း တိုင်းဒေသကြီး ပြန်/ဆက် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မာလာဝင်းက ပြောသည်။ ထို့နောက် ရုံးအတွင်းရှိ နိုင်ငံအကြီးအကဲများ၏ တိုင်းကျိုးပြည်ပြု ဆောင်ရွက်မှု မှတ်တမ်းများနှင့် ပြတိုက်ငယ်တို့အား ကလေးများကို လိုက်လံပြသခဲ့ပြီး ကလေးစာဖတ်ခန်း၌လည်း ကလေးငယ်များ အကျိုးရှိစေမည့် စာအုပ်များ ဖတ်ရှုစေခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

✲ ကျောဖုံးမှ

ယင်းနောက် မြန်မာနိုင်ငံ ဧဝံဂေလိခရစ်ယာန် အသင်းတော်များ မဟာမိတ်အဖွဲ့ချုပ် အထွေထွေ အတွင်းရေးမှူး သိက္ခာတော်ရ ဆရာ ဒေါက်တာ မောရစ်လျန်းနာက ရခိုင်ပြည်နယ်အတွင်း ဘေးဒုက္ခ ခံစားနေရသောသူများအတွက် ဆုတောင်းမေတ္တာပို့သပြီး မြန်မာနိုင်ငံ နှစ်ခြင်း ခရစ်ယာန် အသင်းချုပ် ဥက္ကဋ္ဌ သိက္ခာတော်ရ ဆရာ ဒေါက်တာ အယ်လ်ဇော်လတ်က ဆုမွန်ကောင်း တောင်းပေးသည်။

**တက်ရောက်**

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ မြန်မာနိုင်ငံရှိ ခရစ်ယာန် အသင်းတော်များနှင့် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်တော်များ တက်ရောက်ကြသည်။

**စုပေါင်းလှူဒါန်း**

ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်များကောင်စီ၊ မြန်မာနိုင်ငံ ကက်သလစ်ဆရာတော်ကြီးများ အဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ဧဝံဂေလိ ခရစ်ယာန်အသင်းတော်များ မဟာမိတ်အဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ခရစ်တော် သာသနာပြန့်ပွားမှု ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ ချုပ်နှင့် မြန်မာနိုင်ငံ ဂိုဏ်းပေါင်းစုံ ဆုတောင်း ရေးရာကော်မတီတို့အပါအဝင် မြန်မာနိုင်ငံရှိ ခရစ်ယာန် အသင်းတော်များနှင့် အဖွဲ့အစည်းများ က ယနေ့ စုပေါင်းလှူဒါန်းမှုမှာ ငွေကျပ် ၅၁၁၅၇၀၀၀ ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း အလှူငွေပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်လာသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။**

သတင်းစဉ်

✲ ကျောဖုံးမှ

စနေ-တနင်္ဂနွေ ရန်ကုန်စာအုပ်လမ်းကို ပူးပေါင်းကျင်းပခြင်းဖြစ်သည်။

အဆိုပါ စနေ-တနင်္ဂနွေ ရန်ကုန်စာအုပ်လမ်း ဖွင့်ပွဲအပြီးတွင် စာအုပ်ဆိုင်များကို လှည့်လည် ကြည့်ရှုအားပေးနေသော ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဦးမောင်မောင်စိုးက "ဒီစာအုပ်လမ်းက လူထုနဲ့ တစ်လျှောက်လုံးမှာ ပွဲတွေပိုပြီးလုပ်ဖို့ စီစဉ်ထားပါတယ်၊ အနုပညာရှင်တွေ၊ စာပေပညာရှင်တွေပါ ပါဝင်ကူညီအားဖြည့်သွားမှာ ဖြစ်ပါတယ်၊ ဒီနေ့ ညနေမှာ စာတမ်းဖတ်ပွဲရှိပါတယ်၊ မနက်ဖြန် မနက်မှာ စာကြည့်တိုက်ကွန်ရက်က ကျင်းပမယ့် ရေးသူ၊ ဖတ်သူ ဆွေးနွေးပွဲရှိပါတယ်၊ မနက်ဖြန် ညနေမှာ စာရေးဆရာမ ဒေါ်သန်းမြင့်အောင်ရဲ့ ဟောပြောပွဲရှိပါတယ်၊ ဖွင့်ပွဲရက်မှာလည်း စာအုပ် အနည်းဆုံး ၁၀ ရာခိုင်နှုန်းတော့ လျှော့ရောင်းကြတယ်၊ တချို့ဆိုင်တွေဆိုရင် ၂၀ ရာခိုင်နှုန်း၊ ၃၀ ရာခိုင်နှုန်း လျှော့ရောင်းတာ တွေ့ရှိတယ်၊ ဒီနှစ် စာအုပ်လမ်းက မနှစ်ကနဲ့ မတူတဲ့ ဝန်ဆောင်မှုက ပဟေဠိလေးတွေလုပ်ပြီး ရှားပါးစာအုပ်ကောင်းတွေကို ဆုချီးမြှင့်တဲ့ ဝန်ဆောင်မှုမျိုးတွေ ပါဝင်တယ်၊ ဒီနေ့ခေတ်က ဖုန်းခေတ်ဖြစ်နေတာကြောင့် စာဖတ်အား နည်းနေကြတယ်၊ ဒါကို ပြန်ကြားရေး

**အခမဲ့စာအုပ်အလှူ**

စာအုပ်လမ်းတွင် သုတ၊ ရသစာပေများကို အသစ်၊ အဟောင်းစုံလင်စွာဖြင့် စာအုပ်ပေါင်းများစွာကို တစ်နေရာတည်းတွင် တစ်စုတစ်စည်း ရောင်းချနေသည့်အတွက် မိမိတို့ လိုချင်သည့် စာအုပ်များကို လွယ်လင့်တကူ ရှာဖွေဝယ်ယူနိုင်ခြင်း၊ စနေ၊ တနင်္ဂနွေ ပိတ်ရက်ဖြစ်သဖြင့် အေးအေးဆေးဆေး ရွေးချယ်နိုင်ခြင်း၊ တစ်အုပ် ငွေကျပ်



ဦးမောင်မောင်စိုး
ရန်ကုန်မြို့တော်ဝန်



ဦးနေမျိုးညွန့်



ဦးနီ



ဦးထွန်းထွန်းသန်း



ဒေါ်မာမာဦး



မမျိုးသီရိကျော်

ရသပေါင်းစုံပေးနိုင်တယ်လို့ ထင်ပါတယ်၊ ဈေးနှုန်းကလည်း အမျိုးစုံရှိတယ်၊ မည်သူမဆို ဝယ်ယူဖတ်ရှုနိုင်တဲ့ အတိုင်းအတာလည်းရှိပါတယ်"ဟု ပြောကြားသည်။

စာအုပ်စာပေများကို ဖတ်ရှုခြင်းမှ တစ်ဆင့် အသိပညာ၊ ဗဟုသုတများ ကြွယ်ဝခြင်း၊ ကျယ်ပြန့်သော အတွေးအမြင်များရရှိစေခြင်း၊ လူ့ဘောင်အဖွဲ့အစည်းအတွင်း မိမိအကျိုး၊ မိမိ မိသားစု ထိစပ်အောင် လုပ်ပေးထားတဲ့ ရည်ရွယ်ချက်တစ်ခု ဖြစ်တယ်၊ နည်းပညာခေတ်မှာ အင်တာနက်ကနေ ဒေါင်းလုပ်ဆွဲပြီး စာအုပ်ပေါင်းစုံ ဖတ်လို့ရတယ် ဆိုပေမယ့် အရသာချင်းက မတူဘူး၊ ဒီမှာက ကိုယ်ကြိုက်တဲ့ စာအုပ်ကို ရွေးပြီး ဖတ်ရတာက ပိုပြီး အရသာရှိတယ်၊ ကြိုက်တဲ့ စာအုပ်ကို မြည်းစမ်းပြီး ဖတ်ခွင့်ရှိတယ်၊ အများဆုံးက စာပေနဲ့ ထိတွေ့နိုင်တယ်၊ စာများများ ဖတ်စေချင်တယ်၊ လူတိုင်း လူတန်းစားမရွေးလာပြီး ဖတ်ရှုနိုင်အောင် လုပ်ပေးထားပါတယ်၊ စာဖတ်ပရိသတ်ကို တစ်နေရာတည်းမှာ စုစည်းပြီး ဆောင်ရွက်ပေးထားတာကြောင့် လာရောက်ကြဖို့ဖိတ်ခေါ်ပါတယ်"ဟု ပြောကြားသည်။

**ဝန်ဆောင်မှုပေးနိုင်**

ပြီးခဲ့သည့်နှစ် ပထမအကြိမ်ဖွင့်လှစ်ခဲ့စဉ်က လိုအပ်ချက်အချို့ရှိခဲ့သော်လည်း ယခုနှစ်တွင် ပိုမိုကောင်းမွန်သည့် ဝန်ဆောင်မှုများ ပေးနိုင်ရန် စီစဉ်ထားကြောင်းကို ရန်ကုန်စာအုပ်လမ်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးနေမျိုးညွန့်က ပြောသည်။

"မနှစ်က ပထမဦးဆုံးနှစ်ဆိုတော့ လိုအပ်ချက် တချို့ ရှိခဲ့ပါတယ်၊ အခုနှစ်က အချိန်နည်းနည်းပိုရတယ်၊ စနေ၊ တနင်္ဂနွေ နှစ်ရက်တွေကို အထူးဈေးနှုန်းနဲ့ ရောင်းချသွားမှာဖြစ်ပါတယ်၊ နောက်ပိုင်းရက်တွေမှာလည်း စာအုပ်ဆိုင်တွေက သူ့လှုပ်ရှားမှုတွေနဲ့သူ ဈေးလျှော့ရောင်းချတာတွေရှိနေမှာပါ"ဟု ၎င်းက ဆိုသည်။

**ကျင်းပသွားမည်**

စနေ-တနင်္ဂနွေ ရန်ကုန်စာအုပ်လမ်းတွင် စာအုပ်ဆိုင်များ၊ အထိမ်းအမှတ်ပစ္စည်း အရောင်းဆိုင်များ အပါအဝင် စုစုပေါင်း ဆိုင်ခန်း ၁၇၀ ဖွင့်လှစ်ရောင်းချသွားမည်ဖြစ်သည်။ စာအုပ်လမ်းသို့ လာရောက်မည့် စာပေဝါသနာရှင်များကို စာအုပ် လက်ဆောင်ပေးခြင်း၊ ရေးသူ၊ ဖတ်သူ ဆွေးနွေးပွဲ ကျင်းပခြင်း၊ စာရေးသူတို့၏ စာဖတ်ဝိုင်းအစီအစဉ်၊ စာပေပဟေဠိအစီအစဉ်၊ တေးဂီတအစီအစဉ်၊ ကာတွန်းဆရာများ၏ ကယ်ရီကေးချား ပုံတူ ရုပ်ပြောင်ရေးဆွဲခြင်း စသော အစီအစဉ်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

Media Corner စာအုပ်ဆိုင်မှ ဒေါ်မာမာဦးက "ကျွန်မတို့ ဆိုင်မှာတော့ ကျောင်းသုံးစာအုပ်တွေ၊ အင်္ဂလိပ်စာအုပ်တွေ၊ ဗဟုသုတဆိုင်ရာ စာအုပ်တွေ ရောင်းပါတယ်၊ ဆိုင်တွေအများကြီး တစ်နေရာတည်းမှာရှိတာကြောင့် လိုချင်တဲ့ စာအုပ်ကို တစ်ဆိုင်မရရင် တစ်ဆိုင်မှာ ရှာလို့ရတယ်၊ ဆိုင်ကြီးပေါ်က ဈေးနှုန်းထက် ဒီစာအုပ်လမ်းမှာ ဝန်ကြီးဌာနနဲ့ တာဝန်ရှိသူတွေက စာဖတ်အားမြင့်အောင် ပြန်လုပ်ပေးနေတာ တွေ့ရတယ်"ဟု ပြောသည်။

ကောင်းသန့်စာပေမှ ထုတ်လုပ်မှုအယ်ဒီတာ ဦးနီက "ကျွန်တော်တို့ စာအုပ်ဆိုင်မှာတော့ ဆရာကောင်းသန့်ရေးတဲ့ စာအုပ်ပေါင်းစုံရယ်၊ ဆရာသဲအောင်၊ ဆရာ မောင်ခင်မင်(ဓနုဖြူ)တို့ရဲ့စာပေတွေ၊ The Best English နဲ့ Youth မဂ္ဂဇင်းတွေ ရောင်းချပါတယ်၊ စာပေဝါသနာရှင်တွေ အနေနဲ့ စာပေတိုက်မှာသွားဝယ်ရင် ရောင်းဈေး အပြည့်အတိုင်းပေးရတယ်၊ ဒီစာအုပ်လမ်းမှာတော့ ၁၀ ရာခိုင်နှုန်း လျှော့ပြီးရောင်းချတဲ့အတွက် ဈေးနှုန်းလည်း သက်သာတယ်၊ လိုချင်တဲ့စာအုပ် အစုံလည်း ရရှိနိုင်ပါတယ်"ဟု ဆိုသည်။

**စာပေဖွံ့ဖြိုးရေး**

ဝတ္ထု၊ ကာတွန်း၊ မဂ္ဂဇင်း၊ ကလေးစာပေ၊ ပုံပြင်၊ ဉာဏ်စမ်း စသည်များအပြင် သုတ၊ ရသစာပေများကို အသစ် အဟောင်း စုံလင်စွာ ရောင်းချနေကြောင်း၊ စာအုပ်လမ်းတွင် လာရောက်ရောင်းချခြင်းဖြင့် ဖောက်သည်သစ်၊ စာပေချစ်သူမိတ်ဆွေများ အများအပြား တိုးတက်ရရှိလာပြီး စာပေဖွံ့ဖြိုးရေးအတွက် တစ်ဖက်တစ်လမ်းက အထောက်အကူ ဖြစ်စေပါကြောင်း ကိုကိုလတ်စာပေမှ ဦးထွန်းထွန်းသန်းက ပြောသည်။

၅၀၀၊ ငွေကျပ် ၁၀၀၀ စသဖြင့် သက်သာစွာရောင်းချပေးနေခြင်း၊ တစ်ယောက်လျှင် နှစ်အုပ်နှုန်းဖြင့် ကြိုက်ရာရွေးချယ်ယူနိုင်သည့် အခမဲ့ စာအုပ်အလှူ မဏ္ဍပ်ထားရှိပေးခြင်းတို့ကလည်း စာအုပ်လမ်း၏ တမူထူးခြားသည့် ဆွဲဆောင်မှုများပင် ဖြစ်သည်။

လမ်းမတော်မြို့နယ်မှ စာပေဝါသနာရှင် ဦးသိန်းဝင်းက "ဘာသာစကားစာအုပ်နဲ့ သမိုင်းစာအုပ်တွေ ဝယ်ယူဖို့လာတာပါ၊ စာအုပ်စာပေ ဖတ်ရှုတယ်ဆိုတာ ကိုယ်မသိတဲ့ အကြောင်းအရာတွေ၊ အချက်အလက်တွေသိရှိနိုင်မယ်၊ အင်တာနက် မိုဘိုင်းဖုန်းတွေကတစ်ဆင့် စာဖတ်ရတဲ့ အရသာနဲ့ စာအုပ် တစ်အုပ်ကို ကိုယ်တိုင်ကိုယ်ကျ ကိုင်တွယ် ဖတ်ရှုရတဲ့အရသာက ခံစားမှုချင်း မတူပါဘူး"ဟု ဆိုသည်။

စာအုပ်လမ်းတွင် အတွေးစာစုနှင့် တက်ကျမ်းစာအုပ်များ ဝယ်ယူနေသူ ဒေါပုံမြို့နယ်မှ မမျိုးသီရိကျော်က "စာပေဖတ်ရှုခြင်းက စိတ်အားငယ်တဲ့ အချိန်မှာ စိတ်ဓာတ်ခွန်အားကို ဖြစ်စေပါတယ်၊ ခုခေတ်မှာ လူငယ်တော်တော်များများက ဖုန်းဘေဆိုရင် သုံးထောင်လည်း မနှမြောဘူး၊ ငါးထောင်လည်း မနှမြောဘူး၊ ဒါပေမယ့် စာအုပ် တစ်အုပ်ကို ဝယ်ဖို့ဆိုရင် နှမြောတတ်ကြတယ်၊ ညီမအနေနဲ့က စာပေကို မြတ်နိုးသူဖြစ်တာကြောင့် ဒီစာအုပ်တန်းကစာပေ ချစ်မြတ်နိုးသူတွေအတွက် အကျိုးသာမက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်မည်ဖြစ်သည်။

**တိုက်တွန်းနှိုးဆော်**

ဆရာကြီး ရွှေဥဒေါင်းက "စာမဖတ်သူများသည် သာမန်ကိစ္စလေးတစ်ခုကို တအံ့တသြ လာပြောကြသည်ကို တွေ့ကြုံဖူးသည်"ဟု ဆိုခဲ့သလို ဆရာကြီး သခင်အောင်ဇေက "သင်အလိမ် မခံချင်ရင် စာဖတ်ပါ"ဟု လိုရင်းတိုရှင်း တိုက်တွန်းနှိုးဆော်ခဲ့သည်။

စာရေးဆရာကြီး ဖရန့်စစ်ဘေကွန်ကမူ "စာဖတ်ခြင်းဖြင့် ပြည့်ဝတဲ့သူ တစ်ယောက် ဖြစ်လာသည်။ စာရေးခြင်းဖြင့် တိကျတဲ့သူတစ်ယောက် ဖြစ်လာသည်။ ဆွေးနွေးတိုင်ပင်ခြင်းဖြင့် တခ်နုပ္ပတ္တိဉာဏ်များ ဖွံ့ဖြိုးစေသည်"ဟု ဆိုခဲ့သည်။

သို့ဆိုလျှင် သင် အလိမ်မခံရရေးအတွက် သာမန်ကိစ္စလေးများကို တအံ့တသြ မဖြစ်စေရေးအတွက်၊ ပြည့်ဝသူ၊ တိကျသူ၊ တခ်နုပ္ပတ္တိဉာဏ်များ ဖွံ့ဖြိုးသူများဖြစ်လာစေရေးအတွက် စနေ၊ တနင်္ဂနွေ ရန်ကုန်စာအုပ်လမ်းသို့ လှမ်းလာကြပါစို့ဟု ... ။ ။

**သတင်းဆောင်းပါး**
**ဝင်းဝင်းမော်၊ နန္ဒာဝင်း၊ မြတ်စန္ဒီ၊**
**ဓာတ်ပုံ - ရဲထွဋ်**

# ယာဉ်၊ လမ်း အန္တရာယ် ကင်းရှင်းရေး (MoRS) နှင့် ပူးပေါင်းအဖွဲ့ဝင်များ လက်ကမ်းစာစောင်များ ဖြန့်ဝေ

**ရန်ကုန် နိုဝင်ဘာ ၁၁**

စီးပွားရေးမြို့တော် ရန်ကုန်တွင် မော်တော်ယာဉ်များ၊ စက်တပ်ယာဉ်များ ဖြတ်သန်းမောင်းနှင်ကြသော မော်တော်ယာဉ်များ၊ စက်တပ်ယာဉ်များနှင့် ခရီးသည်တင်ယာဉ်များပေါ်၌ လိုက်ပါစီးနင်းကြသော မိဘပြည်သူခရီးသည်များ ယာဉ်လမ်းအန္တရာယ်များ ကင်းရှင်းစေရေး နိုဝင်ဘာ ၁၁ ရက် နံနက် ၈ နာရီက ရန်ကုန်တိုင်းဒေသကြီး သဃ်ာန်းကျွန်းမြို့နယ် ဝေဇယန္တာလမ်းမပေါ် သုဝဏ္ဏ မိုးလုံလေလုံ အားကစားရုံရှေ့၌ အမှတ် ၃၈ ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ဒုရဲမှူး မိုးကျော်ဟိန်းနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ သဃ်ာန်းကျွန်း အထက ၄ မှ ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူများ၊ မြို့နယ် စည်ပင်ဝန်ထမ်းများနှင့် မြန်မာနိုင်ငံ ယာဉ်အန္တရာယ်ကင်းရှင်းရေးအဖွဲ့(MoRS) တို့ ပါဝင်သည့် ပူးပေါင်းအဖွဲ့များက လမ်းမပေါ်မောင်းနှင်ကြသော ကိုယ်ပိုင်၊ အငှားယာဉ်နှင့် YBS ဘတ်ကား ယာဉ်မောင်းများ၊ ယာဉ်များလိုက်ပါစီးနင်းကြသည့် ခရီးသည်များအား မြန်မာနိုင်ငံ ယာဉ်၊ လမ်း အန္တရာယ်ကင်းရှင်းရေးအဖွဲ့ (MoRS) မှ အခမဲ့ထုတ်ပြန်ထားသော ယာဉ်၊ လမ်း အန္တရာယ်ကင်းရှင်းရေး လက်ကမ်းစာစောင်များအား ဒုတိယအကြိမ် ထပ်မံဖြန့်ဝေခဲ့ကြသည်။

**တင်ကြည်(သဃ်ာန်းကျွန်း)**

## ၂၀၁၇ ခုနှစ်၊ ၉၇ နှစ်မြောက် အမျိုးသားနေ့ ဦးတည်ချက်များ

- ★ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- ★ ပြည်ထောင်စုငြိမ်းချမ်းရေး တည်ဆောက်ရေး၊
- ★ တိုင်းရင်းသားအားလုံး ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေး၊
- ★ ဒီမိုကရေစီ ဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်ရေး။

# မြန်မာ အမျိုးသားနေ့

**ပန်းတောင်းသန်းကြွယ်**

**ကမ္ဘာပေါ်ရှိ လူမျိုးအသီးသီးတွင် မိမိတို့ အမျိုးသားရေးအရ မြတ်နိုးလေးစားတန်ဖိုးထားအပ်သော နေ့ထူးနေ့မြတ်များရှိကြသည်။ မြန်မာတို့၏အမျိုးသားရေးအရ မြတ်နိုးလေးစားတန်ဖိုးထားအပ်သည့် ရက်များစွာအနက် အမျိုးသားနေ့မှာ တစ်ရက်အပါအဝင်ဖြစ်သည်။**

ဗြိတိသျှနယ်ချဲ့တို့သည် ကျူးကျော်စစ်ပွဲ သုံးကြိမ်ဖန်တီး၍ မြန်မာတစ်နိုင်ငံလုံးအား မတရားသိမ်းပိုက်ခဲ့သည်။ ၁၈၂၄ ခုနှစ်တွင် ပထမအင်္ဂလိပ်-မြန်မာစစ်ပွဲဖြစ်ပွားခဲ့ပြီး ရန္တပိုစာချုပ်ဖြင့် မြန်မာတို့က အင်္ဂလိပ်တို့အား ရခိုင်နှင့် တနင်္သာရီနယ်တို့ကို ပေးအပ်လိုက်ရသည်။ ၁၈၅၂ ခုနှစ်တွင် ဒုတိယစစ်ပွဲဖြစ်ပွားခဲ့ပြီး ပြည်မြို့နယ်နှင့် ပဲခူးနယ်အထိ ဖြစ်သော အောက်မြန်မာပြည်အား အင်္ဂလိပ်တို့က သိမ်းပိုက်ခဲ့ပြန်သည်။ ၁၈၈၅ ခုနှစ်တွင်ဖြစ်သော တတိယစစ်ပွဲအပြီး၌မူ နယ်ချဲ့တို့က မြန်မာတစ်ပြည်လုံးအား သိမ်းပိုက်မိသွားလေတော့သည်။

နယ်ချဲ့ဗြိတိသျှလက်တွင်းသို့ မြန်မာနိုင်ငံ သက်ဆင်းရပြီးနောက် မြန်မာလူထုသည် လက်နက်စွဲကိုင်၍ တစ်နည်း၊ စည်းဝေးပွဲများ အကြိမ်ကြိမ်ပြုလုပ်၍ တစ်မျိုး၊ မြန်မာကိုယ်စားလှယ်များကို ဗြိတိသျှ ကိုယ်စားလှယ်များနှင့် ဆွေးနွေး အရေးဆိုရန် စေလွှတ်၍ တစ်ဖုံ၊ နည်းမျိုးစုံဖြင့် လွတ်လပ်ရေးအတွက် တောင်းဆိုခဲ့ကြသည်။ ထိထိရောက်ရောက်ကား မရှိခဲ့သေးပေ။တကယ်ထိရောက်ခဲ့သည်မှာ ၁၂၈၂ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့တွင် ပေါ်ပေါက်ခဲ့သော တော်လှန်ရေးကြီးပင်ဖြစ်သည်။

အင်္ဂလိပ်နယ်ချဲ့တို့၏ ကိုလိုနီပညာရေးသည် ၁၉၂၀ ပြည့်နှစ်အထိ ယင်းတို့အတွက် အခိုင်းအစေခံ၊ ကျိုးနွံသော မြန်မာလူငယ်များကို မွေးထုတ်ပေးသည့် ကျွန်ပညာရေးစနစ်သာဖြစ်သည်။ ခေတ်အလိုက် အမြင့်ဆုံး ပညာသင်ကြားရာဖြစ်သော ယူနီဗာစီတီ ခေါ် တက္ကသိုလ်ကျောင်းပင် မရှိသေးပေ။ ရန်ကုန်မြို့၌ ရန်ကုန်ကောလိပ်နှင့် ဂျပ်ဆင်(ယုဒသာန်)ကောလိပ်တို့သာရှိသည်။ ယင်းတို့မှာလည်း ကာလကတ္တား ယူနီဗာစီတီ၏ လက်အောက်ခံ ကျောင်းခွဲမျှသာ ဖြစ်သည်။ ကာလကတ္တား ယူနီဗာစီတီမှ ချမှတ်ပေးသော သင်ရိုးညွှန်းတမ်းများအတိုင်းသာသင်ရသည်။ စာမေးပွဲများကိုလည်း ယင်း တက္ကသိုလ်မှပင် ဦးစီးစီမံပြုလုပ်ပေးသည်။

ကာလကတ္တားတွင် မေးခွန်းထုတ်၍ ရန်ကုန်တွင် ဖြေကြရသည်။မြန်မာကျောင်းသားလူငယ်ထုအများစုမှာ လက်လှမ်းမမီကြ။ ခနရှင် ၊ မြေရှင်နှင့် လူချမ်းသာအရာရှိ၊ အရာခံတို့၏ သားသမီးများအတွက်သာ ဖြစ်စေရန် ဖန်တီးထားသော ပညာရေးစနစ်ပင်ဖြစ်သည်။ နယ်ချဲ့အရင်းရှင်နှင့် ယင်းတို့၏ နောက်တော်ပါတစ်စု ကောင်းစားရေးကိုသာ ရှေးရှုသော ပညာရေးဖြစ်သည်။

ဝိုင်အမ်ဘီအေ က မြန်မာပြည်တွင် သီးခြားတက္ကသိုလ်ရှိရမည်ဟု အကြိမ်ပေါင်းများစွာ လှုံ့ဆော်ခြင်း၊ ကြွေးကြော်ခြင်း၊ တိုက်တွန်းခြင်းများ ပြုလုပ်ခဲ့သည်။ မြန်မာအစိုးရသည် ပညာရေးမင်းကြီး မစ္စတာ မက်သယူးဟန်တား ဦးစီးသည့် အဖွဲ့ဝင် ၃၀ ခန့်ပါရှိသော ယူနီဗာစီတီအက်ဥပဒေရေးဆွဲရေး ကျွမ်းကျင်ကော်မတီတစ်ရပ်ကို ၁၉၁၈ ခုနှစ် ဇွန်လတွင် ဖွဲ့စည်းခဲ့သည်။ ယင်းကော်မတီဝင် အများစုက လက်တွေ့မပါ စာပေပညာဆန်သည့် ဘာသာရပ်များကို အဓိကထားပြီး တစ်ခုတည်းသော ကောလိပ်ပါဝင်သည့် သိပ္ပံယူနီဗာစီတီ တည်ဆောက်ရန် တက္ကသိုလ်ဥပဒေတစ်ရပ်ကိုရေးဆွဲ၍ ၁၉၂၀ ပြည့်နှစ် စက်တင်ဘာလတွင် တင်သွင်းခဲ့သည်။

ထိုဥပဒေကြမ်းတွင် (၁)မြန်မာပြည်တွင် တက္ကသိုလ်တစ်ခုတည်းသာရှိရမည်။ (၂) ကောလိပ်ကျောင်း၌ ပညာသင်ကြားလိုသူများသည် ကျောင်းအိပ် ကျောင်းစားဖြစ်ရမည်။ (၃) တက္ကသိုလ်ဝင်စာမေးပွဲမထားရှိတော့ဘဲ အစိုးရက ပြုလုပ်သော ဟိုက်စကူးဖိုင်နယ်ခေါ် ဆယ်တန်းစာမေးပွဲကို အောင်မြင်ရမည်။ (၄) အင်္ဂလိပ်နှင့် အခြားဘာသာရပ်တစ်ခုခုတွင် ထူးချွန်စွာတတ်မြောက်အောင်မြင်မှ တက္ကသိုလ်ဝင်ခွင့်ရမည်။ (၅) ဂုဏ်ထူးနှင့် ဝိဇ္ဇာဘွဲ့တန်းတွင် တစ်ခါဖြေဆို၍ မအောင်မြင်ပါက နောက်နောင် ဖြေဆိုခွင့်မပြု။ (၆) တက္ကသိုလ်ဝင်ခွင့်ရရှိပါကလည်း တက္ကသိုလ်ပညာရပ်များကို တစ်ခါတည်းစ၍ မသင်ရသေးဘဲ တက္ကသိုလ်ပြင်ဆင်ခွင့်အတန်းတွင် တစ်နှစ် နေရမည်။ (၇)ပြင်ဆင်ခွင့်အတန်းတွင် တစ်နှစ်နေပြီးသော်လည်း တက္ကသိုလ်ပညာရပ်များကို မလိုက်နိုင်သေးဟု သတ်မှတ်ခံရလျှင် တက္ကသိုလ် ပညာရပ်များကို ဆက်လက်သင်ယူ ခွင့်ရဦးမည်မဟုတ် စသော လက်မခံနိုင်သည့် အချက်အလက်များ ပါဝင်ရာ ယင်း အချက်အလက်များကို ကောလိပ်ကျောင်းသားများ၊ သတင်းစာများနှင့် ဂျီစီဘီအေ ဒေသအသီးသီးအစည်းအဝေးများကပါ ဝိုင်းဝန်းကန့်ကွက်ကြသည်။

မည်သို့ပင် ဝိုင်းဝန်းကန့်ကွက်ခဲ့ကြသော်လည်း မြန်မာပြည်ဘုရင်ခံ ဆာရက်ဂျီနယ်ကရက်ဒေါက်က မြန်မာများသည် ပညာရေးအကြောင်း နားမလည်ဟုဆိုကာ တောင်းဆိုချက်များကို လျစ်လျူရှုခဲ့ပြီး ထိုနှစ် ဒီဇင်ဘာ ၁ ရက်နေ့မှစ၍ တက္ကသိုလ်အက်ဥပဒေကို အတည်ပြုကြောင်း ကြေညာလိုက်သည်။ ဒီဇင်ဘာ ၂ ရက်နေ့တွင် ကောလိပ်ကျောင်းသားခေါင်းဆောင်များသည် တိုင်ပင်ဆွေးနွေး၍ ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို ကန့်ကွက်သည့်အနေဖြင့် ကောလိပ်နှစ်ခုစလုံးက အရေးဆိုရန် ဆုံးဖြတ်ကြသည်။ နယ်ချဲ့အစိုးရက ယူနီဗာစီတီဖွင့်ပွဲကို ဒီဇင်ဘာ ၇ ရက်နေ့တွင် ဖွင့်လှစ်ရန် ကြေညာလိုက်သည်ကို အကြောင်းပြု၍ ကျောင်းသားတို့က ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာ ၅ ရက်နေ့ (မြန်မာသက္ကရာဇ် ၁၂၈၂ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်)တွင် တက္ကသိုလ်အက်ဥပဒေကို လုံးဝကန့်ကွက်ကြောင်း ဖော်ပြသည့်အနေဖြင့် ကျောင်းမတက်ကြဘဲ ဆန့်ကျင်အရေးဆိုကြောင်း ကြေညာလိုက်လေသည်။

ရန်ကုန်မြို့ရှိ အထက်တန်းကျောင်းသား ကျောင်းသူများကလည်း နောင်တော် ကောလိပ်ကျောင်းသားကြီးများ၏ အရေးဆို ဆန့်ကျင်ပွဲကို ထောက်ခံသည့်အနေဖြင့် သက်ဆိုင်ရာကျောင်းများကို မတက်ကြတော့ဘဲ ဗဟန်းအရေးဆိုပွဲစခန်းသို့ လာရောက်ကာ အရေးဆို ဆန့်ကျင်စာရင်းသွင်းကြသည်။ ထိုမှတစ်ဆင့် မြန်မာတစ်နိုင်ငံလုံးရှိ ကျောင်းများသို့ ပညာရေး အရေးတော်ပုံကြီး ပျံ့နှံ့ရောက်ရှိသွားလေသည်။ အရေးဆိုကန့်ကွက်ကြသော ကျောင်းသား ကျောင်းသူများဘက်မှ မြို့ခံလူထုကြီးတစ်ရပ်လုံးက မားမားမတ်မတ် ရပ်တည်ကာ အားပေးထောက်ပံ့ကြသည်။

ရန်ကုန်ကောလိပ် အာဏာပိုင်များသည် ကျောင်းသားကျောင်းသူများ၏ အရေးဆိုချက်ကို မစဉ်းစားဘဲ ဒီဇင်ဘာ ၂၃ ရက်နေ့တွင် ကျောင်းပြန်မတက်က ကျောင်းမှ ထုတ်ပယ်ပစ်မည်ဟု ကြေညာပြန်သည်။ ဆန့်ကျင် အရေးဆိုနေသူ ကျောင်းသားကြီးများက မိမိတို့ အမည်စာရင်းများကို ကျောင်းစာရင်းမှ အပြီးတိုင် ထုတ်ပယ်ပါမည့်အကြောင်း အာဏာပိုင်တို့ထံ စာတင်၍ တုံ့ပြန်လေသည်။

ဒီဇင်ဘာ ၂၉ ရက်နေ့တွင် ဂျီစီဘီအေအသင်းချုပ်ကြီးက အစည်းအဝေးပြုလုပ်၍ မြန်မာပြည်တွင် အမျိုးသားကျောင်းများ၊ ကောလိပ်များနှင့် တက္ကသိုလ်များဖွင့်လှစ်ရန် ဝိုင်အမ်ဘီအေနှင့် အလားတူ အသင်းများ လက်အောက်ရှိ ကျောင်းများကို အမျိုးသားကျောင်းများအဖြစ် ပြောင်းရန်နှင့် အစိုးရကျောင်းများသို့ ပြန်မတက်ရန်တို့ကို တိုက်တွန်းနှိုးဆော်လေသည်။

အမြို့မြို့ရှိ ဝံသာနုကြီးများ၏ စေတနာသဒ္ဓါတရားကို ခံယူရရှိမှုကြောင့် အနယ်နယ်အရပ်ရပ်တွင် အမျိုးသားကျောင်းများ တစ်မုဟုတ်ချင်း ပေါ်ထွက်လာသည် ။အမျိုးသားကောလိပ်ကြီးပေါ်ထွန်းလာရာ ဆရာကြီး သခင်ကိုယ်တော်မှိုင်း၊ ဆရာတော် ဦးဉာဏ၊ ဒီးဒုတ် ဦးဘချို စသောပုဂ္ဂိုလ်ကြီးများကပါမောက္ခ၊ ကထိကဆရာကြီးများအဖြစ်ပါဝင်၍ စေတနာ့ဝန်ထမ်း စာပြပေးကြသည်။

၁၉၂၀ ပြည့်နှစ် ဩဂုတ်လတွင် ဗဟန်းရွှေကျင်ကျောင်းတိုက်၌ အမျိုးသားကောလိပ်ကို အောင်မြင်စွာ ဖွင့်လှစ်သင်ကြားနိုင်ခဲ့သည်။ အမျိုးသားပညာရေး ကောင်စီဟူ၍လည်း ပေါ်ထွန်းလာကာ မြန်မာတစ်နိုင်ငံလုံးတွင် အမျိုးသားကျောင်းများပေါ်ထွန်းလာအောင် စည်းရုံးအားပေးနိုင်ခဲ့သည်။

၁၉၂၀ ပြည့်နှစ် ကောလိပ် ကျောင်းသားကြီးများ ဦးဆောင်သည့် ကိုလိုနီပညာရေးစနစ်ကို ဆန့်ကျင်သော အရေးဆိုပွဲသည် ထိုခေတ်က နယ်ချဲ့ဆန့်ကျင်ရေးဝံသာနုလှုပ်ရှားမှုကို ကြီးစွာအထောက်အကူပြုခဲ့သည်။ ဂျီစီဘီအေအသင်းချုပ်ကြီး၏ ထောက်ခံအားပေးမှုကလည်း ကိုလိုနီခေတ်လူများအား ဝံသာနုစိတ်ဓာတ်များ နိုးကြားလာစေရန် များစွာအထောက်အကူ ပြုခဲ့သည်။ ထိုလှုပ်ရှားမှုကြီးကြောင့် အမျိုးသားကျောင်းများ ပေါ်ပေါက်လာရုံသာမက ခေတ်သစ်အမျိုးသား ပညာရေး အတွေးအခေါ်ကိုလည်း ပေါက်ဖွားစေခဲ့သည်။

မြန်မာတစ်မျိုးသားလုံးအတွက် နိုင်ငံရေး နိုးကြားမှု၊ အမျိုးသား စည်းလုံးမှု၊ ဇာတိသွေး ဇာတိမာန်မြင့်မားမှုတို့ကိုလည်း ပို့ဆောင်ပေးလေသည်။ မြန်မာတို့၏ စိတ်ဓာတ်မြှင့်တင်ရေး တော်လှန်မှုအောင်ပွဲကြီးပင် ဖြစ်သည်။ ၁၉၂၁ ခုနှစ် အောက်တိုဘာ ၂၄ ရက်နေ့တွင် မန္တလေးမြို့၌ ကျင်းပသော နဝမအကြိမ်မြောက် ဂျီစီဘီအေညီလာခံကြီး၌ အမျိုးသားနေ့သတ်မှတ်ရန် စဉ်းစားကြသောအခါ ၁၉၂၀ ပြည့်နှစ်တွင် ကျောင်းသားများ စတင်အရေးဆိုခဲ့သော တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့ကို သတ်မှတ်ရန် သဘောတူခဲ့ကြပြီး ၁၉၂၂ ခုနှစ် ဇွန်လတွင် ရန်ကုန်မြို့ရှိ ဂျူဗလီဟော၌ ကျင်းပသော ဂျီစီဘီအေ အထူးကွန်ဖရင့်က အတည်ပြုဆုံးဖြတ်ခဲ့လေသည်။ နယ်ချဲ့ဗြိတိသျှတို့အား ပထမဆုံး ထိထိရောက်ရောက် တော်လှန်ဆန့်ကျင်သောနေ့ဖြစ်သည့် ထိုတန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့ကို အမျိုးသားနေ့အဖြစ် သတ်မှတ်အတည်ပြု၍ မြန်မာတို့၏ အမျိုးသားအောင်ပွဲနေ့ကို နှစ်စဉ်ကျင်းပခဲ့ကြသည်။

ယခုနှစ်ကျင်းပသည့် မြန်မာအမျိုးသားနေ့မှာ ၉၇ နှစ်မြောက်ဖြစ်သည်။ ရှေးခေတ် ဘိုးဘွားဘီဘင်တို့ စိုက်ထူထွန်းညှိခဲ့သော အမျိုးသားနေ့ မီးရှူးတန်ဆောင်ကြောင့် မြန်မာတို့၏ ဝံသာနုရက္ခိတစိတ်ဓာတ်ရှင်သန်ထက်မြက်ခဲ့ပြီး အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးကို ဦးတည်ဆောင်ရွက်နိုင်ခဲ့သည်။ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကိုပါ ပြန်လည် ရယူနိုင်ခဲ့သည်။ ဤ အမျိုးသားအောင်ပွဲနေ့၏ ကောင်းကျိုးရလဒ်အသီးအပွင့်များ ထာဝစဉ်ရှင်သန်ကြီးထွားနေအောင် သားစဉ်မြေးဆက် လက်ဆင့်ကမ်းသယ်ဆောင်သွားရမည်မှာ မြန်မာအမျိုးသားထုကြီးတစ်ရပ်လုံး၏ မွေးရာပါတာဝန်ကြီးပင်ဖြစ်ပါကြောင်း ဖော်ညွှန်း ရေးသားလိုက်ရပေသည်။ ။

**“ရှေးခေတ် ဘိုးဘွားဘီဘင်တို့ စိုက်ထူထွန်းညှိခဲ့သော အမျိုးသားနေ့ မီးရှူးတန်ဆောင်ကြောင့် မြန်မာတို့၏ ဝံသာနုရက္ခိတစိတ်ဓာတ် ရှင်သန်ထက်မြက်ခဲ့ပြီး အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးကို ဦးတည် ဆောင်ရွက်နိုင်။ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကိုပါ ပြန်လည်ရယူနိုင်ခဲ့”**

### အမျိုးသားနေ့ ဒို့မမေ့

နှင်းမှုန်ပက်ဖျန်း၊ ခဝဲပန်း
ကြိုင်လှျမ်းတင့်ခဲ့ပေ။
ချမ်းဆောင်းမြမြ၊ ပွင့်သစ်စ
လှပစိုစိုပြည်။
ဖုံးတုန်းလုံးတုန်း၊ တန်ဆောင်မုန်း
ရွှင်ပြုံးအားသစ်ဝေ။
ပြည့်ကျော်ဆယ်ရက်၊ စန်းလာဘ်တက်
အောင်ချက်ကောင်းခဲ့ပေ။
ဝံ့ဝံ့စားစား မြန်ပြည်သား
စိတ်ထားမြင့်ခဲ့ပေ။
လွတ်လပ်ဖို့ရန်၊ သန္နိဋ္ဌာန်
ရှင်သန်ရင့်ခဲ့ပေ။
ရှေးခေတ်ဘိုးဘွား၊ ဒို့သွေးသား
နိုးကြားဂုဏ်မြင့်ပေ။
အမျိုးသားနေ့၊ ဒို့မမေ့
ကြည်မွေ့ဂုဏ်တင်သလေ။ ။

**ပန်းတောင်းသန်းကြွယ်**

---

### အမျိုးသားနေ့အကြို အလယ်တန်းအဆင့် ပန်းချီပြိုင်ပွဲနှင့် နံရံကပ်၊ ဓာတ်ပုံ၊ စာအုပ်ပြပွဲကျင်းပ

**လက်ပံတန်း နိုဝင်ဘာ ၁၁**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့၌ (၉၇)နှစ်မြောက် အမျိုးသားနေ့အကြို အလယ်တန်းအဆင့် ပန်းချီပြိုင်ပွဲနှင့် နံရံကပ်၊ ဓာတ်ပုံ၊ စာအုပ်ပြပွဲကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community Centre ၌ နိုဝင်ဘာ ၈ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ရာ အခမ်းအနားသို့ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်း ငါးကျောင်းမှ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၂၀ ပါဝင် ယှဉ်ပြိုင်ခဲ့ကြသည်။

ဆက်လက်၍ ဆုပေးပွဲအခမ်းအနားကို ကျင်းပရာ မြို့နယ်ပညာရေးမှူး ဒေါ်အေးသန်းက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးမှူး ဒေါ်ဝင့်နန္ဒာဌေးက ပြပွဲ၊ ပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားကာ ဆုရရှိသူများကို ဆုများပေးအပ်ခဲ့ကြောင်း သိရသည်။

**မောင်ရွှေဝင်း(ပြည်)**

### အမျိုးသားနေ့အကြို နံရံကပ်စာစောင်နှင့် စာအုပ်ပြပွဲကျင်းပ

**ရေဖြူ နိုဝင်ဘာ ၁၁**

နိုဝင်ဘာ ၁၃ ရက်တွင် ကျရောက်မည့် အမျိုးသားနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရေဖြူမြို့နယ် ပြည်သူ့စာကြည့်တိုက်တွင် နိုဝင်ဘာ ၁၀ ရက်က နံရံကပ်စာစောင်များနှင့် သုတရသစာအုပ်များကို ခင်းကျင်းပြသခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ အထက ရေဖြူမှ ကျောင်းသား ကျောင်းသူ ၃၀၀ ကျော် တက်ရောက်ခဲ့ကြပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သတင်းစကားလက်ကမ်းစာစောင်များကိုလည်း ဖြန့်ဝေခဲ့ကြသည်။ **မြို့နယ် (ပြန်/ဆက်)**

# ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အလှူငွေ ပေးအပ်ပွဲနှင့် စနေ-တနင်္ဂနွေ ရန်ကုန်စာအုပ်လမ်းဖွင့်ပွဲကျင်းပ၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် တက်ရောက်



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တာဝန်ရှိသူများ စနေ - တနင်္ဂနွေ ရန်ကုန်စာအုပ်လမ်းတွင် ဖွင့်လှစ်ရောင်းချ လျက်ရှိသော အရောင်းဆိုင်များကို လှည့်လည်ကြည့်ရှုအားပေးစဉ်။ သတင်းစဉ်

**ရန်ကုန် နိုဝင်ဘာ ၁၁**

ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အလှူငွေပေးအပ်ပွဲကို ယနေ့ နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် တက်ရောက်၍ အလှူငွေများ လက်ခံသည်။

**ဝိုင်းဝန်းကူညီဆောင်ရွက်**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ကျေးဇူးတင်စကား ပြောကြားရာတွင် ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် မိမိတို့ အစိုးရသာမက ကျန်သည့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ တစ်ဦးချင်း စေတနာရှင်များပါ ဝိုင်းဝန်းကူညီ ဆောင်ရွက်နေပါကြောင်း၊ ထိုအရေးကိစ္စကို အကြောင်းပြုပြီး မိမိတို့နိုင်ငံ၏ စည်းလုံးညီညွတ်မှုကို ပြရာလည်း ရောက်ပါကြောင်း၊ မြန်မာနိုင်ငံသားများသည် လူသားချင်းစာနာထောက်ထားသည့် စိတ်ဓာတ်ဘယ်လောက် ပြည့်ဝသည်ဆိုသည်ကိုလည်း ပြရာရောက်ပါကြောင်း၊ သို့အတွက် အထူးပင် ဝမ်းသာပါကြောင်း၊ မြန်မာနိုင်ငံ ပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များ အသင်းကိုလည်း ယခုကဲ့သို့ အလှူငွေပေးအပ်သည့်အတွက် ကျေးဇူးတင်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ပုံနှိပ်နှင့်ထုတ်ဝေသူ လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမင်းဟန်က အလှူငွေလှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အလှူငွေကျပ် သိန်း ၂၀၀ ကို ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က လက်ခံသည်။

အဆိုပါအလှူငွေများကို ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရန်အတွက် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD)သို့ ပေးပို့လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် Yangon Book Street (စနေ-တနင်္ဂနွေ ရန်ကုန်စာအုပ်လမ်း) ဖွင့်ပွဲသို့ တက်ရောက်ပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဦးမောင်မောင်စိုးနှင့် မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းဥက္ကဋ္ဌ ဒေါက်တာသာထွန်းဦး တို့နှင့်အတူ ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ရန်ကုန်စာအုပ်လမ်းရှိ စာအုပ်ဆိုင်များ၊ လက်မှုပစ္စည်းအရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

Yangon Book Street (စနေ-တနင်္ဂနွေ ရန်ကုန်စာအုပ်လမ်း) တွင် စာအုပ်ဆိုင်များ၊ အထိမ်းအမှတ်ပစ္စည်းအရောင်းဆိုင်များ အပါအဝင် စုစုပေါင်းဆိုင်ခန်း ၁၇၀ ဖွင့်လှစ်ရောင်းချသွားမည်ဖြစ်သည်။ စာအုပ်လမ်းသို့ လာရောက်မည့် စာပေဝါသနာရှင်များကို စာအုပ်လက်ဆောင်ပေးခြင်း၊ ရေးသူ၊ ဖတ်သူဆွေးနွေးပွဲ ကျင်းပခြင်း၊ စာရေးသူတို့၏ စာဖတ်ဝိုင်းအစီအစဉ်၊ စာပေပဟေဠိအစီအစဉ်၊ တေးဂီတအစီအစဉ်၊ ကာတွန်းဆရာများ၏ ကယ်ရီကေးချားပုံတူ ရုပ်ပြောင်ရေးဆွဲခြင်း စသော အစီအစဉ်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည် ဖြစ်သည်။

ရန်ကုန်စာအုပ်လမ်းကို ဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် နိုဝင်ဘာ ၁၁ ရက်မှ ၁၃ ရက် စနေ၊ တနင်္ဂနွေ၊ တနင်္လာ သုံးရက်တိုင် ဖွင့်လှစ်သွားမည်ဖြစ်ပြီး လာမည့် ရက်သတ္တပတ်များတွင် ပုံမှန်အတိုင်း စနေ၊ တနင်္ဂနွေနေ့များ၌ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်သွားမည်ဖြစ်သည်။

Yangon Book Street (စနေ-တနင်္ဂနွေ ရန်ကုန်စာအုပ်လမ်း)ကို ပြန်ကြားရေးဝန်ကြီးဌာနက စာအုပ်စာပေ ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်အရ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီတို့၏ ပူးပေါင်းကူညီမှုဖြင့် ပြီးခဲ့သည့် ပွင့်လင်းရာသီ ဇန်နဝါရီလမှ မတ်လကုန်အထိ ပထမအကြိမ် ဖွင့်လှစ်ခဲ့ပြီး ယခု ဒုတိယအကြိမ်မြောက် ဆက်လက်ဖွင့်လှစ်ခြင်းဖြစ်ပြီး ယခုနှစ် ပွင့်လင်းရာသီ ဧပြီလဆန်းအထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# စာရေးဆရာ အောင်သင်း ရေးသားသည့် “ ကိုယ်ကျင့်နဲ့ ပညာ ”စာအုပ်ပါ အကြောင်းအရာများ ဆွေးနွေး




**နေပြည်တော် နိုဝင်ဘာ ၁၁**

နေပြည်တော် ပျဉ်းမနားမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူမှုအခြေပြုဗဟိုဌာန (Community Centre)၌ ယနေ့ နံနက် ၁၀ နာရီတွင် ပြုလုပ်သည့် စာပေစကားဝိုင်းတွင် စာရေးဆရာ အောင်သင်း၏ **ကိုယ်ကျင့်နဲ့ ပညာ** စာအုပ်ပါအကြောင်းအရာများကို ဆွေးနွေးကြသည်။ **(ယာပုံ)**

“ဒီစာအုပ် ဒီအကြောင်းအရာကို ရွေးချယ်ဆွေးနွေးတယ်ဆိုတာက ဆရာအောင်သင်းရဲ့ လူငယ်တွေအပေါ် ပြောလိုတဲ့ စေတနာစကားတွေကို သိမြင်စေချင်လို့ဖြစ်ပါတယ်၊ လူငယ်တွေ စာဖတ်တဲ့အလေ့အကျင့် ပိုမိုတိုးပွားစေချင်တာလည်း ပါဝင်ပါတယ်၊ ဒီနေ့ ဆွေးနွေးပွဲမှာ ဆရာအောင်သင်းရဲ့ ကိုယ်ကျင့်နဲ့ ပညာ စာအုပ်ပါအကြောင်းအရာ ဆွေးနွေးမှုနဲ့ ပတ်သက်တဲ့ မေးမြန်းချက်တွေကို ပြန်လည်ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်”ဟု စကားဝိုင်းဆွေးနွေးပွဲတွင် ဦးဆောင်ဆွေးနွေးသူ ဒေါ်လဲ့လဲ့မေ၊ ကလောင်အမည် - မရွှေမြိုင် (ပျဉ်းမနား)က ပြောသည်။

“ကျွန်မက စာဖတ်ဝါသနာပါတော့ ဒီပျဉ်းမနားမြို့နယ် ပြန်ကြားရေးနဲ့ ပြည်သူ့ဆက်ဆံရေးရုံး စာကြည့်တိုက်မှာ စာလာဖတ်ပါတယ်၊ အဲဒီကနေ ဝါသနာတူတဲ့သူတွေ စုပေါင်းပြီး စာအုပ်စာစောင် မြတ်နိုးသူများအသင်း - BOOK CLUB ဖွဲ့စည်းဖြစ်သွားပါတယ်၊ ဒီနေ့ ကျွန်မတို့အသင်းက ဆရာကြီး ဦးအောင်သင်းရဲ့ ကိုယ်ကျင့်နဲ့ပညာဆိုတဲ့ စာအုပ်ထဲက အကြောင်းအရာတွေကို ဝိုင်းဝန်းဆွေးနွေးကြတာဖြစ်ပါတယ်”ဟု ၎င်းက ဆက်လက်ပြောပြသည်။

အဆိုပါ စာပေစကားဝိုင်းတွင် စာရေးဆရာ တနိုင်ခ၊ ဦးအောင်နိုင်ဦး၊ ကြည်ဘုန်းဝင်း(ပျဉ်းမနား)နှင့် ကိုးငယ်မင်း (လယ်ဝေး) တို့က ကိုယ်ကျင့်နဲ့ ပညာစာအုပ်မှ ကိုယ်ကျင့်နှင့် ပတ်သက်၍ ဆွေးနွေးကြပြီး မောင်အေးကို (ပေါင်းတလည်)၊ ဒေါ်သက်သက်နွယ်၊ ဆရာဇွဲ (ပညာရေး)၊ ဆရာနက္ခတ်၊ စာရေးဆရာမ မေချို၊ ဒေါ်သက်သက်ခိုင်နှင့် ဦးမျိုးသူရစိုးတို့က ပညာနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

အဆိုပါ စာပေစကားဝိုင်းကို ပျဉ်းမနားမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဦးစီးကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

“ ကျွန်တော်တို့ဌာနအနေနဲ့ လူမှုအခြေပြုလုပ်ငန်းတွေကို အဓိကထား ဆောင်ရွက်နေပါတယ်၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်နဲ့ မြို့နယ်ခွဲရုံးတွေမှာ လစဉ် စာပေစကားဝိုင်းတွေ၊ စာပေဆွေးနွေးပွဲတွေ၊ ကလေးပန်းချီပြိုင်ပွဲတွေ၊ ကဗျာရွတ်ပြိုင်ပွဲတွေ စတဲ့ လူမှုအခြေပြုလုပ်ငန်းတွေကို ဆောင်ရွက်နေပါတယ်၊ အခုလောလောဆယ် မှာ ပျဉ်းမနား၊ မန္တလေး၊ မြစ်ကြီးနား၊ မြောင်းမြ၊ ကော့မှူး၊ ကလောနဲ့ နတ်မောက်ရုံးတွေမှာ Community Centre လူမှုအခြေပြုဗဟိုဌာနတွေ စတင်ဖွင့်လှစ် ဆောင်ရွက်နေပါတယ်၊ အဲဒီမှာ စာအုပ်စာစောင် မြတ်နိုးသူများအသင်း၊ အမျိုးသမီးရေးရာ အကြောင်းအရာတွေ ဆွေးနွေးတဲ့ အသင်းအဖွဲ့နဲ့ လူငယ်ရေးရာအသင်းအဖွဲ့တွေ ဖွဲ့စည်းပါတယ်၊ ဒီနေ့ကတော့ စာအုပ်စာစောင် မြတ်နိုးသူများ အသင်းအဖွဲ့ရဲ့ စာပေ ဆွေးနွေးပွဲဖြစ်ပါတယ်၊ အသိပညာ ဗဟုသုတတွေ တိုးပွားစေမယ့် ဒီလို ဆွေးနွေးမှုတွေကနေ ပြည်သူတွေရဲ့ အသိဉာဏ်ပညာတွေ ပိုမိုတိုးပွားလာလိမ့်မယ်လို့ ယုံကြည်ပါတယ်” ဟု ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မင်းက ပြောသည်။

အဆိုပါ စာပေစကားဝိုင်းသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုးအောင်၊ နေပြည်တော်ကောင်စီအတွင်းရှိ ခရိုင်နှင့်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနများမှ တာဝန်ရှိသူများနှင့် စာပေချစ်မြတ်နိုးကြသူများ တက်ရောက်ကြသည်။

**သတင်း-မင်းမင်းဇော်(သတင်းစဉ်)၊ဓာတ်ပုံ- အေးသန်း**

# ပြည်သူ့အကြံ၊ ပြည်သူ့အသံများ ပါဝင်သည့် ပြည်သူ့စကားဝိုင်းများဆီ ဖိတ်ခေါ်ပါသည်

**ဆောင်းပါး - နန္ဒာဝင်း၊ ဝင်းစန္ဒီ၊ ဓာတ်ပုံ - ရဲထွဋ်**

**တက္ကသိုလ်ကျောင်းသားများ၊ အဖြူအစိမ်းဝတ် ကျောင်းသား ကျောင်းသူများ၊ လူငယ်များသည် ရန်ကုန်မြို့၏ အသည်းနှလုံးဖြစ်သည့် ရန်ကုန်တက္ကသိုလ် Recreation Centre –RC ၌ စုဝေးရောက်ရှိနေကြသည်။ သူတို့မျက်ဝန်းများတွင်လည်း ထက်သန်ပြင်းပြသည့် သိရှိလိုစိတ်များက အထင်းသား ပေါ်လွင်နေသည်။**




ရန်ကုန်တက္ကသိုလ် RC ၌ ကျင်းပခဲ့သည့် စကားဝိုင်းဆွေးနွေးပွဲ မြင်ကွင်း

ပြီးခဲ့သည့် နိုဝင်ဘာလ ၄ ရက်နှင့် ၅ ရက်နေ့များက လူငယ်နှင့် ဆိုရှယ်မီဒီယာ၊ လူငယ်နှင့်အလုပ်အကိုင်အခွင့်အလမ်းခေါင်းစဉ်ဖြင့် ရန်ကုန်တက္ကသိုလ် RC ၌ ကျင်းပခဲ့သည့် စကားဝိုင်းဆွေးနွေးပွဲမြင်ကွင်းဖြစ်သည်။

အဆိုပါ စကားဝိုင်းဆွေးနွေးပွဲကို ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့က ပူးပေါင်း၍ ကျင်းပခြင်းဖြစ်သည်။

ပထမနေ့ စကားဝိုင်းက လူငယ်နှင့် ဆိုရှယ်မီဒီယာ ခေါင်းစဉ်ဖြစ်၍ မျက်မှောက် အိုင်တီခေတ်တွင် ကြီးပြင်းလာခဲ့သူ လူငယ်များအတွက် အထူးစိတ်ဝင်စားစရာပင်။

**စာကောင်းပေမွန်တွေဖတ်ဖို့ အားနည်းလာ**

"ဆိုရှယ်မီဒီယာသုံးတာကနေ Group တွေဖွဲ့ပြီး ကိုယ်စိတ်ဝင်စားတာတွေကို ပြောနိုင်သလို စိတ်ဖိစီးမှုဖြစ်နေချိန်မှာ ရယ်စရာတွေ၊ ဟာသတွေကို ကြည့်ပြီး စိတ်အပန်းဖြေနိုင်ပါတယ်၊ ဒါက ကောင်းတဲ့အပိုင်း၊ မကောင်းတဲ့ ကိစ္စရပ်က Information Overload ဖြစ်နေပြီး အချိန်တိုင်း အသုံးပြုခြင်းက အန္တရာယ်ဖြစ်နေပါတယ်၊ ဆိုရှယ်မီဒီယာက ကမ္ဘာကြီးကို ကျဉ်းမြောင်းစေပါတယ်၊ စာကောင်းပေမွန်တွေဖတ်ဖို့ အားနည်းလာပါတယ်၊ ဖေ့စ်ဘုတ်အသုံးပြုနေတာကြောင့် Privacy နည်းသွားနိုင်ပါတယ်" ဟု အကောင်းအဆိုး ဒွန်တွဲပါနေသည့် အခြေအနေများကို လူငယ်နှင့် ဆိုရှယ်မီဒီယာစကားဝိုင်း ဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးခဲ့သူ ဦးနိုင်ငံလင်းက သုံးသပ်ပြသည်။

**အကျိုးရှိအောင် အသုံးပြုသင့်**

ဆိုရှယ်မီဒီယာကို ပိတ်ပင်၍မရနိုင်သဖြင့် မီဒီယာနှင့် ပတ်သက်ပြီး အကျိုးရှိစွာ အသုံးချနိုင်ရန် အသိပညာ လိုအပ်ပြီး မှန်ကန်သည့်သတင်း ဟုတ်၊ မဟုတ် စဉ်းစားတွေးခေါ်နိုင်ရန် လိုအပ်ကြောင်းနှင့် ရရှိသည့် သတင်းအချက်အလက်များကို မိမိအတွက် အကျိုးရှိအောင် အသုံးပြုသင့်ပါကြောင်း အဆိုပါ စကားဝိုင်းတွင် ပါဝင်ဆွေးနွေးသူ ဦးရန်နိုင်ဦးက ဖြည့်စွက် ဆွေးနွေးခဲ့သည်။

**လိုက်နာသင့်သည့် နည်းလမ်းများ**

ထို့ပြင် ဆိုရှယ်မီဒီယာနှင့် နည်းပညာ၏ သဘောသဘာဝကို သိစေချင်ကြောင်း၊ ကိုယ်တကယ် ကြိုက်နှစ်သက်မှ Like၊ Share လုပ်သင့်ကြောင်း၊ Comment ရေးသည့်အခါ သတိပြုသင့်ကြောင်း၊ သက်ရောက်မှုကို စဉ်းစားသင့်ကြောင်း၊ Post တင်ရာတွင်လည်း Public , Private ကို မိမိလုံခြုံရေးအတွက်လည်း စဉ်းစားသင့်ပါကြောင်း စသဖြင့် ဆိုရှယ်မီဒီယာအသုံးပြုရာ၌ လိုက်နာသင့်သည့် နည်းလမ်းများကို ဦးနေဘုန်းလတ်က ပြောကြားသည်။

ဆိုရှယ်မီဒီယာကို တလွဲအသုံးပြုပါက ဆိုးကျိုးများဖြစ်ပေါ်နိုင်သဖြင့် မိမိတို့ကိုယ်ပိုင်ဉာဏ်ဖြင့် ပိုင်းခြားဝေဖန်တတ်စေရန် ဦးသောင်းစုငြိမ်းက "လူကြီးတွေက လူငယ်တွေ ဆိုရှယ်မီဒီယာ အသုံးမပြုဖို့ကို စိုးရိမ်စိတ်နဲ့ ထိန်းချုပ်ထားကြပါတယ်၊ ထိန်းချုပ်တာကို အားမပေးပါဘူး၊ ထိန်းချုပ်တာထက် ကျွမ်းကျင်အောင် ဘယ်လိုသုံးစွဲရမယ်ဆိုတာကို သင်ကြားပေးသင့်ပါတယ်၊ ကလေးတွေကို မိမိရဲ့ကိုယ်ပိုင် ဆုံးဖြတ်ချက်နဲ့ အတွေးအခေါ် ကောင်းမွန်အောင် လေ့ကျင့်ပေးဖို့ လိုအပ်ပါတယ်၊ ပိတ်ဆို့ထိန်းချုပ်မှုထက် ဘယ်လို ကာကွယ်မလဲဆိုတာကို စဉ်းစားသင့်ပါတယ်၊ ဒီထဲမှာ ဆရာဆရာမတွေလည်းပါတော့ ကိုယ့်ကလေးတွေကို ဖေ့စ်ဘုတ်မသုံးဖို့ ပြောမယ့်အစား သားတို့ သမီးတို့ ဆိုရှယ်မီဒီယာသုံးရင် ဘယ်လိုအရာတွေကိုတော့ ဆင်ခြင်ပါ၊ ဘယ်လိုအရာတွေကိုတော့ ရှောင်ပါဆိုပြီး တိုက်တွန်းဖို့ ပြောချင်ပါတယ်" ဟု ဆိုသည်။

**ဆိုရှယ်မီဒီယာကို ဘယ်လိုသုံးရမယ်**

လူမှုကွန်ရက်စာမျက်နှာ ဖေ့စ်ဘုတ်မသုံးရန် တားမြစ်ထားခဲ့သော်လည်း စကားဝိုင်း ဆွေးနွေးပွဲကြောင့် ပြောင်းလဲလာသည့် တွေးခေါ်ပုံနှင့်ပတ်သက်၍ အထက (၁) ကမာရွတ်မှ အလယ်တန်းပြဆရာမ ဒေါ်ဖြူဖြူခင်က "အခုလို စကားဝိုင်းဆွေးနွေးပွဲတွေက အလွန်ကောင်းတယ်လို့ ထင်ပါတယ်၊ ကလေးတွေလည်းပါတော့ သူတို့ကိုယ်တိုင် ဆိုရှယ်မီဒီယာကို ဘယ်လို သုံးရမယ်ဆိုတာ သိတာပေါ့၊ အရင်တုန်းကတော့ ကလေးတွေ စိတ်ထွေပြားသွားမှာရယ်၊ မိန်းကလေးတွေ အနေနဲ့ ဖေ့စ်ဘုတ်ပေါ်ကနေ ယောကျ်ားလေးတွေနဲ့ ရင်းနှီးကျွမ်းဝင်သွားမှာကို စိုးတဲ့အတွက် Fb မသုံးဖို့ ပြောပါတယ်၊ viber လောက်ပဲသုံးဖို့ ခွင့်ပြုခဲ့ပါတယ်၊ ဒီမှာ ဆွေးနွေးမှုတွေကို နားထောင်ပြီးတဲ့အခါ ဆိုရှယ်မီဒီယာကို နားလည်ပြီး ကျွမ်းကျွမ်းကျင်ကျင် သုံးတတ်အောင် မသုံးသင့်တာ၊ သုံးသင့်တာ ဆောင်ရန်၊ ရှောင်ရန်တွေကို သေချာရှင်းလင်း ပြောကြားပြီး သုံးခိုင်းမယ်လို့ ဆုံးဖြတ်လိုက်ပါတယ်" ဟု ၎င်း၏ အမြင်ကို ပြောသည်။

လူငယ်နှင့် ဆိုရှယ်မီဒီယာ စကားဝိုင်းဆွေးနွေးပွဲသည် နည်းပညာတိုးတက်လာမှုနှင့်အတူ မလွဲမသွေ ရင်ဆိုင်ကြုံတွေ့ရမည့် စိန်ခေါ်မှုများကိုကျော်လွှားပြီး ဆိုရှယ်မီဒီယာကို အကျိုးရှိစွာ အသုံးချနိုင်မည့် နည်းလမ်းများ၊ ဆောင်ရန်ရှောင်ရန်များဖြင့် အဖြေကောင်းတစ်ခု ထုတ်နိုင်လိမ့်မည်ဖြစ်သည်။

ဒုတိယနေ့ စကားဝိုင်းကမူ "လူငယ်နှင့်အလုပ်အကိုင်အခွင့်အလမ်း" ခေါင်းစဉ်ဖြစ်၍ စိန်ခေါ်မှုများနှင့် ပြည့်နှက်နေသည့် ယနေ့ကမ္ဘာတွင် ရင်သန်နေကြရသည့် မျိုးဆက်သစ်လူငယ်များအတွက် အကျိုးရှိပေလိမ့်မည်။

**မိမိရဲ့ဝမ်းစာကို ဖြည့်ဆည်းဖို့**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဒေါ်သီတာတင်က "ပိုမိုကောင်းမွန်တဲ့ အလုပ်အကိုင်တွေရဖို့ဆိုရင် ပညာရေးနဲ့ အသိပညာ၊ အတတ်ပညာတွေ ပေါင်းစပ်ဖို့ လိုပါတယ်၊ လူငယ်တွေအနေနဲ့ မိမိရဲ့ဝမ်းစာကို ဖြည့်ဆည်းဖို့ လိုပါတယ်၊ ဒီနေ့ခေတ်မှာ တချို့ကလေးတွေဆိုရင် အသိအမှတ်ပြုလက်မှတ်ပေါင်းများစွာရှိပေမယ့် လုပ်ငန်းခွင်ထဲ ရောက်တဲ့အခါ ကျွမ်းကျင်မှုမရှိလို့ အလုပ်ရှင်တွေ ညည်းညူနေတဲ့ အသံတွေကိုလည်း ကြားနေရပါတယ်၊ လက်မှတ်ပေါ်က အရည်အချင်းအတိုင်း လုပ်ငန်းခွင်မှာ ဆောင်ရွက်နိုင်ဖို့လိုပါတယ်" ဟု ဆွေးနွေးသည်။

ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်း ချိတ်ဆက်ဆောင်ရွက်မှု နည်းလမ်းများနှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ကရင်တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး နော်ပန်းသဉ္ဇာမျိုးက ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းသည် တစ်သားတည်း ချိတ်ဆက်နေကြောင်း ဆိုသည်။

**ကျောင်းသားတွေ ကျောင်းပြီးတဲ့အခါ**

"လုပ်ငန်းခွင်အတွေ့အကြုံရှိဖို့အတွက် တက္ကသိုလ်တွေ၊ သက်မွေးပညာသင်ကျောင်းတွေမှာ One Stop Service၊ Student service၊ OSS တွေကို ဌာနတစ်ခုအနေနဲ့ ထားရှိဖို့ လိုပါတယ်။ ဒီဌာနတွေကနေ ကျောင်းသားတွေ ကျောင်းတက်နေတဲ့အချိန်မှာ သူတို့ရဲ့ သက်ဆိုင်တဲ့ ဘာသာရပ်နဲ့ကိုက်ညီတဲ့ ကုမ္ပဏီတွေမှာ အလုပ်ရဖို့အတွက် ကျောင်းက ရှာပေးတာမျိုး၊ ကျောင်းသားက သူအလုပ်ဝင်နေတဲ့ industry ကနေ ဘယ်ကုမ္ပဏီမှာတော့ အလုပ်ဝင်ချင်တယ်ဆိုရင် ကျောင်းက ပြောင်းရွှေ့ပေးတာမျိုး၊ မိမိတတ်နိုင်တဲ့ငွေနဲ့ ကိုယ်ပိုင်စီးပွားရေး စတင်ချင်တယ်၊ လုပ်ချင်တယ်ဆိုရင် ပြောရတာမျိုး၊ ဘယ်ကျောင်းက ကျောင်းသားကတော့ ကျောင်းပြီးတဲ့အခါ လုပ်ငန်းရှင်က သူ့ကို ဘယ်လိုရာထူးမျိုးခန့်အပ်ပြီး အလုပ်ပေးမယ်ဆိုတာ ကျောင်းကို ပြောရတာမျိုးဆိုတဲ့ ကျောင်းနဲ့ ဆက်စပ်တဲ့ ကဏ္ဍကြီး ၄ ရပ်ကို ဆက်စပ်ပေါင်းစပ်ညှိနှိုင်းပေးမယ့် ဌာနတစ်ခုအနေနဲ့ ရှိပြီး ဖြည့်ဆည်းလိုက်မယ်ဆိုရင် ကျောင်းသားတစ်ယောက်ဟာ ကျောင်းပြီးလို့ ဘွဲ့ရတဲ့အခါ လုပ်ငန်းခွင်တန်းဝင်နိုင်မယ့် အခြေအနေမျိုး ဖြစ်သွားမယ်၊ ဒါတွေသည် လုပ်ငန်းခွင်နဲ့ ပညာရေးလောက ချိတ်ဆက်မှုကဏ္ဍတစ်ခု ဖြစ်သွားတယ်" ဟု ဖြည့်စွက်ဆွေးနွေးသည်။

စကားဝိုင်းဆွေးနွေးပွဲသို့ တက်ရောက်လာသည့် ကုမ္ပဏီဝန်ထမ်းတစ်ဦးဖြစ်သူ ကိုကျော်စွာဝင်းက လူငယ်များအနေဖြင့် အလုပ်အကိုင်တစ်ခုတွင် တင်းတိမ်မနေဘဲ လိုအပ်သည့် အရည်အချင်း ဝမ်းစာများ ဖြည့်တင်းပြီး မိမိတို့ဘဝတက်လမ်းများကို ရှေ့ဆက်လှမ်းရမည်ဖြစ်ကြောင်း ဆိုသည်။

**"လူကြီးတွေက လူငယ်တွေ ဆိုရှယ်မီဒီယာ အသုံးမပြုဖို့ကို စိုးရိမ်စိတ်နဲ့ ထိန်းချုပ်ထားကြပါတယ်၊ ထိန်းချုပ်တာကို အားမပေးပါဘူး၊ ထိန်းချုပ်တာထက် ကျွမ်းကျင်အောင် ဘယ်လိုသုံးစွဲရမယ်ဆိုတာကို သင်ကြားပေးသင့်ပါတယ်၊ ကလေးတွေကို မိမိရဲ့ကိုယ်ပိုင် ဆုံးဖြတ်ချက်နဲ့ အတွေးအခေါ် ကောင်းမွန်အောင် လေ့ကျင့်ပေးဖို့ လိုအပ်ပါတယ်၊ ပိတ်ဆို့ထိန်းချုပ်မှုထက် ဘယ်လို ကာကွယ်မလဲဆိုတာကို စဉ်းစားသင့်ပါတယ်"**

**အလုပ်အကိုင်အခွင့် အလမ်းဆိုတာ**

"လူငယ်တွေ လာနားထောင်သင့်တဲ့ပွဲပါ၊ ကျွန်တော်တို့မသိတဲ့အရာတွေကို ဒီပွဲက ရပါတယ်၊ အခုလက်ရှိအချိန်မှာ လူငယ်တွေ အလုပ်အကိုင်ရဖို့ ပြိုင်ဆိုင်မှုက ပြင်းထန်လာတယ်၊ ကိုယ့်မှာ အရည်အချင်းရှိရင် ရှိသလောက် နေရာကောင်းရနိုင်သလို မရှိတဲ့ လူအတွက်လည်း ခက်ခဲမှာပါ၊ ကျွန်တော်ဆိုရင် အခုထိ မပြည့်စုံသေးဘူး၊ ကြိုးစားဖြည့်ဆည်းနေရတုန်းပါ၊ လစာငါးသိန်းလိုချင်ရင် ငါးသိန်းနဲ့ ထိုက်တန်တဲ့ အရည်အချင်းကိုယ့်မှာ ပြည့်စုံနေဖို့ လိုပါတယ်။ အခုခေတ် လူငယ်တွေက ဘာဖြစ်ချင်မှန်း မသိကြတာများတယ်၊ အဲဒီအတွက် ဒီပွဲကနေ လူငယ်တွေ ကိုယ်ဘာဖြစ်ချင်လဲ ဆိုတာကိုသိပြီး ကြိုးစားကြမယ်ဆိုရင် အလုပ်အကိုင်အခွင့်အလမ်းဆိုတာ ရလာမယ်လို့ မျှော်လင့်ပါတယ်၊ ဒီလိုပွဲမျိုးတွေကို နိုင်ငံတော် အစိုးရအနေနဲ့ အမြဲတမ်းလုပ်ပေးသင့်တယ်လို့ ကျွန်တော်ကတော့ တိုက်တွန်းချင်ပါတယ်" ဟု ပြောသည်။

လူငယ်များသည် ၎င်းတို့ ရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိရန် အရည်အချင်းများကို ကြိုးစားဖြည့်ဆည်းနေသော်လည်း အလုပ်အကိုင်အခွင့်အလမ်းကောင်းများနှင့် အံဝင်ခွင်ကျ မဖြစ်မှုများလည်း ရှိနေသေးသည်။

**ထိုက်တန်တဲ့ အခွင့်အလမ်းတစ်ခု ရရှိသင့်**

"ကျွန်တော်တို့ လူငယ်တွေအများစုက ကိုယ်ရထားတဲ့ဘွဲ့နဲ့ မသက်ဆိုင်တဲ့၊ ကိုယ်မကျွမ်းကျင်တဲ့ လုပ်ငန်းခွင်တွေမှာ ဝင်ရောက်လုပ်ကိုင်နေကြရတာ များပါတယ်၊ ဒါကြောင့် ဘွဲ့ရပြီးတဲ့အခါ ကိုယ်နဲ့သက်ဆိုင်တဲ့ ဘာသာရပ်ကနေ အလုပ်အကိုင်ရရှိအောင် ဆောင်ရွက်ပေးနိုင်မယ်ဆိုရင် ပညာရေးနယ်ပယ်က နှစ်ခါပြန် ကျောင်းပြန်တက်ရတဲ့ အနေအထားမျိုးကနေ လွတ်ကင်းသွားမယ်လို့ ထင်ပါတယ်၊ ဒါကြောင့် ကျွန်တော်တို့ ပညာရေးအဆင့်အတန်း ရည်ရွယ်ချက်မှာ အလုပ်အကိုင်ရရှိရေးအတွက်ပါ ဦးစားပေးလိုက်မယ်ဆိုရင် ပိုကောင်းမယ်လို့ ယူဆပါတယ်၊ ဒီနေ့ပွဲမှာ လူငယ်တွေက မိမိတို့ ပညာနဲ့ထိုက်တန်တဲ့ အလုပ်အကိုင်အခွင့်အလမ်းတစ်ခုကို ရသင့်တယ်လို့ ဆွေးနွေးသွားတာ တွေ့ရပါတယ်၊ ဒါကို ကျွန်တော်လည်း လက်ခံပါတယ်၊ လူငယ်တွေက မိမိပေးဆပ်ခဲ့ရတဲ့ အချိန်၊ ပညာရေး အတိုင်းအတာနဲ့ ထိုက်တန်တဲ့ အခွင့်အလမ်းတစ်ခု ရရှိသင့်တယ်လို့ ကျွန်တော်လည်း ယူဆပါတယ်" ဟု ကိုကြည်စင်က ပြောသည်။

**ကျွမ်းကျင်လုပ်သား ခေါ်ယူနေ**

အလုပ်အကိုင်အခွင့်အလမ်းကောင်းများ၊ လစာအနည်းအများသည် လူတစ်ဦးချင်းစီ၏ ကျွမ်းကျင်မှု (Individual Skill) ပေါ်တွင် မူတည်နေ၍ ကွာခြားနေရခြင်းဖြစ်ပြီး အလုပ်ခေါ်ယူရာတွင်လည်း ကျွမ်းကျင်လုပ်သား (Skill Worker) များကိုသာ ခေါ်ယူမှုများနေသည်ကို တွေ့ရသည်။

**အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်ဖို့လို**

ပညာရေးမပြီးဆုံးသည့် လူငယ်များအတွက်လည်း ကျွမ်းကျင်လုပ်သား ( Skill Worker)များအဖြစ် အလုပ်အကိုင်များရရှိအောင် အသက်မွေးဝမ်းကျောင်း သင်တန်းများ၊ စွမ်းရည်မြှင့်သင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်းကိုလည်း စကားဝိုင်းဆွေးနွေးပွဲတွင် အလုပ်သမားညွှန်ကြားရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ဌေးဝင်းက ဖြည့်စွက်ဆွေးနွေးခဲ့သည်။ ပြည်တွင်းအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီ JPE Everest Ltd မှ ဦးဝင်းနိုင်က " ဒီနေ့ခေတ်မှာ လူငယ်တွေ အလုပ်အကိုင်ရဖို့ အဟန့်အတားတစ်ခုကတော့ ဘာသာစကားဖြစ်ပါတယ်၊ အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်ဖို့လိုပါတယ်၊ ဘာသာစကားကျွမ်းကျင်ရင် အလုပ်အကိုင်ရဖို့ ၅၀ ရာခိုင်နှုန်းလောက် လွယ်ကူမှာဖြစ်ပါတယ်၊ ဒါကြောင့် ကလေးတွေကို ငယ်စဉ်ကတည်းက အင်္ဂလိပ်စာကို ကျွမ်းကျင်အောင် သင်ကြားပေးနိုင်ဖို့ လိုပါတယ်"ဟု ဆိုသည်။

*စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၈ မှ*

နှစ်ရက်တာကျင်းပခဲ့သည့် ပြည်သူ့စကားဝိုင်းများတွင် ဦးဆောင်ပါဝင် ဆွေးနွေးကြသူများ၏ ဆွေးနွေးချက်များနှင့် တက်ရောက်လာကြသူများ၏ အပြန်အလှန် မေးမြန်းဆွေးနွေးမှုများက မြန်မာလူငယ်များအတွက် အကျိုးကျေးဇူးများ ရရှိကြမည်မှာ အမှန်ပင်ဖြစ်သည်။

**ပြန်ကြားရေးဝန်ကြီးဌာနက ဦးဆောင်ကျင်းပ**

လူငယ်များနှင့်သက်ဆိုင်သည့် လူငယ်နှင့် လူမှုမီဒီယာ၊ လူငယ်နှင့် အလုပ်အကိုင်အခွင့်အလမ်း၊ လူငယ်နှင့် မူးယစ်ဆေး၊ လူငယ်နှင့် စာရိတ္တ၊ လူငယ်နှင့် ပရဟိတ၊ လူငယ်နှင့် ကျန်းမာရေး၊ လူငယ်နှင့် ငြိမ်းချမ်းရေး စသည့်အကြောင်းအရာများကို လူငယ်များနှင့် ပြည်သူလူထုအတွင်း ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးနိုင်ရေးအတွက် လူထုလူတန်းစား အလွှာအသီးသီးမှ ပြည်သူများပါဝင်သည့် ပြည်သူ့စကားဝိုင်းများကို ပြန်ကြားရေးဝန်ကြီးဌာနက ဦးဆောင်ကျင်းပလျက်ရှိသည်။

ဒီမိုကရေစီခေတ်တွင် ရွေးချယ်ခံ ပြည်သူ့ကိုယ်စားလှယ်များအနေဖြင့် ၎င်းတို့၏ ဆောင်ရွက်ချက်များကို အများပြည်သူထံ ပြန်လည်အစီရင်ခံ တင်ပြရန်၊ အများပြည်သူ၏ သဘောဆန္ဒနှင့် စကားသံများကို သိရှိစေရန်၊ ဝေဖန်အကြံပြုချက်များကို ကြားနာပြီး ပြုပြင်သင့်သည်များကို ပြုပြင်နိုင်ရန် ရည်ရွယ်ချက်များဖြင့် အဆိုပါ စကားဝိုင်းဆွေးနွေးပွဲများကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**အပြန်အလှန် ဆွေးနွေးတိုင်ပင်**

မြန်မာနိုင်ငံသည် ဒီမိုကရေစီစနစ်တစ်ခုကို ကြိုးစားဖော်ဆောင်နေသည့် နိုင်ငံဖြစ်သည်။ ဒီမိုကရေစီစနစ်ဆိုသည်မှာ အများပြည်သူ၏ သဘောဆန္ဒနှင့် တိုင်းပြည်၏ အရေးကိစ္စများကို စီမံဆောင်ရွက်သည့် စနစ်ဖြစ်သည်။ ဒီမိုကရေစီနိုင်ငံ ထူထောင်ရာတွင် ပြည်သူအားလုံး တစ်ထောင့်တစ်နေရာမှ ပါဝင်နိုင်ရေးအတွက် ပြည်သူ့စကားဝိုင်းများသည် အခွင့်အလမ်းတစ်ခု ဖြစ်သည်။ ဗဟုသုတရှာဖွေနိုင်သည့် နည်းလမ်းတစ်ခုလည်းဖြစ်ပြီး ပြည်သူ့အကြံဉာဏ်၊ ပြည်သူ့အသံများပါဝင်အောင် အပြန်အလှန် ဆွေးနွေးတိုင်ပင်ရန် စကားဝိုင်း ဆွေးနွေးပွဲများကို အရောက်လှမ်းလာကြရန် ဖိတ်ခေါ်လိုက်ရပါသည်။




ပြည်သူ့စကားဝိုင်း ဆွေးနွေးပွဲ ကျင်းပစဉ်။

# ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေး ကလေးများအားလုံးကို ထိုးနှံပေးမည်

"ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေး ကလေးများအားလုံး ထိုးနှံပေး" ဆောင်ပုဒ်နှင့်အညီ ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေး အစုလိုက် ထိုးနှံပေးခြင်းလုပ်ငန်းကို နိုင်ငံတစ်ဝန်းလုံးရှိ အသက် ကိုးလမှ ၁၅ နှစ်အတွင်းရှိ ကလေးငယ် စုစုပေါင်း ၁၄ သန်းခန့်ကို ထိုးနှံပေးသွားမည်ဖြစ်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ သိရသည်။

ထို့ပြင် ကျောင်းအခြေပြုကာကွယ်ဆေး အစီအစဉ်အရ ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၁၅ ရက်မှ ၂၃ ရက်အထိ ကျောင်းနေစာရင်း သွင်းထားသော အသက် ၁၅ နှစ် မကျော်သေးသည့် ကျောင်းသား ကျောင်းသူများကို လည်းကောင်း၊ ပြည်သူလူထု အခြေပြု ကာကွယ်ဆေးထိုး အစီအစဉ်အရ ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၁၁ ရက်မှ ၂၀ ရက်အထိ အသက် ကိုးလမှ ငါးနှစ်အထိ ကလေးငယ်များနှင့် အသက် ၁၅နှစ်အထိ ကျောင်းမနေသော ကလေးလူငယ်များကို လည်းကောင်း၊ ကျောင်းအခြေပြု ကာကွယ်ဆေးထိုး အစီအစဉ်တွင် ကာကွယ်ဆေး ထိုးရန်အတွက် ကျန်ခဲ့သော ကျောင်းသား ကျောင်းသူများကို လည်းကောင်း၊ ကာကွယ်ဆေးထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။

သွားလာရန်ခက်ခဲသော ဝေးလံခေါင်ပါးဒေသများ၊ နယ်စပ်ဒေသနှင့် ကျေးရွာများတွင်လည်း အထက်ဖော်ပြပါ အစီအစဉ်နှစ်ခုအတိုင်း တစ်ပြိုင်တည်း ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

ကျောင်းအခြေပြု ကာကွယ်ဆေး ထိုးနှံခြင်း အစီအစဉ်ကို မူလတန်း၊ မူလတန်းလွန်၊ အလယ်တန်း၊ အထက်တန်း၊ ဘုန်းတော်ကြီးသင်ကျောင်း၊ ပုဂ္ဂလိက ကျောင်းများ၊ နိုင်ငံတကာ ကျောင်းများတွင်လည်း ကာကွယ်ဆေးထိုး စုရပ်များ ဖွင့်လှစ်ပြီး ထိုးနှံပေးသွားမည် ဖြစ်သည်။

ပြည်သူလူထုအခြေပြု ကာကွယ်ဆေးထိုးနှံသည့် အစီအစဉ်ကို မြို့နယ်ဆေးရုံများ၊ မိခင်နှင့် ကလေးကျန်းမာရေးဌာန၊ ဒေသန္တရ ကျန်းမာရေးဌာန၊ တိုက်နယ်ဆေးရုံ၊ ကျေးလက်ကျန်းမာရေးဌာန၊ ဌာနခွဲ၊ ရပ်ကွက်၊ ကျေးရွာများအတွင်း အုပ်ချုပ်ရေးမှူးရုံး၊ ဓမ္မာရုံများ၊ ပုဂ္ဂလိက နေအိမ်နှင့် အခြား သတ်မှတ်ထားသည့် ဆေးထိုးစုရပ်များတွင် ထိုးနှံပေးသွားမည် ဖြစ်သည်။

နိုင်ငံတစ်ဝန်း ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေး အစုလိုက် ထိုးနှံပေးခြင်း လုပ်ငန်းသည် အကြီးမားဆုံးသော ပြည်သူ့ကျန်းမာရေး လှုပ်ရှားမှုတစ်ခုဖြစ်သဖြင့် အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် နီးနွယ်ဝန်ကြီးဌာနများနှင့် သက်ဆိုင်ရာ ဦးစီးဌာနများ၊ တိုင်းဒေသကြီး၊ပြည်နယ် အစိုးရအဖွဲ့များ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ကုလသမဂ္ဂ ကလေးများ ရန်ပုံငွေအဖွဲ့နှင့် အခြား ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ ပြည်တွင်း၊ ပြည်ပ အစိုးရ မဟုတ်သောအဖွဲ့အစည်းများနှင့် ပြည်သူလူထုအခြေပြု လူမှုရေး အသင်းအဖွဲ့များ အပြင် ပြည်သူလူထုကိုယ်တိုင်က လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မှု အဆင့်ဆင့်တွင် မိမိတို့၏ အခန်းကဏ္ဍအလိုက် ဝိုင်းဝန်းပါဝင် ကူညီပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ခန့်မှန်းချက်အရ ဂျပန်ဦးနှောက်ရောင်ရောဂါ ဖြစ်ပွားလေ့ရှိသော အရှေ့တောင်အာရှနှင့် အနောက်ပစိဖိတ်ဒေသများရှိ နိုင်ငံ ၂၄ နိုင်ငံသည် ရောဂါဖြစ်ပွားနှုန်းမှာ လူဦးရေတစ်သိန်းတွင် နှစ်ဦးခန့်ဖြစ်ပြီး နှစ်စဉ်ရောဂါဖြစ်ပွားသူ ၆၈၀၀၀ ခန့်နှင့် သေဆုံးသူဦးရေ ၁၃၆၀၀ မှ ၂၀၄၀၀ ခန့်ရှိကြောင်း သိရသည်။

ရောဂါကူးစက်ခံရသူ ၂၅၀ တွင် တစ်ဦးခန့်သာ ပြင်းထန်သည့် ရောဂါဖြစ်ပွားလေ့ရှိပြီး ပုံမှန်အားဖြင့် ကလေးများတွင်သာ အဖြစ်များသော ရောဂါအဖြစ် သတ်မှတ်ထားသော်လည်း အသက်အရွယ်မရွေး ဖြစ်ပွားနိုင်ကြောင်းလည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ပြန်ထားသည်။

မြန်မာနိုင်ငံတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဂျပန်ဦးနှောက်ရောင်ရောဂါ ဖြစ်ပွားမှု အခြေအနေများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက နှစ်အလိုက် ထုတ်ပြန်ခဲ့ရာ ဦးနှောက်ရောင် လက္ခဏာရှိသော သံသယ လူနာစာရင်းမှာ ၂၀၁၂ ခုနှစ်တွင် ၁၇၆ ဦး၊ ၂၀၁၃ ခုနှစ်တွင် ၂၂၆ ဦး၊ ၂၀၁၄ ခုနှစ်တွင် ၁၅၂ ဦး၊ ၂၀၁၅ ခုနှစ်တွင် ၆၄၅ ဦး၊ ၂၀၁၆ ခုနှစ်တွင် ၁၉၁၁ ဦးနှင့် ၂၀၁၇ ခုနှစ်တွင် ၈၃၀ ရှိပြီး ဂျပန်ဦးနှောက်ရောင်ရောဂါ ခတ်ခွဲအတည်ပြုလူနာစာရင်းမှာ ၂၀၁၂ ခုနှစ်တွင် ၁၄ ဦး၊ ၂၀၁၃ ခုနှစ်တွင် ၁၇ ဦး၊ ၂၀၁၄ ခုနှစ်တွင် ၂၄ ဦး၊ ၂၀၁၅ ခုနှစ်တွင် ၁၅၁ ဦး၊ ၂၀၁၆ ခုနှစ်တွင် ၃၉၃ ဦးနှင့် ၂၀၁၇ ခုနှစ်တွင် ၁၄၆ ဦးရှိကြောင်း သိရသည်။

ဂျပန်ဦးနှောက်ရောင် ရောဂါ၏ ရောဂါလက္ခဏာများမှာ ရုတ်တရက် အပြင်းဖျားခြင်း၊ ချမ်းတုန်ခြင်း၊ ခေါင်းကိုက်ခြင်း၊ မောပန်းနွမ်းနယ်ခြင်း၊ ပျို့ခြင်းနှင့် အော့အန်ခြင်း၊ ရောဂါအခြေအနေ ဆိုးရွားလာသည့်အခါ ဦးနှောက်ရောင်ရမ်းခြင်း၊ စိတ်ရှုပ်ထွေးတွေဝေခြင်း၊ တက်ခြင်း၊ အကြောဆွဲခြင်းများ ဖြစ်ပွားနိုင်ပြီး တချို့လူနာများတွင် သတိလစ်မေ့မြောခြင်း၊ အကြောသေခြင်းနှင့် အသက်ဆုံးရှုံးခြင်းများ ဖြစ်ပွားနိုင်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားချက်အရ သိရသည်။

ဂျပန်ဦးနှောက်ရောင်ရောဂါဖြစ်ပွားလျှင် ပျောက်ကင်းအောင် ကုသနိုင်သည့်အထိ ထိရောက်သော ဆေးဝါးများ မရှိကြောင်းလည်း သိရသည်။ ရောဂါဖြစ်ပွားသူများအနက် ၂၀ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိ သေဆုံးနိုင်ပြီး အသက်ရှင် ကျန်ရစ်သူများတွင်လည်း ၃၀ ရာခိုင်နှုန်းခန့်သည် ကိုယ်လက်မသန်စွမ်းခြင်း၊ နားလေးခြင်း၊ မကြာခဏ တက်ခြင်းနှင့် စကားမပြောနိုင်ခြင်း၊ အခြား စိတ်ပိုင်းဆိုင်ရာနှင့် အပြုအမူဆိုင်ရာ ချို့ယွင်းမှုများ ဖြစ်ပွားနိုင်ကြောင်း သိရသည်။

ရောဂါကူးစက်ပုံနည်းလမ်းမှာ ဂျပန်ဦးနှောက်ရောင်ဗိုင်းရပ်စ်ပိုး သယ်ဆောင်ထားသည့် Culex Tritaeniorhynchus ခြင်ကိုက်ခံရလျှင် ရောဂါပိုးကူးစက်၍ ဖြစ်ပွားနိုင်ကြောင်း၊ ဂျပန်ဦးနှောက်ရောင် ဗိုင်းရပ်စ်ပိုးသည် ဝက်များ၊ ရေစပ်နေငှက်များ၏ ခန္ဓာကိုယ်အတွင်း လှည့်ပတ်ကူးစက်ပွားများလေ့ရှိပြီး အဆိုပါ တိရစ္ဆာန်များကို ကိုက်သည့်ခြင်မှတစ်ဆင့် လူနှင့် အခြား တိရစ္ဆာန်များအား ကူးစက်လေ့ရှိကြောင်းနှင့် ဂျပန်ဦးနှောက်ရောင် ဗိုင်းရပ်စ်ပိုးသည် လူတစ်ဦးမှတစ်ဦးသို့ မကူးစက်နိုင်ကြောင်းလည်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည်။

ကာကွယ်ဆေးထိုးနှံခြင်းသည် ဂျပန်ဦးနှောက်ရောင်ရောဂါ မဖြစ်ပွားစေရန်အတွက် အကောင်းဆုံးကာကွယ်သော နည်းလမ်းဖြစ်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ရောဂါဖြစ်ပွားနိုင်သော အန္တရာယ်ရှိသည့်နိုင်ငံများတွင် ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေးကို နိုင်ငံတော်၏ ပုံမှန်ကာကွယ်ဆေးထိုး အစီအစဉ်တွင် ထည့်သွင်း ထိုးနှံကြရန် အကြံပြု တိုက်တွန်းထားကြောင်း သိရသည်။

မြန်မာနိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများ၊ မြို့နယ်များ၊ ရပ်ကွက်များ၊ လမ်းများ၌ ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေး ထိုးနှံကြရန် အသိပေးနှိုးဆော်ထားကြောင်း တွေ့ရသည်။

**သတင်းဆောင်းပါး-ရီရီမြင့်၊ ဥမ္မာသန့်၊**
**ဓာတ်ပုံ-ဇော်ကြီး(ပဏ္ဍိတ)**




# ကချင်ပြည်နယ်အတွင်း တန် ၆၀ ခံနိုင်ဝန်ရှိ ပေ ၅၀ အထက် တံတားကြီး ၁၁ စင်း တည်ဆောက်လျက်ရှိ

**မြစ်ကြီးနား နိုဝင်ဘာ ၁၁**

ကချင်ပြည်နယ်အတွင်း တံတားဦးစီးဌာနမှ သံကူကွန်ကရစ်တန် ၆၀ ခံနိုင်ဝန်ရှိ ပေ ၅၀ အထက် တံတားကြီး ၁၁ စင်းကို လမ်းပန်းဆက်သွယ်မှု အဆင်ပြေချောမွေ့စေရေးအတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း တည်ဆောက်လျက်ရှိပြီး မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းပိုင်းရှိ တံတားကြီးများအား ၂၀၂၀ ပြည့်နှစ်တွင် အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း တံတားဦးစီးဌာန မြစ်ကြီးနားမြို့တံတားအထူးအဖွဲ့ ၁ မှ ဒုတိယ ညွှန်ကြားရေးမှူး ဦးကျော်ဇင်ထွေးထံမှ သိရသည်။

"၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်အတွင်းမှာ ပြည်ထောင်စုအစိုးရအဖွဲ့ ရန်ပုံငွေနဲ့ ပေ ၅၀ အထက်တံတားကြီး ကိုးစင်း၊ ပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေနဲ့ တံတားနှစ်စင်း တည်ဆောက်နေပြီး မြစ်ကြီးနား- ဆွမ်ပရာဘွမ်လမ်းပိုင်းမှာ တံတားကြီး ခြောက်စင်း၊ ရွှေဘို-မြစ်ကြီးနား လမ်းပိုင်းမှာ တစ်စင်း၊ နမ္မတီး-တနိုင်း-ပန်ဆောင် လမ်းပိုင်းမှာ နှစ်စင်း၊ မြစ်ကြီးနား-ဗန်းမော် လမ်းပိုင်းမှာ တစ်စင်း၊ ပူတာအိုခရိုင် မချမ်းဘော-ဇရူခ-နောင်မွန် လမ်းပိုင်းမှာ တစ်စင်း တည်ဆောက်လျက်ရှိပါတယ်။

"မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းပိုင်းမှာ တည်ဆောက်နေတဲ့ တံတားခြောက်စင်းကတော့ အရှည် ၂၉၆ ပေရှိ တံတားအမှတ်(၂/၅၄) တီယန်ဇွတ် တံတား၊ အရှည် ၁၉၇ ပေရှိ တံတားအမှတ်(၂/၇၇) ဒရူခ တံတား၊အရှည် ၂၀၄ ပေရှိ တံတားအမှတ်(၆/၁၁၁) ဆီနင်ခ တံတားသုံးစင်းရှိပါတယ်၊ ဒီနှစ်ဘဏ္ဍာရေးနှစ်အတွင်းမှာ တံတားသုံးစင်း အချိန်မီပြီးစီးအောင် တည်ဆောက်မှာဖြစ်ပြီး ဆီနင်ခ တံတားသုံးစင်းကတော့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း အပြီးတည်ဆောက်မှာဖြစ်ပါတယ်" ဟု တံတားဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ဇင်ထွေးက ပြောကြားသည်။

ထို့အပြင် လမ်းဦးစီးဌာနမှလည်း လမ်းအဆင့်မြှင့်တင်ခြင်း လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ယခင် ၁၃ တန်ခံနိုင်ဝန်ရှိ သံဘေလီတံတားများနေရာတွင် အဆင့်မြှင့်တန် ၆၀ ခံနိုင်ဝန်ရှိ သံကူကွန်ကရစ်တံတားများဖြင့် အစားထိုးတည်ဆောက်မည်ဖြစ်၍ မြေပြန့်ဒေသနှင့် ကုန်စည်စီးဆင်းမှု လွယ်ကူလာနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**ဝင်းနိုင် (ကချင်မြေ)**

# မန္တလေး-မြစ်ကြီးနားလမ်းပိုင်းရှိ အမှတ် ၃၉ အဆန်နှင့် အမှတ် ၄၀ အစုန် ရထားများ ပြေးဆွဲမှု ဖျက်သိမ်း

**နဘား နိုဝင်ဘာ ၁၁**

မြန်မာ့မီးရထား တိုင်းအမှတ် ၂ ရွှေဘိုဘူတာမှ ပြေးဆွဲနေသည့် အမှတ် ၃၉ အဆန် ရွှေဘို-မိုးညှင်းရထားနှင့် မိုးညှင်းဘူတာမှ အမှတ် ၄၀ အစုန် မိုးညှင်း-ရွှေဘိုရထားတို့ကို နိုဝင်ဘာ ၁၁ ရက်မှစ၍ ဖျက်သိမ်းတော့မည်ဖြစ်ကြောင်း မီးရထားစီးမည့် ခရီးသည်များ သိရှိစေရန် စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် နဘားဘူတာတွင် ရုံပိုင်ကြီး(တာဝန်ခံ)က ကြော်ငြာသင်ပုန်းဖြင့် အသိပေးကြေညာထားကြောင်း သိရသည်။

**ခင်မောင်ဆွေ(မော်လူး)**

# ရခိုင်ပြည်နယ်သတင်း

## ရခိုင်ပြည်နယ်ဆိုင်ရာ သတင်းထုတ်ပြန်မှုများ မှန်ကန်မြန်ဆန်ရေးအတွက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ကွင်းဆင်း

နေပြည်တော် နိုဝင်ဘာ ၁၁

**ရခိုင်ပြည်နယ်အတွင်း လူသားချင်း စာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်ထူထောင်ရေးဖွံ့ဖြိုးရေးစီမံကိန်း(UEHRD)၏ လုပ်ငန်းစဉ်များနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်နိုင်ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် မီဒီယာအဖွဲ့သည် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့မှ စစ်တွေမြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိကြသည်။**

ထို့နောက် ပြည်ထောင်စုဝန်ကြီး နှင့်အဖွဲ့အား ရခိုင်ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရ အဖွဲ့ဝင်များက ပြည်နယ် အစိုးရအဖွဲ့ရုံးညှိနှိုင်းခန်းမ၌ တွေ့ဆုံ၍ ရခိုင်ပြည်နယ်၏ ပကတိအခြေအနေများ၊ လူသားချင်းစာနာထောက်ထားမှု အကူအညီများ ပံ့ပိုးပေးနေမှု၊ ကျန်းမာရေး စောင့်ရှောက်မှု၊ ပြန်လည်ဝင်ရောက်လာ မည့်သူများအား ယာယီလက်ခံမည့် နေရာ စီစဉ်ထားမှု၊ စိုက်ပျိုးမွေးမြူရေးကို အခြေခံ၍ ခရီးသွားလုပ်ငန်းနှင့် ကုန်သွယ် ရေးဇုန်များကို ရေရှည် ဖွံ့ဖြိုးတိုးတက် ရေးအတွက် ဆောင်ရွက်သွားမည့် အစီအစဉ်များ၊ သတင်းမီဒီယာကဏ္ဍအား ပိုမို ကျယ်ပြန့်အောင် ဆောင်ရွက်သွားမည့် အစီအစဉ်များကို အကျယ်တဝင့် ဆွေးနွေးကြသည်။

### ဆွေးနွေး

ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့်က ရခိုင်ပြည်နယ်အတွင်း ပုံမှန် သတင်းထုတ်ပြန်မှုအား အရှိန်အဟုန် မြှင့်တင်ဆောင်ရွက်သွားရန် မိတ်ဖက် မီဒီယာအဖွဲ့များနှင့် ပူးပေါင်း၍ ယခုကဲ့သို့ မြေပြင်ကွင်းဆင်း လာရောက်ခြင်းဖြစ် ပါကြောင်း၊ ဒေသ၏ အခြေအနေများ မျက်မြင်ကိုယ်တွေ့ သိရှိမှသာ မီဒီယာ ကဏ္ဍမှတစ်ဆင့် ပြည့်ပြည့်စုံစုံဖြင့် သတင်းမှန်များကို တင်ပြသွားနိုင်မည်ဖြစ် ပါကြောင်း ဆွေးနွေးသည်။

ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက လူသားချင်း ကူညီထောက်ပံ့မှုများကို ပြည်နယ်အစိုးရမှ တာဝန်ခံ၍ ပေးလှူ သည့် နေရာသို့အရောက် ပို့ဆောင်ပေး နေပါကြောင်း၊ မိမိသဘောဆန္ဒအရ မူရင်းဒေသသို့ ပြန်လည်သွားရောက်ရန် နယ်စပ်ဒေသများ၌ ရောက်ရှိနေကြသူ များကိုလည်း လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုနှင့် ကူညီထောက်ပံ့မှုများ ကို ဆောင်ရွက်နေပါကြောင်း၊ မြန်မာနိုင်ငံ အတွင်း ပြန်လည်ဝင်ရောက်လာကြမည့် သူများအား ခေတ္တလက်ခံထားရှိမည့် နေရာအား စတင် တည်ဆောက်နေပါ ကြောင်း၊ အကြမ်းဖက်မှု ဖြစ်စဉ်များ ကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် တိုင်းရင်း သားများကိုလည်း နေရာပြန်လည်ချထား ပေးရန် စတင် ဆောင်ရွက်နေပါကြောင်း၊ ထို့ပြင် ဒေသဖွံ့ဖြိုးရေးအတွက် ရေရှည် အစီအမံများ ချမှတ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဆွေးနွေးသည်။

### Town Plan ရေးဆွဲဆောင်ရွက်

ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာ ချမ်းသာက မိမိသဘောဆန္ဒအရ မူရင်း ဒေသသို့ ပြန်လည်သွားရောက်ရန် နယ်စပ်ဒေသများ၌ ရောက်ရှိနေကြသူ များမှာ အကြမ်းဖက်မှုဖြစ်စဉ်တွင် ပါဝင် ခြင်း၊ ဆက်နွှယ်ခြင်း၊ အစွန်းရောက် အကြမ်းဖက်သမားများ၏ ခြိမ်းခြောက်ခံ ရခြင်း၊ တစ်ဖက်နိုင်ငံသို့ ရောက်ရှိပါက ထောက်ပံ့ကြေးများ ရရှိမည်ဟု မက်လုံး ကို ယုံကြည်ခြင်းနှင့် တစ်ဖက်နိုင်ငံမှ တစ်ဆင့် တတိယနိုင်ငံများသို့ သွား ရောက်နိုင်မည်ဆိုသည့် မက်လုံးများ ကြောင့် ဖြစ်နိုင်ပါကြောင်း၊ ပြန်လည် နေရာချထားရေး လုပ်ငန်းများဆောင်ရွက် ရာ၌ UEHRD နှင့် ပူးပေါင်း၍ Town Plan ကို စနစ်တကျ ရေးဆွဲဆောင်ရွက် သွားမည် ဖြစ်ပါကြောင်း ဆွေးနွေးသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် အဖွဲ့ဝင်များက ယာယီကယ်ဆယ်ရေးစခန်းရှိ ဟိန္ဒူဘာသာဝင်များအတွက် ထောက်ပံ့ငွေပေးအပ်ရာ စခန်းတာဝန်ခံက လက်ခံရယူစဉ်။

### အားပေးစကားပြောကြား

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုတို့သည် ARSA အစွန်းရောက် အကြမ်းဖက်သမားများ၏ အကြမ်းဖက် တိုက်ခိုက်မှုများကြောင့် ခမောင်းဆိပ် ကျေးရွာ၊ ရဲဘော်ကျကျေးရွာနှင့် တမန်း သားကျေးရွာတို့မှ ထွက်ပြေးတိမ်းရှောင် လာသည့် ဟိန္ဒူဘာသာဝင်များ ခေတ္တ ခိုလှုံနေထိုင်သည့် စစ်တွေမြို့ ဓညဝတီ အားကစားကွင်းသို့ သွားရောက်ပြီး တွေ့ဆုံ အားပေးစကားပြောကြားသည်။

တွေ့ဆုံစဉ် ဟိန္ဒူဘာသာဝင်များက ၎င်းတို့၏ လတ်တလော စားသောက် နေထိုင်ရေးနှင့် ကျန်းမာရေး၊ ကလေးများ ၏ ပညာရေးအတွက် ပြည်နယ်အစိုးရအဖွဲ့ မှ စီစဉ်ထောက်ပံ့ ဆောင်ရွက်ပေးနေမှု များကို ကျေးဇူးတင်ပါကြောင်း၊ မိမိတို့ အား ပြန်လည်နေရာချထားပေးရာတွင် တစ်စုတစ်စည်းတည်း နေရာချထားပေး စေလိုပါကြောင်း ပြောကြားသည်။

### စီစဉ်ဆောင်ရွက်နေ

ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ယာယီ ကယ်ဆယ်ရေးစခန်းများမှ နေရပ်ပြန်ကြ သူများအား ၎င်းတို့၏ မူလနေရပ်တွင် အဆင်ပြေချောမွေ့စွာ နေထိုင်နိုင်ရေး အတွက် စီစဉ် ဆောင်ရွက်ပေးနေပါ ကြောင်း၊ စခန်းအတွင်း နေထိုင်ကြသူ များ ပြန်လည်သွားရောက်မည်ဆိုပါက မိမိတို့အား အသိပေးပါက လိုအပ်သည် များကို စီစဉ်ဆောင်ရွက်သွားမည်ဖြစ် ပါကြောင်း၊ ပြန်လည်နေရာချထားရေး အတွက် အကောင်းဆုံးဖြစ်အောင် စီစဉ်ဆောင်ရွက်နေပါကြောင်း ပြောကြား သည်။

### ဖြေရှင်းဆောင်ရွက်

ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့်က လက်ရှိနေထိုင်စားသောက်မှု အဆင်ပြေမှု ရှိ၊ မရှိ သိရှိနိုင်ရန် လာ ရောက်ခြင်းဖြစ်ပါကြောင်း၊ ထို့ပြင် ဟိန္ဒူ ဘာသာဝင်များ၏ စကားသံများကို ကြားသိလို၍ လာရောက်ခြင်းဖြစ်ပါ ကြောင်း၊ ပြန်ကြားရေးနှင့် မီဒီယာကဏ္ဍ မှတစ်ဆင့် ဟိန္ဒူဘာသာဝင်များ၏ အခြေအနေများကို အများပြည်သူသိရှိ အောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါ ကြောင်း၊ လတ်တလော အခက်အခဲ များကို နိုင်ငံတော်နှင့် ပြည်နယ်အစိုးရအဖွဲ့ အစီအစဉ်ဖြင့် ဖြေရှင်းဆောင်ရွက်နေပါ ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် အဖွဲ့ဝင်များက စခန်းရှိ ဟိန္ဒူဘာသာဝင် အိမ်ထောင်စု ၁၅၅ စု၊ လူဦးရေ ၅၃၉ ဦးအတွက် ငွေကျပ် ၃၁ သိန်းကို လှူဒါန်းရာ စခန်းတာဝန်ခံက လက်ခံရယူသည်။ **သတင်းစဉ်**

## မြေတိုင်ကန်ကျေးရွာတွင် သောက်သုံးရေ ရရှိရေးနှင့် စာသင်ကျောင်းဆောင်သစ် ဆောက်လုပ်မှုတို့အား စစ်ဆေး

**မိတ္ထီလာ နိုဝင်ဘာ ၁၁**

မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် မြေတိုင်ကန်ကျေးရွာ တွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ ခရီးစဉ် လမ်းညွှန်မှုအရ ကျေးရွာ ဒေသခံပြည်သူများအား သောက်သုံးရေရရှိအောင် ဆောင်ရွက်ပေးထားမှုနှင့် စာသင်ကျောင်းဆောင်သစ် ဆောက်လုပ်ခြင်းတို့အား နိုဝင်ဘာ ၁၁ ရက် နံနက် ၁၁ နာရီက မန္တလေးတိုင်း ဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဒေါက်တာစိုးသန်းနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တာဝန်ရှိသူများ သွားရောက် ကြည့်ရှု စစ်ဆေးကြောင်း သိရသည်။

ရှေးဦးစွာ မြေတိုင်ကျေးရွာအနီး လေးလက်မ စက်ရေတွင်းငါးတွင်းတူးဖော်ပေးထားမှုနှင့် စက်ရေတွင်း များအနီးဂါလန် ၁၆၀၀ ဆံ့ရေစင် တည်ဆောက်ကာ ကျေးရွာသို့ သောက်သုံးရေပေးဝေထားမှုအခြေအနေ နှင့် လျှပ်စစ်ရေတင်စီမံကိန်းမှ ကျေးရွာအတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် မိုးစပါး ၁၄၄၆ ဧကအတွက် စိုက်ပျိုးရေ ပေးဝေမှုအခြေအနေများကို တိုင်းဒေသကြီးဝန်ကြီးချုပ် နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများက ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံ ရှင်းလင်းပြသသည်။

ဆက်လက်၍ မြေတိုင်ကျေးရွာ အခြေခံပညာ မူလတန်းကျောင်း၌ အမရပူရမြို့ မြို့ပြဖွံ့ဖြိုးရေး စီမံကိန်းမှ ငွေကျပ် သိန်း ၅၀၀ အကုန်ကျခံ ဆောက်လုပ် လှူဒါန်းသည့် ဒေါ်အောင်ဆန်းစုကြည်စာသင်ကျောင်း ဆောင် ဆောက်လုပ်နေမှုကို တိုင်းဒေသကြီးဝန်ကြီးချုပ် နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာက ကျောင်းဆောင်သစ် ဆောက်လုပ်ပြီးစီးမှုအခြေအနေကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က စာသင်ကျောင်းဆောင် အား အမြန်ဆုံးပြီးစီးရန် ဆောင်ရွက်ရေးလိုအပ်သကဲ့သို့ အရည်အသွေးပြည့်မီစေရန် အရေးကြီးသဖြင့် စေတနာ ထား ဆောင်ရွက်ရေး မှာကြားသည်။

ပြီးခဲ့သည့် ဩဂုတ်လ အတွင်းက နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ကျေးလက်လူငယ်များ စကားဝိုင်းပြုလုပ်သည့် မြေတိုင် ကန်ကျေးရွာခရီးစဉ်တွင် ကျေးရွာအတွက် သောက်သုံး ရေ နှင့် စိုက်ပျိုးရေရရှိရေး ၊ ကျေးရွာ မူလတန်းကျောင်း အတွက် စာသင်ကျောင်းဆောင်သစ် တစ်ဆောင် ဆောက်လုပ်ပေးရေးတို့ကို လမ်းညွှန်မှာကြားခဲ့ပြီး သက်ဆိုင်ရာ ဌာနတာဝန်ရှိသူများနှင့် စာသင်ကျောင်း ဆောင် အလှူရှင်တို့က အကောင်အထည်ဖော် ဆောင်ရွက်ပေးမှုအား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ တာဝန်ရှိသူများက လာရောက်စစ်ဆေးကြည့်ရှုခြင်းဖြစ်ကြောင်း သိရ သည်။

**မြို့နယ်(ပြန်/ဆက်)**

## ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် တိုင်းဒေသကြီးအတွင်းရှိ တရားသူကြီးများနှင့်တွေ့ဆုံ

**ရန်ကုန် နိုဝင်ဘာ ၁၁**

ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးဝင်းဆွေသည် ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီးအတွင်းရှိ တရားသူကြီးများ၊ တရားရေးအရာရှိများနှင့် တွေ့ဆုံ၍ ရန်ကုန်တိုင်းဒေသကြီးအတွင်း ကြန့်ကြာမှုခင်းများ အမြန်ပြီးပြတ်ရေး၊ မှုခင်း လက်ကျန်များ လျော့နည်းကျဆင်းရေး၊ လာဘ်ပေးလာဘ်ယူကင်းရှင်းရေး၊ သက်သေခံ ပစ္စည်းများ စနစ်တကျထိန်းသိမ်းထားရှိရေး၊ ရုံးပတ်ဝန်းကျင်သန့်ရှင်းသာယာလှပ ရေး၊ တရားရုံးလုံခြုံရေးနှင့် ဝန်ထမ်းရေးရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ လိုအပ်သည် များကို မှာကြားသည်။

တွေ့ဆုံပွဲသို့ တိုင်းဒေသကြီးတရားရေးဦးစီးမှူးနှင့် တရားရေးအရာရှိများ၊ ခရိုင်တရားသူကြီးများနှင့် မြို့နယ်တရားသူကြီးများ စုစုပေါင်း ၂၀၆ ဦးတို့ တက်ရောက် ကြသည်။ **သတင်းစဉ်**

## နှင်းဆီကုန်းဘိုးဘွားရိပ်သာရှေ့၌ ယာဉ်လမ်းအန္တရာယ်ကင်းရှင်းရေး အသိပညာပေး

**ရန်ကုန် နိုဝင်ဘာ ၁၁**


မြန်မာနိုင်ငံ ယာဉ်လမ်းအန္တရာယ်ကင်းရှင်းရေးအဖွဲ့နှင့် ဗဟန်းမြို့နယ် ရဲတပ်ဖွဲ့တို့ သည် မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် အသိပညာပေးပွဲကို ယနေ့ နံနက် ၈ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်း နှင်းဆီကုန်းဘိုးဘွားရိပ်သာရှေ့၌ ပြုလုပ်ခဲ့ရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ခေတ္တရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး အေးမင်းသိန်း၊ ယာဉ်ထိန်းတပ်ဖွဲ့ စည်ပင်သာယာ၊ ကြက်ခြေနီသူနာပြုတပ်ဖွဲ့ အထက (၁) ဗဟန်းမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက ယာဉ်လမ်းအန္တရာယ်ကင်းရှင်း စေရေး လက်ကမ်း စာစောင်များ၊ စာအုပ်များကို ပြည်သူများအား ဝေငှပေးခဲ့ကြ သည်။

**အေးကေလင်း**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် နိုဝင်ဘာ ၁၁**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာန၏ ထုတ်ပြန်ချက်အရ ရခိုင် ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ရှမ်းပြည် နယ်(အရှေ့ပိုင်း)နှင့် ရေဝတီတိုင်း ဒေသကြီးတို့တွင် နေရာ ကွက်ကျား မိုထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း မှာ ၆၀ ဖြစ်သည်။ နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီး တစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ် ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။



ယနေ့ နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်မှာ ညအပူချိန်များမှာ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် မွန်ပြည်နယ်တို့တွင် နိုဝင်ဘာ လ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့ တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၂ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ကျန်တိုင်း ဒေသကြီးနှင့် ပြည်နယ်တို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၉ ဒီဂရီစင်တီဂရိတ်ဖြစ်သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ လွန်ကျော်မြို့နှင့် လပွတ္တာမြို့တို့တွင် ၀ ဒသမ ၄၃ လက်မစီ၊ လှည်းကူးမြို့တွင် ၀ ဒသမ ၃၅ လက်မနှင့်ဟဲဟိုးမြို့တွင် ၀ ဒသမ ၂၈ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ယနေ့မြန်မာစံတော်ချိန် တစ်နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ကပ္ပလီ ပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ် နေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာလှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်တွင် ငါးပေမှ ခုနစ်ပေ ခန့်ရှိနိုင်သည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် နှင့် မွန်ပြည်နယ်တို့တွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။ **(မိုး/ဇလ)**

# မောင်တောဒေသ၌ မိုးစပါးထွက်ရှိမှု တင်းပေါင်း သိန်း ၂၀ လျာထား စပါး ရောင်းချရငွေများကို ဘဏ်တွင် အကောင့်ဖွင့်၍ ထားရှိမည်

**တွေ့ဆုံမေးမြန်း - သတင်းအဖွဲ့၊ ဓာတ်ပုံ- မင်းထက်**

မောင်တောဒေသအတွင်း အကြမ်းဖက်ဖြစ်စဉ် ဖြစ်ပွားပြီးနောက် ပြည်နယ်အစိုးရအနေဖြင့် နိုင်ငံတော်အစိုးရ၏လမ်းညွှန်မှုနှင့်အညီ လုပ်ငန်းဆောင်တာများကို ကဏ္ဍပေါင်းစုံမှ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ လတ်တလောတွင် မောင်တောဒေသ၌ ရင့်မှည့်ရိတ်သိမ်းချိန်တန်ပြီဖြစ်သော မိုးစပါးများ ရိတ်သိမ်းခြွေလှေ့သိမ်းဆည်းမှု၊ ကညင်ချောင်းကုန်သွယ်ရေးဇုန် အကောင်အထည်ဖော် ဆောင်ရွက်မှုကိစ္စရပ်များနှင့် တစ်ဖက်နိုင်ငံမှ ပြန်လည်ရောက်ရှိလာမည့်သူများကို ပြန်လည်လက်ခံမည့်စခန်းမြေနေရာများနှင့် နေရာချထားပေးမည့် အခြေအနေများကို ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် ပြည်နယ်ဝန်ကြီးများအဖွဲ့သည် ပူးပေါင်းဆောင်ရွက်အကောင်အထည်ဖော်မည့် စီးပွားရေးလုပ်ငန်းရှင်များနှင့်အတူ နိုဝင်ဘာ ၈ ရက်နှင့် ၉ ရက်တို့တွင် မြေပြင်ကွင်းဆင်း ကြည့်ရှုခဲ့ကြသည်။ ယင်းသို့ မြေပြင်ကွင်းဆင်းဆွေးနွေးဆောင်ရွက်ပေးမှုများနှင့် ပတ်သက်၍ သတင်းအဖွဲ့အနေဖြင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုအား သွားရောက်တွေ့ဆုံမေးမြန်းခဲ့မှုများကို ပြန်လည်ရေးသားဖော်ပြလိုက်ပါသည်။



ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု

**မေး။ ။ပြည်နယ်အစိုးရရဲ့ဦးဆောင်မှုနဲ့ မောင်တောဒေသမှာ ရင့်မှည့်မိုးစပါးတွေကို စတင်ရိတ်သိမ်းနေပြီလို့ သိရပါတယ်။ လတ်တလော ဘယ်လိုစီမံထားပြီး ဘယ်လိုဆောင်ရွက်သွားဖို့ ရှိပါသလဲခင်ဗျာ။**

ဖြေ။ ။မောင်တောဒေသမှာ မိုးစပါးတွေက ရင့်မှည့်နေပြီဖြစ်လို့ အလဟဿ ဖြစ်မသွားစေဖို့နဲ့ နိုင်ငံတော်ဝင်ငွေလည်း တစ်ဖက်တစ်လမ်းက ရရှိစေဖို့အတွက် အမြန်ဆုံး ရိတ်သိမ်းသွားမှာပါ၊ ပြီးတော့ စပါးတွေကို ရောင်းချပြီး ရရှိတဲ့ငွေတွေကိုလည်း ဒီဒေသရဲ့ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းတွေအတွက် ပြန်လည် အသုံးချသွားမှာပါ။ ရိတ်သိမ်းတဲ့အခါမှာ

**"မောင်တောဒေသမှာ မိုးစပါးတွေက ရင့်မှည့်နေပြီ ဖြစ်လို့ အလဟဿ ဖြစ်မသွားစေဖို့နဲ့ နိုင်ငံတော် ဝင်ငွေလည်း တစ်ဖက်တစ်လမ်းက ရရှိစေဖို့ အတွက် အမြန်ဆုံး ရိတ်သိမ်းသွားမှာပါ၊ ပြီးတော့ စပါးတွေကို ရောင်းချပြီး ရရှိတဲ့ ငွေတွေကိုလည်း ဒီဒေသရဲ့ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းတွေအတွက် ပြန်လည် အသုံးချသွားမှာပါ၊ ရိတ်သိမ်းတဲ့အခါမှာ အတတ်နိုင်ဆုံး အလေအလွင့် နည်းဖို့ မှာကြားထားပါတယ်"**

အတတ်နိုင်ဆုံး အလေအလွင့်နည်းဖို့ မှာကြားထားပါတယ်။ ရိတ်သိမ်းပြီးစီးတာနဲ့ အမြန်ဆုံး ရောင်းချနိုင်ဖို့ကိုလည်း နိုင်ငံတော်က ညွှန်ကြားထားပါတယ်။ ဒီစပါးတွေကို ကြာရှည်သိုလှောင်ထားမှာ မဟုတ်ဘဲ အမြန်ဆုံးရောင်းချသွားမှာပါ။ ဒါကြောင့်မို့ ဒီခရီးစဉ် ရောက်လာကတည်းက ဝယ်ယူမယ့်သူတွေနဲ့ ညှိနှိုင်းဆောင်ရွက်ပါတယ်။ ဝယ်ယူမယ့်သူကလည်း ဒီနယ်ခံပါ။ သူကနေ တာဝန်ခံပြီးတော့ ထွက်သမျှစပါးတွေကို ဝယ်ယူမှာဖြစ်ပါတယ်။ စာချုပ်လည်း နှစ်ဖက်သဘောတူ ချုပ်ဆိုပြီးသွားပါပြီ။

**မေး။ ။လတ်တလော ရိတ်သိမ်းခြွေလှေ့နေမှု အခြေအနေနဲ့ ပတ်သက်ပြီးစက်ပိုင်းဆိုင်ရာ၊ လုပ်သားငှားရမ်းမှုပိုင်းဆိုင်ရာ အခက်အခဲအနည်းငယ်ရှိတယ်လို့ သိရပါတယ်။ အဲဒါနဲ့ ပတ်သက်ပြီး ရှင်းပြပေးပါဦး။**

ဖြေ။ ။လတ်တလော ရိတ်သိမ်းခြွေလှေ့သိမ်းဆည်းနေမှုတွေနဲ့ ပတ်သက်လို့ ပြောရရင် ရသေ့တောင်၊ မောင်တောတောင်ပိုင်းတွေမှာ ရိတ်သိမ်းနေပါတယ်။ ဘူးသီးတောင်ဘက်ကိုတော့ ဖြည်းဖြည်းချင်း ရိတ်သိမ်းသွားမှာပါ။ လတ်တလောမှာ ရိတ်သိမ်းခြွေလှေ့စက် ၄၄ စီးနဲ့ ရိတ်သိမ်းနေပါတယ်။ ရိတ်သိမ်းခြွေလှေ့စက် အပိုင်းအနေနဲ့ နောက်ထပ်လည်း ရိတ်သိမ်းခြွေလှေ့စက် ၂၅ စီး ထပ်လာပါဦးမယ်။ ဒီမောင်တောဒေသမှာ စုစုပေါင်း ရိတ်သိမ်းခြွေလှေ့စက် ၆၉ စီးနဲ့ အမြန်ဆုံးရိတ်သိမ်းသွားပါတယ်။ လတ်တလော တောင်ပိုင်းမှာက ရင့်မှည့်လယ်တွေ များတာကြောင့် တောင်ပိုင်းကနေစပြီး ရိတ်သိမ်းနေရပါတယ်။ ပြောရရင် မောင်တောခရိုင်အတွင်းမှာ စုစုပေါင်း ဧက လေးသောင်းကျော် ရှိပါတယ်။

**မေး။ ။ရိတ်သိမ်းခြွေလှေ့ပြီး စပါးတွေကို သိမ်းဆည်းသိုလှောင်မထားဘဲ ရောင်းချပေးသွားမယ်လို့ သိရပါတယ်။ ဘယ်လိုပုံစံမျိုးရောင်းချသွားမှာပါလဲခင်ဗျာ။**

ဖြေ။ ။ရိတ်သိမ်းခြွေလှေ့ပြီး စပါးတွေကို ရောင်းချပြီးသွားပါပြီ။ စာချုပ်လည်း ချုပ်ဆိုပြီးပါပြီ။ ဒေသခံ မောင်တောကုန်သည်တစ်ဦးကိုပဲ ရောင်းချဖို့ သဘောတူထားပါတယ်။ တစ်တင်းကို ၂ ဒသမ ၆၅ ဒေါ်လာနဲ့ ရောင်းချထားပါတယ်။ ပုဂ္ဂလိကကိုပဲ ရောင်းချပေးထားပါတယ်။ သူ့အနေနဲ့ တစ်ဖက်ကို ရောင်းချဖို့ အခက်အခဲရှိရင် အစိုးရက ကူညီဆောင်ရွက်ပေးသွားမှာပါ။ ရောင်းတဲ့အခါမှာ စာချုပ်ပါအတိုင်း ရရှိတဲ့ငွေကြေးကို ဘဏ်မှာ အကောင့်တစ်ခုဖွင့်ပြီး ထားရှိမှာပါ။ ငွေကြေးသုံးစွဲဖို့ကိစ္စတွေကိုတော့ နိုင်ငံတော်က ချပေးတဲ့မူပေါ်မှာပဲ ဆက်လက်လုပ်ဆောင်သွားဖို့ ရှိပါတယ်။

**မေး။ ။ဒီမောင်တောဒေသက မိုးစပါး စုစုပေါင်း ဘယ်လောက်ထွက်မယ်လို့ မျှော်မှန်းထားပါသလဲ။**

ဖြေ။ ။မောင်တောဒေသမှာ အားလုံးပေါင်း စပါးတင်း သိန်း ၂၀ ထွက်မယ်လို့ လျာထားပါတယ်။ ပျက်စီးဆုံးရှုံးမှုကိုလည်း ရာခိုင်နှုန်း ၂၀ လောက်ပဲ ခန့်မှန်းထားပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ ဘယ်လောက်လုပ်နိုင်မလဲဆိုတဲ့ပေါ်မှာ မူတည်ပါတယ်။ လိုအပ်တဲ့ စပါးရိတ်သိမ်းခြွေလှေ့စက် ဘယ်လောက်မြန်မြန်ရနိုင်မလဲ။ လုပ်သားရရှိမှုပေါ်မှာ မူတည်ပါတယ်။ လုပ်သားအခက်အခဲလည်းရှိနေတော့ တတ်နိုင်သမျှ ဖြေရှင်းပေးသွားဖို့ရှိပါတယ်။ အားလုံးပူးပေါင်းဆောင်ရွက်မှ အဆင်ပြေမှာပါ။

**မေး။ ။တစ်ဖက်နိုင်ငံက ပြန်လည်ရောက်ရှိလာမယ့်သူတွေကို လက်ခံပေးသွားမယ့် အနေအထားကိုလည်း သိပါရစေ။ ဘယ်နေရာ လက်ခံသွားမှာပါလဲ။**

ဖြေ။ ။တစ်ဖက်နိုင်ငံကနေ ပြန်လည်ရောက်ရှိလာမယ့်သူတွေကို နေရာသုံးနေရာ သတ်မှတ်ပြီးတော့ အကောင်အထည်ဖော် ဆောင်ရွက်နေပါတယ်။ ကိုင်းကြီးရွာသစ်ကျေးရွာ၊ ခုံတိုင်ကျေးရွာနဲ့ သစ်တုံးနားခွဆုံကျေးရွာတွေမှာ နေရာချထားဖို့ အကောင်အထည်ဖော် ဆောင်ရွက်နေပါတယ်။ နောက်ထပ်လည်း တစ်ဖက်နိုင်ငံက ပြန်ဝင်လာမယ့် ဟိန္ဒူဘာသာဝင်တွေအတွက် ယခင် မီးလောင်ပျက်စီးသွားတဲ့ အိုးထိန်းကျေးရွာမှာ ပြန်လည်နေရာချထားပေးဖို့ စတင်ဆောင်ရွက်နေပါပြီ။ အမြန်ပြီးစီးရေး လုပ်ဆောင်သွားမှာပါ။ နောက်တစ်ခုက နယ်စပ်ဒေသနဲ့ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူတည်ဆောက်နေတဲ့ နံ့သာတောင်ကျေးရွာကတော့ ဘုန်းကြီးကျောင်းအပါအဝင် မီးလောင်ပျက်စီးသွားလို့ ကျေးရွာပုံစံတကျ အသစ်ပြန်လည်တည်ဆောက်ပေးဖို့ ရှိပါတယ်။

**မေး။ ။ဘယ်နေ့၊ ဘယ်အချိန်လောက် စတင်လက်ခံဖို့ စီစဉ်ထားပါသလဲ။**

ဖြေ။ ။အခုဆို ပြန်လည်ရောက်ရှိလာမယ့် မိသားစုဝင်တွေကို နေရာချထားပေးဖို့ စတင်ရှင်းလင်းအကောင်အထည်ဖော်နေပါပြီ။ လုပ်ငန်းတွေ အမြန်ဆုံးပြီးစီးသွားတာနဲ့ ပြောင်းရွှေ့လာတဲ့ မိသားစုတွေအတွက် အမြန်ဆုံး နေရာပြန်ချပေးနိုင်မှာပါ။ ပြန်လည်နေရာချထားပေးတဲ့ အခါမှာလည်း နိုင်ငံတော်က သတ်မှတ်ပေးထားတဲ့ စည်းကမ်း ချက်တွေနဲ့အညီ လက်ခံပေးသွားဖို့ရှိပါတယ်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင်က ဒါကို အမြန်ဆုံးဆောင်ရွက်ဖို့ နိုင်ငံတကာနဲ့ ပြည်တွင်း၊ ပြည်ပ အားလုံးသိအောင် ဆက်တိုက်လုပ်နေပါတယ်။ လက်ခံမယ့် အစီအစဉ်ကိုလည်း တရားဝင် စီစဉ်ထားပြီးသားပါ။ ၁၉၉၃ ခုနှစ်တုန်းက သဘောတူညီချက်အတိုင်း လက်ခံသွားဖို့ဆိုတာ တရားဝင်ကြေညာပြီးပါပြီ။ လက်ခံရေးစခန်းတွေ၊ ယာယီနေထိုင်မယ့်နေရာတွေ၊ ပြန်လည်နေရာချထားရေးတွေ၊ ဘဝရပ်တည်မှုအတွက်နဲ့ ရေရှည်အနာဂတ် ကောင်းမွန်ရေးတွေအတွက်ကိုပါ ဆောင်ရွက်နေပါတယ်။



မောင်တောတောင်ပိုင်းမှ ရိတ်သိမ်းပြီးသော စပါးများ အလယ်သံကျော်၌ ယာယီစုပုံ အခြောက်လှန်းနေစဉ်။

# မန်စီမြို့နယ် တောအတွင်း ပြည်သူနှစ်ဦး မိုင်းစထိမှန်၍ ဆေးရုံ၌ ကုသမှုခံယူ

**ဖန်းမော်  နိုဝင်ဘာ  ၁၁**

ကချင်ပြည်နယ် ဗန်းမော်ပြည်သူ့ဆေးရုံကြီး၌ နိုဝင်ဘာ ၉ ရက် ည ၈ နာရီခန့်က မိုင်းထိ လူနာနှစ်ဦးရောက်ရှိနေကြောင်း သတင်းအရ ဗန်းမော်မြို့နယ် ခေတ္တရဲတပ်ဖွဲ့မှူး ဒုရဲမှူး အောင်ကျော်စိုးဝင်း ဦးစီးသော တပ်ဖွဲ့ဝင်များက သွားရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၉ ရက် မွန်းတည့် ၁၂ နာရီခန့်က ဗန်းမော်ခရိုင် မန်စီမြို့နယ်၏ အနောက်တောင်ဘက် ၄၃ မိုင်ခန့်အကွာ မန်စီမြို့နယ် စီခမ်းကြီးကျေးရွာ၏ အရှေ့တောင်ဘက် ခြောက်မိုင်ခန့်အကွာ စီခမ်းကြီးနှင့် နမ့်လင်းပါကျေးရွာအကြား တောထဲ၌ ဦးစိုးတင့်(၄၅နှစ်) ကောင်လွင်ကျေးရွာ မန်စီမြို့နယ်နေသူနှင့် ဦးဇော်ငြိမ်းလွင်(ခ)ဇော်နိုင်(၃၄နှစ်) စီခမ်းကြီးကျေးရွာ မန်စီမြို့နယ်နေသူတို့နှစ်ဦးသည် တောထဲသို့ သွားစဉ် မိုင်းပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ ဦးစိုးတင့်နှင့် ဦးဇော်ငြိမ်းလွင် ဒဏ်ရာများ(မစိုးရိမ်ရ)ရရှိပြီး ဗန်းမော်ပြည်သူ့ဆေးရုံကြီး ခွဲစိတ်ဆောင်၌ အတွင်းလူနာအဖြစ် ဆေးကုသလျက်ရှိကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# မန္တလေးမြို့ သဇင်ဘီစကစ် စက်ရုံအတွင်း မီးလောင်မှုဖြစ်

**မန္တလေး  နိုဝင်ဘာ  ၁၁**

မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် စက်မှု(၁) ၁၂ ရပ်ကွက် အကွက် အမှတ် ပပ/၂၅ ယောမင်းကြီးလမ်းနှင့် ဖိုးရာဇာလမ်းကြား ၆၉ လမ်းနှင့် လမ်း ၇၀ ကြားရှိ ဦးအောင်စိုးဝင်း ပိုင်ဆိုင်သော သဇင်ဘီစကစ်စက်ရုံ၌ ယနေ့ မွန်းလွဲ ၁နာရီ ၁၅ မိနစ်ခန့်က စက်ရုံအတွင်း အသုံးပြုလျက်ရှိသော ဘွိုင်လာအိုးအပူလွန်ကဲရာမှ စတင်မီးလောင်မှုဖြစ်ပွားခဲ့သည်။ မီးလောင်မှုကြောင့် စက်ရုံအတွင်းရှိ အလျားပေ ၂၀၀ ၊အနံ ပေ ၄၀ သွပ်မိုးအုတ်ညှပ်မြေစိုက်အဆောက်အအုံတစ်လုံး ပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်ရာသို့ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မောင်( ခ) ဦးဇော်မောင်မောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဘုန်းထက်နိုင်မြင့်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်မီးသတ်ဦးစီးမှူးတို့ ဦးဆောင်သော သန္ဓေနှင့်အရန်မီးသတ်တပ်ဖွဲ့ဝင် ၂၀၀ ကျော်နှင့် ပြည်သူများကပူးပေါင်း၍ မီးသတ်ယာဉ် အစီး ၅၀၊ ရေသယ်ယာဉ်ငါးစီးတို့ဖြင့် မီးငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၁ နာရီ မိနစ် ၅၀ တွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။ ယင်းမီးလောင်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်းနှင့် မီးပေါ့ဆစွာသုံးစွဲသူ စက်ရုံမန်နေဂျာ ဦးမောင်လွင် (၄၂နှစ်)အား စက်မှုနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ရန်ကုန်မြို့မှ မော်တော်ယာဉ် လုယူမောင်းနှင်ထွက်ပြေးလာသူ သုံးဦးအား ပြည်မြို့တွင် ဖမ်းဆီးရမိ

**ပြည်  နိုဝင်ဘာ ၁၁**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်မှ မော်တော်ယာဉ်တစ်စီးကို လုယူမောင်းနှင်ထွက်ပြေးသွားသည့် ပြစ်မှုကျူးလွန်သူများမှာ ပဲခူးတိုင်းဒေသကြီး ပြည်မြို့ဘက်သို့ မောင်းနှင်သွားကြောင်း သတင်းရရှိခဲ့သည်။

သတင်းအရပိတ်ဆို့ ဖမ်းဆီးနိုင်ရန် မှော်ဘီမြို့မရဲစခန်းက ပြည်မြို့မရဲစခန်းသို့ ဆက်သွယ်၍ လုယူသွားသည့် ယာဉ်အမျိုးအစားနှင့် ပြစ်မှုကျူးလွန်သူများ၏ ပုံသဏ္ဌာန်များကိုပေးပို့ကာ အကူအညီတောင်းခံခဲ့သဖြင့် ပြည်မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးစီး၍ ပြည်မြို့မရဲစခန်း ယာဉ်ထိန်းတပ်ဖွဲ့တို့ပူးပေါင်းကာ နိုဝင်ဘာ ၁၀ ရက် နံနက် ၅ နာရီခွဲက ပြည်မြို့ ဆင်စုရပ်ကွက် နဝဒေးတံတားနှင့် မိချောင်းရဲလမ်းဆုံအကြား ပိတ်ဆို့စောင့်ဆိုင်းနေစဉ် နံနက် ၆ နာရီခွဲခန့်၌ YGN/---CALDINA အမျိုးအစား ယာဉ်အား မောင်းနှင်လာသည်ကို တွေ့ရှိရ၍ ရပ်တန့်စစ်ဆေးခဲ့သည်။ ယာဉ်ကို အောင်ဖြိုးဦး(ခ)ကိုဖြိုး မြောက်ပိုင်းရပ်ကွက် သုသာန်လမ်း ထောက်ကြန့်နေသူ မောင်းနှင်လာပြီး တင်နိုင်ဌေး(ခ)ဝေလု အမှတ် ၄ ရပ်ကွက် မှော်ဘီမြို့၊ ညီညီဇော်(ခ)ဝတုတ် မင်္ဂလာရပ်ကွက် သုခမြိုင် ၆ လမ်း တိုက်ကြီးမြို့နေသူတို့ လိုက်ပါလာသည်ကိုတွေ့ရှိရ၍ စစ်ဆေးရာ ၎င်းတို့သုံးဦးမှာ မှော်ဘီမြို့မရဲစခန်း အမှုမှ ပြစ်မှုကျူးလွန်သူများဖြစ်ကြောင်း သိရှိရ၍ ယင်းနေ့ နံနက် ၁၀ နာရီတွင် မှော်ဘီမြို့မရဲစခန်းမှ ရဲအုပ် ထွန်းလင်းဦးစီးအဖွဲ့သို့ မော်တော်ယာဉ်နှင့်အတူ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# ဇန်းမောက်မြို့နယ်တွင် တောအတွင်းမှ ခိုးထုတ်ယူလာသော တမလန်းသစ် ၈၁ တုံး ဖမ်းမိ

**ဖန်းမောက်  နိုဝင်ဘာ  ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ် မံထုံကျေးရွာအနီး၌ သစ်တောအတွင်းမှ ထုတ်ယူလာသော တမလန်းသစ်များ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၁၀ ရက် ညနေ ၅ နာရီခန့်က ကသာခရိုင် သစ်တောဦးစီးဌာနမှ တောအုပ် ဦးမိုးဟန်ဦးစီး သစ်တောဝန်ထမ်းများနှင့် နယ်မြေခံရဲတပ်ဖွဲ့ဝင်များပူးပေါင်းအဖွဲ့သည် သတင်းအရ ဗန်းမောက်မြို့နယ် မံထုံကျေးရွာအနီး ဝေနတ်မီးချောင်းဘေး၌ တောအတွင်းမှခိုးထုတ်သယ်ယူထားသော တမလန်းသစ် ၆၈ တုံး၊ မံထုံကျေးရွာ၏ အရှေ့ဘက် ဝေပုန်တန်ချောက်အတွင်းမှ ခိုးထုတ် တမလန်းသစ် ၁၃ တုံး စုစုပေါင်း ၈၁ တုံး (၅ ဒသမ ၁၁၄၂တန်)၊ ကာလတန်ဖိုး ငွေကျပ် ၂၀၄၅၆၀၀ အားသိမ်းဆည်းရမိသဖြင့် အဆိုပါသစ်ပိုင်ရှင်ကို အမှုဖွင့်ထားကြောင်း ခရိုင်သစ်တောဦးစီးဌာနမှ တောအုပ် ဦးမိုးဟန်ထံမှ သိရသည်။

**လှအောင်(ကသာ)**

# အမျိုးသားတစ်ဦးအား မကွေး တက္ကသိုလ်အတွင်း မသင်္ကာ၍ စစ်ဆေးရာမှ ဖုန်းခိုးမှုပေါ်

**မကွေး  နိုဝင်ဘာ  ၁၁**

မကွေးမြို့ မကွေးတက္ကသိုလ်ဝင်းအတွင်း အမျိုးသားတစ်ဦးအား ဖုန်းသုံးလုံးနှင့်အတူ မသင်္ကာဖွယ် တွေ့ရှိ၍ ဖမ်းဆီးအမှုဖွင့်စစ်ဆေးခဲ့ရာမှ ဖုန်းခုနစ်လုံးခိုးမှုထပ်မံပေါ်ပေါက်ခဲ့ကြောင်း မကွေးမြို့ရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ မကွေးခရိုင် ရဲတပ်ဖွဲ့မှ ရဲအုပ် အေးမင်းထွန်းနှင့် ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၆ ရက် ညနေ ၅ နာရီ မိနစ် ၄၀ က မကွေးတက္ကသိုလ်ဝင်း ရေနံ့သာကျောင်းဆောင် အနောက်ဘက် ဆိုင်ကယ်များ ရပ်တန့်သည့်နေရာ၌ မသင်္ကာဖွယ်ရာ လူတစ်ဦးအား စစ်ဆေးမေးမြန်းရာ ဇင်နောင်လတ် (၂၂နှစ်) ဆည်မုန်းကျေးရွာ ပွင့်ဖြူမြို့နယ်နေသူဖြစ်ပြီး ၎င်း၏လက်ထဲတွင် X-BO တံဆိပ်ပါ ဖုန်းတစ်လုံး၊ SAMSUNG တံဆိပ်ပါ ဖုန်းတစ်လုံး၊ MI တံဆိပ်ပါ ဖုန်းတစ်လုံးတို့အား တွေ့ရှိခဲ့သဖြင့် အဆိုပါပစ္စည်းများနှင့် ပတ်သက်၍ ပိုင်ဆိုင်ကြောင်း အထောက်အထား တစ်စုံတစ်ရာ ပြသနိုင်ခဲ့ခြင်းမရှိ၍ ခိုးယူလာသည်ဟု မသင်္ကာသဖြင့် ဇင်နောင်လတ်ကို မကွေးမြို့မရဲစခန်းက အမှုဖွင့်ခဲ့သည်။

ရဲတပ်ဖွဲ့က အမှုဖွင့်စစ်ဆေးခဲ့ရာ ဇင်နောင်လတ်သည် လွန်ခဲ့သည့်သုံးရက်ခန့်က မကွေးတက္ကသိုလ်ဝင်း စာကြည့်တိုက်အနီး၌ ရပ်ထားသည့် ဆိုင်ကယ်တူးဘောက်အတွင်းမှ MI တံဆိပ်ပါ ဖုန်းတစ်လုံး၊ OPPO တံဆိပ်ပါ ဖုန်းတစ်လုံးတို့ကို မကွေးမြို့ အောင်စေတနာ (အေ)အုပ်စုနေ အမျိုးသားတစ်ဦးထံ ရောင်းချခဲ့ကြောင်း၊ လွန်ခဲ့သောငါးလခန့်က SAMSUNG ဖုန်းတစ်လုံးကို မကွေးမြို့ ရွာသစ်ပွဲကြိုရပ်ကွက်နေ အမျိုးသားတစ်ဦးထံ ရောင်းချခဲ့ကြောင်း၊ လွန်ခဲ့သောခုနစ်လခန့်က မကွေးမြို့ ရန်အောင်ရပ်ကွက်ရှိ အမည်မသိ ပွဲရုံအတွင်းမှ SAMSUNG Tabaletတစ်လုံး၊ MI တံဆိပ်ပါ ဖုန်းတစ်လုံးတို့ကို ခိုးယူခဲ့ပြီး မင်းဘူးမြို့ အမှတ် ၃ ရပ်ကွက်နေ အမျိုးသားတစ်ဦးထံ ရောင်းချခဲ့ကြောင်း၊ လွန်ခဲ့သောတစ်လခန့်က မကွေးမြို့ အောင်စေတနာ(အေ)အုပ်စုနေ အမျိုးသားတစ်ဦးထံ MI တံဆိပ်ပါ ဖုန်းတစ်လုံးနှင့် OPPO တံဆိပ်ပါ ဖုန်းတစ်လုံးတို့ကို ရောင်းချခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ချက်အရ အဆိုပါ ဖုန်းများအား လိုက်လံသိမ်းဆည်းခဲ့ပြီး ခိုးမှုကျူးလွန်သူ ဇင်နောင်လတ်အား မကွေးမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်ဇေယျ**

# တရားမဝင် ရောက်ရှိလာသော မလေးရှားနိုင်ငံသားအား လမ်းဘေးမှ ခိုးယူလာသည့် ဆိုင်ကယ်နှင့်အတူ ဖမ်းဆီးရမိ

**တာချီလိတ်  နိုဝင်ဘာ  ၁၁**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့ ဆန်ဆိုင်း(က)ရပ်ကွက်၌ တရားမဝင်ဝင်ရောက်လာသော မလေးရှားနိုင်ငံသား တစ်ဦးအား လမ်းဘေးတစ်နေရာမှ ခိုးယူလာသည့် ဆိုင်ကယ်နှင့်အတူ နိုဝင်ဘာ ၁၀ ရက် ညနေ ၆ နာရီကျော်ခန့်က ဖမ်းဆီးရမိခဲ့သည်။

နိုဝင်ဘာ ၁၀ ရက် ညနေပိုင်းတွင် တာချီလိတ်မြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ရဲအုပ် အေးလွင်နှင့် ရဲတပ်ဖွဲ့ဝင်များသည် တာချီလိတ်မြို့ဆန်ဆိုင်း(က)ရပ်ကွက်ရုံးအနီး ပုံလို့လမ်းမပေါ်၌ ဗိုလ်ချုပ်လမ်းမကြီးဘက်မှ လွယ်စတုံဘက်သို့ Honda Wave ဆိုင်ကယ်ကို မောင်းနှင်လာသော အမျိုးသားတစ်ဦးအား မသင်္ကာသဖြင့် ရပ်တန့်စစ်ဆေးမေးမြန်းရာ မလေးရှားနိုင်ငံသား Mr.Tam Weng Kit ဆိုသူဖြစ်ပြီး ဆိုင်ကယ်နှင့်ပတ်သက်၍ ပိုင်ဆိုင်ကြောင်း အထောက်အထား တစ်စုံတစ်ရာပြောဆိုပြသနိုင်ခြင်းမရှိသဖြင့် လမ်းဘေးတစ်နေရာရာမှ ဆိုင်ကယ်ကို ခိုးယူလာသည်ဟု မသင်္ကာ၍ သိမ်းဆည်းခဲ့သည်။

အဆိုပါ မလေးရှားနိုင်ငံသားအား မြို့နယ်လဝကမှ တာဝန်ရှိသူများဖြင့် စစ်ဆေးရာ မလေးရှားနိုင်ငံသားဖြစ်ပြီး ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျပန်းလုပ်ကိုင်ရာမှ နိုဝင်ဘာ ၁၀ ရက် နံနက်ပိုင်းက ဗန်ကောက်မြို့မှ မယ်ဆိုင်မြို့သို့ ရောက်ရှိလာခဲ့ကြောင်း၊ မယ်ဆိုင်မြို့မှတစ်ဆင့် ချောင်းအား ဖြတ်ကူးလာပြီး တရားမဝင် ဝင်ရောက်လာခဲ့ကြောင်း စစ်ဆေး ပေါ်ပေါက်ခဲ့သဖြင့် Mr.Tam Weng Kit (၃၂ နှစ်) အား တာချီလိတ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

# အမရပူရမြို့တွင် လူသတ်မှုကျူးလွန်သူအား အချိန်တိုအတွင်း ဖမ်းဆီးရမိ

**အမရပူရ  နိုဝင်ဘာ  ၁၁**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့တွင် နိုဝင်ဘာ ၉ ရက် ည ၈ နာရီက မှန်တန်းရပ်ကွက် ရှင်ပင်ဆပ်သွား ဘုရားပွဲဈေးတန်း၌ လူငယ်ချင်း ခိုက်ရန်ဖြစ်ပွား ရာမှ လူသတ်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၉ ရက် ည ၈ နာရီက ဘုရားပွဲအတွင်း “ ဝေယံဦး” ဇာတ်စင် အနောက်ဘက်၌ အမရပူရမြို့နယ် ဝက်ကုန်းရပ်ကွက်နေ ဝင်းမြင့်ဦး၊ စိုးလင်းအောင်၊ မင်းခန့်ကျော်တို့ သုံးဦးသည် တစ်ရပ်ကွက်တည်းနေ မော်ဦး၊ မော်ထူး၊ မျိုးလှိုင်ဝင်းတို့နှင့် ပွဲခင်းအတွင်း ပခုံးချင်းတိုက်မိပြီး စကားများရာမှ မော်ဦး၊ မော်ထူး၊ မျိုးလှိုင်ဝင်း တို့က ဝင်းမြင့်ဦးအား ဝိုင်းဝန်းထိုးကြိတ်သဖြင့် ဝင်းမြင့်ဦးက အသင့်ပါလာသော အရိုးအသွား ကိုးလက်မခန့်ရှိ ဓားဦးချွန်ဖြင့် မော်ဦးတို့ သုံးဦးအား ဝမ်းဗိုက်ကို တစ်ယောက် တစ်ချက်စီထိုး၍ ထွက်ပြေးကြသည်။ ဓားထိုးခံရသူ သုံးဦးအနက် မော်ဦးနှင့် မော်ထူးမှာ ည ၈ နာရီ မိနစ် ၄၀ တွင်ရရှိသော ဒဏ်ရာဖြင့် သေဆုံးခဲ့ပြီး ကျန်တစ်ဦးမှာ ဝမ်းဗိုက်တွင် ဒဏ်ရာ (မစိုးရိမ်ရ) ရရှိခဲ့သည်။ လူသတ်မှုဖြစ်ပွားကြောင်း သတင်းအရ အမရပူရမြို့နယ် နယ်ထိန်းခေါင်းဆောင် ရဲအုပ် မင်းပိုင်ဦးနှင့် အဖွဲ့သည် ပြစ်မှုကျူးလွန်ရာတွင် ပါဝင်သော ဝင်းမြင့်ဦးအား ည ၈ နာရီ မိနစ်၂၀ တွင် ၎င်း၏နေအိမ်ရှေ့လမ်းမပေါ်၌ ဖမ်းဆီးရမိခဲ့သည်။

ပြစ်မှုကျူးလွန်သူများဖြစ်ကြသည့် ဝင်းမြင့်ဦး၊ စိုးလင်းအောင်၊ မင်းခန့်ကျော်တို့အား အမရပူရမြို့မရဲစခန်းက ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**မောင်မောင်စိုး(မြစ်ငယ်)**

# ရေပူနှင့် မရမ်းချောင် အမြဲတမ်း စစ်ဆေးရေးစခန်း၌ တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်

**နေပြည်တော်  နိုဝင်ဘာ  ၁၁**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်း စစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး နိုဝင်ဘာ ၁၀ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စု လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၉၉၆ စီး၊ သွင်းကုန် ၈၅၈ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၈ စီး၊ သွင်းကုန် ၁၆၉ စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

နိုဝင်ဘာ ၁၀ ရက်က ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းက တားဆီးမှုရှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၂ ဒသမ ၇၄၄ သန်းခန့်၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု တစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၀ ဒသမ ၄၂၆ သန်းခန့် စုစုပေါင်းတားဆီးမှု ကိုးမှု ခန့်မှန်း တန်ဖိုးငွေကျပ် ၁၅၃ ဒသမ ၁၇၀ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် နိုဝင်ဘာ ၁၀ ရက်က မန္တလေးသို့သွားရောက်မည့် Foton ခြောက်ဘီးယာဉ်နှစ်စီးနှင့် Dyna ခြောက်ဘီးယာဉ်တစ်စီးတို့ကို ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တားဆီးစစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် တရုတ်မုန့်မျိုးစုံ ၁၄၅၅ ဖာနှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ် သုံးစီး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၅၃ ဒသမ ၁ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



တရားဝင် စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် တရုတ်မုန့်မျိုးစုံနှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်သုံးစီး။

**၂၀၁၇ ခုနှစ်၊ ၉၇ နှစ်မြောက် အမျိုးသားနေ့ ဆောင်ပုဒ်**

**တိုင်းရင်းသားအားလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်ဖို့ ပြည်ထောင်စု ငြိမ်းချမ်းရေး တည်ဆောက်စို့။**

**၁၃၇၉ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက် (၁၃-၁၁-၂၀၁၇)**

# ၂၀၁၈ ရာသီ MNL ပြိုင်ပွဲအတွက် ကလပ်အသင်းများ စတင်ပြင်ဆင်

**ရန်ကုန် နိုဝင်ဘာ ၁၁**

၂၀၁၇ ရာသီ MNL အမှတ်ပေးပြိုင်ပွဲပြီးဆုံးသည်မှာ ရက်ပိုင်းသာရှိသေးသော်လည်း ဇန်နဝါရီတွင် ပြန်လည်စတင်မည့် ရာသီသစ် ၂၀၁၈ ရာသီအတွက် ကလပ်အသင်းများမှာ ပြင်ဆင်မှုများ စတင်ပြုလုပ်နေပြီဖြစ်သည်။ ၂၀၁၈ ရာသီ MNL ပြိုင်ပွဲစတင်ရန် ရက်ပေါင်း ၆၀ ကျော် လိုသေးသော်လည်း ကလပ်အသင်းများမှာ ကစားသမားသစ် ခေါ်ယူမှုများအပါအဝင် အခြားပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။

၂၀၁၇ ရာသီအတွက် ရာသီကြိုအပြောင်းအရွှေ့ကာလကို နိုဝင်ဘာ ၁ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ကလပ်အသင်းများမှာ လေ့ကျင့်မှုစတင်ပြုလုပ်ခြင်းမရှိသေးသော်လည်း ပြင်ဆင်မှုများ ပြုလုပ်နေပြီး ကစားသမားများ သက်တမ်းတိုးခြင်း၊ ထွက်ခွာခွင့်ပြုခြင်း၊ ကစားသမားသစ်များ ခေါ်ယူခြင်း၊ နိုင်ငံခြားသားကစားသမားခေါ်ယူမှုများ စတင်ပြုလုပ်လျက်ရှိသည်။ ရာသီသစ်အတွက် ပထမဆုံးကစားသမားသစ်ခေါ်ယူခဲ့သည့်အသင်းမှာ ရန်ကုန်အသင်းဖြစ်ပြီး ချင်းယူနိုက်တက်အသင်း၏ မြန်မာ့လက်ရွေးစင်ဟောင်း ကွင်းလယ်တိုက်စစ်ကစားသမား ဆောင်လမန်ကို ခေါ်ယူခဲ့သည်။ ရန်ကုန်အသင်းသည် ဆောင်လမန်ကို နှစ်နှစ်စာချုပ်ဖြင့် နိုဝင်ဘာ ၈ ရက်က စာချုပ်ချုပ်ဆိုခဲ့ခြင်းဖြစ်ပြီး လာမည့်ရာသီတွင် AFC Cup ပြိုင်ပွဲယှဉ်ပြိုင်ရမည်ဖြစ်သောကြောင့် အင်အားဖြည့်တင်းခဲ့ခြင်းဖြစ်သည်။ ရန်ကုန်အသင်းသည် ပြည်တွင်းကစားသမားသစ်များ ထပ်မံခေါ်ယူမည်ဖြစ်ပြီး နိုင်ငံခြားသားကစားသမားများလည်း ခေါ်ယူမည်ဖြစ်သည်။ မြန်မာ နေရှင်နယ်လိဂ်ကော်မတီသည် ၂၀၁၈ ရာသီအတွက် ပြီးခဲ့သည့်ရက်ပိုင်းက ပထမအကြိမ် အစည်းအဝေးပြုလုပ်ခဲ့ပြီး ဇန်နဝါရီ ၁၃ ရက်တွင် စတင်ကျင်းပရန် လျာထားကာ အသင်း ၁၂ သင်းဖြင့် ကျင်းပမည်ဖြစ်သည်။ ၂၀၁၇ ရာသီတွင် လစာကြွေးကျန်ပြဿနာများကြောင့် နေပြည်တော်အသင်းအားပြိုင်ပွဲမှ ထုတ်ပယ်ခဲ့သလို ပထမတန်းချန်ပီယံဖြစ်ပြီး တန်းတက်ခွင့်ရခဲ့သည့် စီးတီးရန်ကုန်အသင်းမှာလည်း အသင်းပိုင်ရှင်နှင့် ဒါရိုက်တာအဖွဲ့ဝင်များ၏ ဗီဇာအခက်အခဲကြောင့် အသင်းဖျက်သိမ်းခဲ့ရာ လာမည့်ရာသီ MNL ပြိုင်ပွဲယှဉ်ပြိုင်ခွင့်ရမည့်အသင်းများကို ယခုလအတွင်းကျင်းပမည့် လိဂ်ကော်မတီအစည်းအဝေးတွင် ထုတ်ပြန်ကြေညာမည်ဖြစ်သည်။ MNL ကလပ်အသင်းများအနက် ရှမ်းယူနိုက်တက်အသင်းနှင့် ရန်ကုန်အသင်းတို့မှာ အာရှအဆင့်ကလပ်ပြိုင်ပွဲများ ယှဉ်ပြိုင်ရမည်ဖြစ်သောကြောင့် အခြားအသင်းများထက် ပြင်ဆင်မှုပိုမိုပြုလုပ်ဖွယ်ရှိနေသည်။

**ညီမြတ်သော်တာ**

# ယူနန်-အာဆီယံ ဖိတ်ခေါ်ပြိုင်ပွဲတွင် ရှမ်းယူနိုက်တက်အသင်း ဝင်ရောက် ယှဉ်ပြိုင်မည်

**ရန်ကုန် နိုဝင်ဘာ ၁၁**

၂၀၁၇ ရာသီ MNL အမှတ်ပေးပြိုင်ပွဲနှင့် ဗိုလ်ချုပ်အောင်ဆန်းဒိုင်းရှုံးထွက်ပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သည့် ဖလားနှစ်လုံးချန်ပီယံ ရှမ်းယူနိုက်တက်အသင်းသည် ဒီဇင်ဘာလဆန်းပိုင်းတွင် ကျင်းပမည့် ၂၀၁၇ ယူနန်-အာဆီယံ ဖိတ်ခေါ်ကလပ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် ၂၀၁၈ ရာသီအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ယင်းပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်ပြီး ၂၀၁၇ ရာသီတွင် ရရှိခဲ့သည့် ဆုကြေးများကို ခွဲဝေပေးခဲ့သည်။

ရှမ်းယူနိုက်တက်အသင်းသည် လာမည့်ရာသီတွင် ပြည်တွင်းပြိုင်ပွဲများအပြင် အာရှအဆင့် ကလပ်ပြိုင်ပွဲများ ယှဉ်ပြိုင်ရမည်ဖြစ်သောကြောင့် အသင်းအား အင်အားတောင့်တင်းစေရန် ပြင်ဆင်မှုများစတင် ဆောင်ရွက်နေပြီဖြစ်ပြီး အာရှချန်ပီယံလိဂ်ခြေစစ်ပွဲမတိုင်မီ နိုင်ငံတကာပြိုင်ပွဲ ယှဉ်ပြိုင်ခြင်းဖြစ်သည်။ တရုတ်ဘောလုံးအဖွဲ့ချုပ်သည် ယင်းပြိုင်ပွဲကို နှစ်စဉ်ကျင်းပလျက်ရှိပြီး တရုတ်နိုင်ငံမှ ကလပ်အသင်းများ၊ ယူနန်အခြေစိုက်အသင်းများ၊ အာဆီယံဒေသတွင်းမှ ကလပ်အသင်းများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကာ မြန်မာကလပ်အသင်းများဖြစ်သည့် ဟံသာဝတီ၊ ရတနာပုံနှင့် မနောမြေအသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ဖူးကြောင်း သိရသည်။ ယင်းသုံးသင်းတွင် ဟံသာဝတီအသင်းမှာ အများဆုံးဝင်ရောက်ယှဉ်ပြိုင်ဖူးပြီး ၂၀၁၅ ပြိုင်ပွဲတွင် တတိယဆု ရရှိခဲ့ဖူးသည်။ ဒီဇင်ဘာလတွင် မြန်မာ ယူ-၂၃ အသင်းက M-150 Cup ထိုင်း ယူ-၂၃ ဖိတ်ခေါ်ပြိုင်ပွဲ၊ မြန်မာယူ-၂၁ အသင်းက ဗီယက်နမ် ယူ-၂၁ ဖိတ်ခေါ်ပြိုင်ပွဲတို့ ယှဉ်ပြိုင်ရန်ရှိနေပြီး ရှမ်းယူနိုက်တက် အသင်းသည် ယင်းအသင်းများတွင် ရွေးချယ်ခံထားရသည့် ကစားသမားများ မပါဝင်ဘဲ ယှဉ်ပြိုင်ရဖွယ်ရှိနေသည်။ ရှမ်းယူနိုက်တက် အသင်းသည် လာမည့်ရာသီအတွက် ကစားသမားခေါ်ယူမှု၊ နိုင်ငံခြားသား




အမှတ်ပေးချန်ပီယံ ရှမ်းယူနိုက်တက်အသင်း ဆုလက်ခံရယူနေစဉ်

ကစားသမား ခေါ်ယူမှု အပါအဝင် စာချုပ်သက်တမ်းတိုးမည့် ကစားသမားများကိုလည်း အစည်းအဝေး ပြုလုပ်ကာ ဆုံးဖြတ်မည်ဖြစ်သည်။ ရှမ်းယူနိုက်တက် အသင်းဥက္ကဋ္ဌ ဦးခွန်နောင်မြင့်ဝေက “လာမယ့်ရာသီမှာ အောင်မြင်မှုရဖို့ ပြင်ဆင်ဆောင်ရွက်နေပါတယ်၊ အာရှဖလားခြေစစ်ပွဲ ယှဉ်ပြိုင်နေတဲ့ ကစားသမားတွေပြန်လာတဲ့အချိန် ကျရင် အသင်းတာဝန်ရှိသူတွေ၊ နည်းပြအဖွဲ့ဝင်တွေ၊ ကစားသမားတွေနဲ့ အစည်းအဝေးပြုလုပ်ပြီး ရာသီသစ်အတွက် ပြင်ဆင်ဆောင်ရွက်မှုတွေ ပြုလုပ်သွားမှာပါ၊ ယူနန်-အာဆီယံဖိတ်ခေါ်ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်မှာပါ၊ လာမယ့်ရာသီအတွက် ပြင်ဆင်တဲ့အနေနဲ့ ယှဉ်ပြိုင်မှာပါ၊ ကျွန်တော်တို့အနေနဲ့ လာမယ့်ရာသီမှာ အောင်မြင်မှုတွေ ထပ်မံရယူနိုင်ဖို့ အကောင်းဆုံး ပြင်ဆင်မှုတွေ ပြုလုပ်မှာပါ”ဟု ပြောကြားသည်။ ရှမ်းယူနိုက်တက်အသင်း အုပ်ချုပ်မှုအဖွဲ့သည် ဖလားနှစ်လုံးချန်ပီယံ စီနီယာအသင်းသားများအား ဆုကြေးငွေများခွဲဝေပေးခဲ့ပြီး MNL အမှတ်ပေးချန်ပီယံဆုရရှိခဲ့ခြင်းအတွက် ငွေကျပ်သိန်း ၂၅၉၀၊ ရှုံးထွက်ချန်ပီယံဆုရရှိခဲ့ခြင်းအတွက် ငွေကျပ်သိန်း ၁၉၃၀ စုစုပေါင်း ငွေကျပ်သိန်း ၄၅၂၀ ပေးအပ်ချီးမြှင့်ခဲ့သည်။ ရှမ်းယူနိုက်တက်အသင်း၏Main-Sponsor ဖြစ်သော KBZ Bank ဘဏ်ခွဲ ၅၀၀ ပြည့် ဖွင့်လှစ်နိုင်ခြင်းအား ဂုဏ်ပြုသောအားဖြင့် အုပ်ချုပ်မှုအဖွဲ့က ဆုကြေးငွေများအား ခွဲဝေပေးခဲ့ခြင်းဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းသည် ၂၀၁၈ ရာသီတွင် ပြည်တွင်းပြိုင်ပွဲများအဖြစ် MNL အမှတ်ပေးပြိုင်ပွဲ၊ ဗိုလ်ချုပ်အောင်ဆန်းဒိုင်းရှုံးထွက်ပြိုင်ပွဲ၊ MNL Charity Cup ပြိုင်ပွဲတို့ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ပြည်ပပြိုင်ပွဲများအဖြစ် ယူနန်-အာဆီယံဖိတ်ခေါ်ပြိုင်ပွဲ၊ အာရှချန်ပီယံလိဂ် ခြေစစ်ပွဲနှင့် AFC Cup ပြိုင်ပွဲတို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

**သတင်း-ညီမြတ်သော်တာ**
**ဓာတ်ပုံ-စိုးညွန့်**

## မြန်မာနိုင်ငံစာရင်းကောင်စီ ဒီပလိုမာစာရင်းကိုင်(ပထမပိုင်း)သင်တန်း ၂၀၁၈ပညာသင်နှစ်အတွက် သင်တန်းသားများ ခေါ်ယူခြင်း

၁။ ၂၀၁၈ ပညာသင်နှစ်၊ ဒီပလိုမာစာရင်းကိုင်(ပထမပိုင်း)သင်တန်းကို ၂၀၁၈ခုနှစ်၊ ဖေဖော်ဝါရီလတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ရန်ကုန်သင်တန်းကျောင်း(၁/၁၉၊ သခင်မြပန်းခြံလမ်း၊ အလုံမြို့နယ်)တွင် ဖွင့်လှစ်ပါမည်။ သင်တန်းကာလမှာ ပထမပိုင်း(တစ်နှစ်)၊ ဒုတိယပိုင်း(တစ်နှစ်)ဖြစ်ပါသည်။

၂။ အဆိုပါသင်တန်းကို မြန်မာနိုင်ငံစာရင်းကောင်စီက အသိအမှတ်ပြုဖွင့်လှစ်ခွင့်ပြုထားသည့် ကိုယ်ပိုင်စာရင်းကိုင် သင်တန်းကျောင်းများတွင်လည်း တက်ရောက်နိုင်ပါသည်။

၃။ ဒီပလိုမာစာရင်းကိုင်သင်တန်းဆိုင်ရာသတ်မှတ်ချက်များကို မြန်မာနိုင်ငံစာရင်းကောင်စီ၏ ၅-၁-၂၀၁၇ရက် အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၁၇ဖြင့် ထုတ်ပြန်ထားပါသည်။ ထိုအမိန့်ကြော်ငြာစာကို www.oagmac.gov.mm/my/new-activities/926 တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

၄။ သင်တန်းသို့ အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူများ လျှောက်ထားနိုင်ပါသည်။

၅။ ကောင်စီက ဖွင့်လှစ်သည့်သင်တန်းကျောင်းများတွင် တက်ရောက်မည့်သူများသည် ရုံးဖွင့်ရက်များနှင့် စနေနေ့တွင် နံနက် ၇နာရီမှ ၈း၅၀နာရီအထိ သင်တန်းတက်ရောက်ရမည်။

၆။ သင်တန်းတက်ရောက်လိုသူများသည် အပိုဒ်-၁ ပါလိပ်စာတွင် ၁၄-၁၁-၂၀၁၇ ရက်မှ ၁၃-၁၂-၂၀၁၇ရက်အတွင်း ရုံးဖွင့်ရက်များ၌ နံနက် ၁၀နာရီမှ ညနေ ၃နာရီအတွင်း လျှောက်ထားသူကိုယ်တိုင် လျှောက်လွှာကို ကျပ် ၁၀၀၀ဖြင့် ဝယ်ယူ၍ လျှောက်လွှာနှင့်အတူ အောက်ပါတို့ကို ပူးတွဲတင်ပြလျှောက်ထားရမည်။

(က) ဘွဲ့လက်မှတ်သို့မဟုတ်ဘွဲ့ထောက်ခံစာ(မူရင်းနှင့်မိတ္တူ)

(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်းနှင့်မိတ္တူ)

(ဂ) တစ်လအတွင်းရိုက်ထားသည့် ၁"×၁"အရွယ်လိုင်စင်ဓာတ်ပုံ ၃ပုံ

(ဃ) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက ဝန်ထမ်းစိစစ်ရေးကတ်ပြား(မူရင်းနှင့်မိတ္တူ)နှင့် သက်ဆိုင်ရာ ဌာနအကြီးအကဲ၏ သင်တန်းတက်ရောက်ခွင့်ပြုကြောင်း ထောက်ခံချက်

၇။ ဘွဲ့နှင်းသဘင်မကျင်းပရသေးသဖြင့် ဘွဲ့လက်မှတ်မရရှိသေးသူများမှအပ ကျန်လျှောက်ထားသူများသည် ဘွဲ့လက်မှတ်ကို မပျက်မကွက်တင်ပြရမည်။ လိုအပ်ချက်မပြည့်စုံသည့် လျှောက်လွှာများ၊ သတ်မှတ်ရက်ကျော်လွန်ပြီးမှ တင်သွင်းသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၈။ တက်ရောက်ခွင့်ရသူများ၏ စာရင်းကို ၂၉-၁၂-၂၀၁၇ ရက် မတိုင်မီ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး၊ ရန်ကုန်သင်တန်းကျောင်းနှင့် မြန်မာနိုင်ငံစာရင်းကောင်စီရုံး website:www.oagmac.gov.mm တို့တွင် ကြေညာထားမည်ဖြစ်ပါသည်။

၉။ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း မြန်မာနိုင်ငံစာရင်းကောင်စီရုံး ဖုန်းနံပါတ်-၀၁-၂၂၇၂၄၆၊ ၀၁-၂၂၃၁၄၃ တို့ကို ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**မြန်မာနိုင်ငံစာရင်းကောင်စီ**

## ဖခင်အမည်မှန်

သဲကုန်းမြို့နယ်၊ အထက၊ ပုတီးကုန်းမြို့၊ န၀မတန်းမှ မောင်အောင်ထက်ပိုင်၏ ဖခင်အမည်မှန်မှာ ဦးစိုးမြိုင် ၇/ဇကန(နိုင်)၀၁၅၆၀၅ ဖြစ်ပါကြောင်း။ **ဦးစိုးမြိုင်**


**ဗုဒ္ဓဂယာ + မဇ္ဈိမဒေသ နေရာစုံ လှူဒါန်းလိုပါသလား**

**ခင်နန္ဒာ ဗုဒ္ဓဂယာအဖွဲ့နှင့် ရုံးချိန်အတွင်းဆက်သွယ်၍ တတ်စွမ်းသမျှကုသိုလ်ယူနိုင်ပါသည်- (နယ်မှ ဘဏ်ငွေလွှဲပို့နိုင်ပါသည်။)**

| | | | | | |
|---|---|---|---|---|---|
| ၁။မြေ(၁)စတုရန်းပေ(ကျပ်) | ဂယာ ၂၉,၀၀၀ | ကုသိနာရုံ ၁၀,၀၀၀ | နယူးဒေလီ ၂၀,၀၀၀ | ဗုဒ္ဓဂယာ ၃၀,၀၀၀ | ရာဇဂြိုဟ် ၁၀,၀၀၀ |
| ၂။ကျောင်းဆောင်(၁)စတုရန်းပေ(ကျပ်) | ဂယာ ၂၇,၀၀၀ | ကုသိနာရုံ ၂၀,၀၀၀ | သာဝတ္ထိ ၂၅,၀၀၀ | ဗုဒ္ဓဂယာ ၃၀,၀၀၀ | ရာဇဂြိုဟ် ၁၀,၀၀၀ |

* ကျပ်(၅)သိန်းနှင့်အထက် ရန်ကုန်မြို့တွင်း အိမ်အရောက် ရှင်းပြ/ကောက်ခံပေးပါသည်။

ရုံးချုပ် - ကွန်ဒို(E) ၊ မြေညီထပ် ၊ ကမ္ဘာအေးဗီလာအိမ်ရာ ၊ ကမ္ဘာအေးစေတီလမ်း ၊ (၈)မိုင် ၊ မရမ်းကုန်း ၊ ရန်ကုန်။
☎ ၀၁-၆၅၅၅၂၀ ၊ ၀၉-၅၆၀၀၁၂၃

ရုံးခွဲ - အမှတ်(၁၁၀) ၊ မြေညီထပ် ၊ (၃၉)လမ်း (အောက်) ၊ ကျောက်တံတား ၊ ရန်ကုန်။
☎ ၀၁-၂၄၀၀၄၇ ၊ ၀၉-၅၃၂၁၀၁၂


## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4D/2349 Toyota Caldina (ST 210) S/W(4x2) ယာဉ်လက်ဝယ်ရှိသူ ဦးညွန့်ရှိန် ၁၂/မဘန(နိုင်)၀၁၈၇၇၂၈ (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း) အင်းစိန်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9H/8301 Toyota Ractis scp 100 Hatch Bock (4x2) R ယာဉ်လက်ဝယ်ရှိသူဒေါ်တင်စီ ၁၂/သကတ(နိုင်)၁၀၂၁၃၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း) သန်လျင်မြို့**

## ဖြည့်စွက်ကြော်ငြာခြင်း

ခရမ်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် ဘုရားလမ်း၊ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းအတွက် လုပ်ငန်းသုံးပစ္စည်း (၃)မျိုးအား အိတ်ဖွင့်တင်ဒါဖြင့် ဝယ်ယူရန် (၆-၁၁-၂၀၁၇)ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၁၃)ကော်လံ(၆၊ ၇)ဖြင့် ကြော်ငြာခဲ့သော ဘိလပ်မြေ၊သဲ၊ ကျောက်ပစ္စည်း(၃)မျိုးအပြင် လိပ်သည်းကျောက်၊ တောသစ်၊ ရိုက်သံ၊ ဒီဇယ်ဆီနှင့် Sikament ဆေးရည်စသည့် ပစ္စည်းငါးမျိုးအား ထပ်မံ၍ ပစ္စည်းအမျိုးအစား၊ တစ်ခုချင်းအလိုက် ဈေးနှုန်းအဆိုပြုတင်ဒါ တင်သွင်းနိုင်ပါကြောင်း ဖြည့်စွက်ကြော်ငြာအပ်ပါသည်။

**ဆက်သွယ်ရန်-ဖုန်းနံပါတ်-၀၅၆-၃၀၀၃၆၊ ၀၉-၄၂၁၀၅၂၅၄၉**

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ခရမ်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

## ကန့်ကွက်နိုင်ပါကြောင်း

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ လယ်ကုန်းရပ်ကွက်၊ ကွင်းအမှတ် ၂၀က/၄၊ ကွင်းအမည်-လယ်ကုန်း၊ ဦးပိုင်မှတ် ၅၂/၁၃၊ မြေဧရိယာ ၀ဒသမ၁၅၀ ဧကရှိ မြေကွက်ကို ဦးဝင်းအောင် ပြေစာအမည်ထွက်ရှိပြီး ယခုအခါ ဦးဝင်းအောင်မှာ ကွယ်လွန်သွားပြီဖြစ်၍ ၎င်း၏ဇနီးဖြစ်သူ ဒေါ်အဘီးမာယာ ၁/ဝမန(နိုင်)၀၃၂၃၉၅ မှ လုပ်ထုံးလုပ်နည်းများနှင့်အညီ တရားဝင် အမည်လွှဲပြောင်းခြင်း ဆောင်ရွက်မည်ဖြစ်သဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ပြီး ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဖော်ပြပါမြေကွက်နှင့် ပတ်သက်ပြီး အမည်လွှဲပြောင်းခြင်းကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးချာပ်(စ်)(LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၄၀၇၅၅)**
**အမှတ် (၃၃၄/ခ)၊ မြေမြင့်ရပ်ကွက်၊**
**မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်၊**

## မြေကွက်အမှတ် အမှန်ပြင်ဆင်ကြေညာခြင်း

၄-၁၀-၂၀၁၇ရက်ထုတ် မြန်မာ့အလင်းသတင်းစာကြော်ငြာ စာမျက်နှာ-၁၃ တွင် ကြေညာဖော်ပြခဲ့သော မြေကွက်အမှတ်အမှန်မှာ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ နန္ဒာအုပ်စု၊ ဇလုပ်ကျေးရွာ၊ ကြီးလေးကြီးလမ်းမဘေး၊ ကျူးတော ကွင်းအမှတ်- ၉၄၉/အေ၊ ဦးပိုင်အမှတ် N/၂၁၊ မြေအမျိုးအစား-G အကျယ်အဝန်း ၅ ဒသမ ၀၈ဧကရှိ မြေကွက်သည် ဒေါ်မိုးသီတာဇော် အမည်ပေါက် မြေကွက်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ- ဦးမောင်မောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၉၄၃)**
**အမှတ် ၉/၁၁၊ ၃-ဘီ(မြေညီထပ်)၊ ၃၆လမ်း(လမ်းတို)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၇၉၁၇၁၈၂၂၅၊ ၀၉-၂၅၃၃၉၀၈၄၁**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးမျိုးညွန့် ၁၂/ရကန(နိုင်)၀၇၅၆၂၇၊ ဒေါ်လှသက်မွန် ၁၂/သဃက(နိုင်)၁၁၉၅၅၄၊ သမီးဖြစ်သူ မနှင်းစပါယ် မျိုးညွန့်နှင့် မနှင်းစပွါယ်မျိုးညွန့် ၁၂/ရကန(နိုင်)၀၈၀၄၃၆ သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

**မနှင်းစပါယ်မျိုးညွန့်နှင့် မနှင်းစပွါယ်မျိုးညွန့်**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၁-၁၁-၂၀၁၇ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာ(၂၂)တွင် ပါရှိသော အများသိစေရန် ကြော်ငြာတွင် ဦးအုန်းချို၏ ကွယ်လွန်သော ရက်မှာ ၁၄- ၄-၂၀၁၄ အစား ၁၄-၄-၂၀၀၄ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**သွေးသည် အသက်**

# အေပက် အစည်းအဝေးတွင် အမေရိကန်သမ္မတနှင့် ရုရှားသမ္မတတို့ အိုင်အက်စ်ချေမှုန်းရေး သဘောတူ

**ဒါနန်း နိုဝင်ဘာ ၁၁**

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့် ရုရှားသမ္မတ ဗလာဒီမာပူတင်တို့သည် နိုဝင်ဘာ ၁၁ ရက်က ၂၀၁၇ အာရှ-ပစိဖိတ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှု (အေပက်)အဖွဲ့ကြီး၏ တွေ့ဆုံဆွေးနွေးပွဲတွင် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ရင်း ဆွေးနွေးမှုများလုပ်ခဲ့ကြောင်း ရိုက်တာသတင်းတစ်ရပ်၌ ဖော်ပြခဲ့သည်။

အမေရိကန်သမ္မတ ထရန့်နှင့်ရုရှားသမ္မတ ဗလာဒီမာပူတင်တို့ တရားဝင်တွေ့ဆုံ ဆွေးနွေးမည့် အခြေအနေမရှိကြောင်း အိမ်ဖြူတော်က ပြောခဲ့သော်လည်း နိုဝင်ဘာ ၁၀ ရက် ညစာစားပွဲတွင် တစ်ဦးနှင့်တစ်ဦး လက်ချင်းဆွဲနှုတ်ဆက်ခဲ့သလို နိုဝင်ဘာ ၁၁ ရက်နေ့ အာရှ-ပစိဖိတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု (အေပက်) ခေါင်းဆောင်များ အစည်းအဝေးတွင်ပြန်လည် တွေ့ဆုံခဲ့ကြသည်။

အမှတ်တရ ဓာတ်ပုံရိုက်မည့်နေရာသို့ လျှောက်သွားစဉ် အမေရိကန်သမ္မတ ထရန့်နှင့် ရုရှားသမ္မတ ဗလာဒီမာပူတင်တို့ တစ်ဦးနှင့်တစ်ဦး စကားစမြည်ပြောနေပုံကို ရုပ်မြင်သံကြားသတင်းတွင် ဖော်ပြခဲ့သည်။

နှစ်ဖက်ပဋိပက္ခ ဖြစ်ပွားနေချိန်ဖြစ်သောကြောင့် တရားဝင်တွေ့ဆုံဆွေးနွေးမှု ပြုလုပ်ရန် အစီအစဉ်မရှိသော်လည်း အမေရိကန်သမ္မတထရန့်နှင့် ရုရှားသမ္မတ ဗလာဒီမာပူတင်တို့၏ယခုကဲ့သို့ လက်ဆွဲနှုတ်ဆက်ခြင်းသည် ကြုံတောင့်ကြုံခဲအခြေအနေဖြစ်ကြောင်း သိရသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် အာရှ ၁၂ ရက်ကြာ ခရီးစဉ် သွားနေစဉ်အတွင်း ဗီယက်နမ်သို့ ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့အပြင် ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်တို့ ဆီးရီးယားအရေး ပူးတွဲကြေညာချက်တွင် အိုင်အက်စ်အကြမ်းဖက်သမားများကို အတူတကွ တိုက်ထုတ်ရန်သဘောတူခဲ့ကြောင်း ကရင်မလင်၏ ထုတ်ပြန်ချက်အရ သိရသည်။



နှစ်ဖက်ခေါင်းဆောင်များသည် ဆီးရီးယားအချုပ်အခြာ၊ လွတ်လပ်ရေးနှင့် ပိုင်နက် နယ်မြေများအကြောင်း အမြင်ချင်းဖလှယ်ခဲ့သလို ဆီးရီးယားပဋိပက္ခ အရေးပါတီများ အားလုံးပါဝင်ဖို့ တိုက်တွန်းခဲ့ကြောင်း သိရသည်။

မော်စကိုနှင့် ဝါရှင်တန်တို့သည် ဆီးရီးယားအရေး စစ်ရေးအရမဖြေရှင်းရန်လည်း သဘောတူခဲ့သည်။

**ရိုက်တာ**

# ဖန်လုံအိမ်သဘာဝ ဓာတ်ငွေ့လျှော့ချရန် ကုလအတွင်းရေးမှူးချုပ် ကြိုးစား

**ဂျီနီဗာ နိုဝင်ဘာ ၁၁**

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က ရာသီဥတု ပြောင်းလဲခြင်းဆိုင်ရာ ပါရီသဘောတူညီချက် အကောင်အထည်ဖော်မှုအပေါ် စိုးရိမ်မကင်းဖြစ်မိကြောင်း မကြာသေးမီတွင် ပြောကြားခဲ့သည်။

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်သည် နယူးယောက်မြို့ ကုလသမဂ္ဂဌာနချုပ်တွင် သတင်းထောက်များကို အထက် ပါအတိုင်း ပြောကြားခဲ့ခြင်း ဖြစ်သည်။

ဖန်လုံအိမ် သဘာဝဓာတ်ငွေ့ ထုတ်လွှတ်မှုပမာဏ မြင့်တက်လာမည်ဆိုပါက ၂၀၂၀ ပါရီသဘောတူညီချက်ကို အကောင်အထည်ဖော်ရန် ခက်ခဲမှုများနှင့်ရင်ဆိုင်ရနိုင်ကြောင်း ၎င်းက ပြောကြားခဲ့သည်။




ကုလသမဂ္ဂ အကြီးအကဲသည် လာမည့် ရက်သတ္တပတ်တွင် အဖွဲ့ဝင်နိုင်ငံများ၏ ကြိုးစားမှုကို ရရှိရန် COP23 ရာသီဥတုဆိုင်ရာ ဆွေးနွေးပွဲသို့ တက်ရောက်မည်ဖြစ်သည်။ လတ်တလောတွင် ဂျာမနီနိုင်ငံ ဘွန်းမြို့၌ ကုလသမဂ္ဂ ညီလာခံကို စတင်ကျင်းပနေကြောင်း သိရသည်။ ပါရီရာသီဥတု ပြောင်းလဲမှုဆိုင်ရာ သဘောတူညီမှုကို အကောင်အထည်ဖော်ရာတွင် နိုင်ငံတကာအသိုက်အဝန်း၏ ပူးပေါင်းမှု စွမ်းအားကိုရရှိရန် လာမည့် ၂၀၁၉ ခုနှစ်တွင် ရာသီဥတုအစည်းအဝေးကို ကျင်းပမည်ဖြစ်ကြောင်း ဂူတာရက်စ်က ပြောခဲ့သည်။ အဆိုပါအစည်းအဝေးကို ကုလသမဂ္ဂအထွေထွေညီလာခံနှင့် ပူးတွဲကျင်းပမည်ဖြစ်ကြောင်းသိရသည်။

**အင်န်အိတ်ချ်ကေ**

## ရုရှားနိုင်ငံလုပ် မောင်းသူမဲ့ သူလျှိုလေယာဉ်တစ်စင်းကို အစ္စရေးပစ်ချ

**ဂျေရုဆလင် နိုဝင်ဘာ ၁၁**

အစ္စရေးက နိုဝင်ဘာ ၁၁ ရက်တွင် ဂိုလန်ကုန်းမြင့်ပေါ်ပျံသန်းနေသည့် ရုရှားလုပ် မောင်းသူမဲ့သူလျှိုလေယာဉ်တစ်စင်းကို ပစ်ချခဲ့ကြောင်း အစ္စရေးစစ်ဘက်က ပြောကြားခဲ့သည်။

အဆိုပါ မောင်းသူမဲ့လေယာဉ်သည် ရုရှားလုပ်ဖြစ်သည်မှာ သိသာထင်ရှားပြီး ဆီးရီးယား က ပိုင်ဆိုင်ကြောင်း စစ်ဘက်ဆိုင်ရာပြောရေးဆိုခွင့်ရှိသူ ဒုတိယဗိုလ်မှူး ဂျွန်နသန် ကွန်ရီကက်က ရိုက်တာသတင်းဌာနသို့ပြောခဲ့သည်။ ယင်းမောင်းသူမဲ့ဒရုန်းလေယာဉ် သည် ယူအေဗွီအမျိုးအစားဖြစ်ကြောင်း၊ အဆိုပါယာဉ်သည် အီရန်သို့မဟုတ် ဟစ်ဇ်ဘိုလာတို့နှင့် ဆက်စပ်မှုရှိ မရှိ စစ်ဆေးနေကြောင်း ကွန်ရီကက်က ပြောခဲ့သည်။ အစ္စရေးစစ်ဘက်က အဆိုပါ မောင်းသူမဲ့ဒရုန်းယာဉ်နှင့်ပတ်သက်ပြီး မည်သည့် မှတ်ချက်ပြုပြောဆိုခြင်းမျှ မလုပ်သေးကြောင်း သိရသည်။ **ရိုက်တာ**

## ထရန့်၏ တရုတ်ခရီးစဉ်သည် သမိုင်းတွင်သော ခရီးစဉ်ဖြစ်ဟုဆို

**ပေကျင်း နိုဝင်ဘာ ၁၁**

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်၏ တရုတ်နိုင်ငံသို့ လာရောက်သော ချစ်ကြည်ရေးခရီးစဉ်သည် အောင်မြင်မှုရှိပြီး သမိုင်းတွင်သော ခရီးစဉ်ဖြစ်ကြောင်း၊ သမ္မတနှစ်ဦးတို့၏ အစည်းအဝေးများသည်လည်း နှစ်နိုင်ငံဆက်ဆံရေး အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုအတွက် စီမံကိန်းတစ်ရပ် ချမှတ်နိုင်ခဲ့ကြောင်း တရုတ်သမ္မတရှီကျင့်ဖျင်က ပြောကြားခဲ့သည်။

တရုတ်နိုင်ငံ ပေကျင်းမြို့ရှိ ပြည်သူ့ခန်းမကြီးတွင် ထရန့်နှင့်တွေ့ဆုံသောအခါ ရှီက ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။ အမေရိကန်သမ္မတ ထရန့်ကလည်း အမေရိကန်အစိုးရအနေဖြင့် တရုတ်တစ်နိုင်ငံတည်းမူဝါဒကို လိုက်နာစောင့်ထိန်းသွားမည်ဖြစ်ကြောင်း တရုတ်သမ္မတ ရှီနှင့် တွေ့ဆုံစဉ် ပြောကြားခဲ့သည်။ **ဆင်ဟွာ**

# မြောက်ကိုရီးယား၏ နျူကလီးယား အစီအစဉ်ကို မည်သည့်အရာကမှ ဟန့်တားနှောင့်ယှက်နိုင်မည် မဟုတ်ဟု ပြောရေးဆိုခွင့်ရှိသူပြော

**ဆိုးလ် နိုဝင်ဘာ ၁၁**

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်၏ ပထမဆုံးအာရှခရီးစဉ်သည် ကိုရီးယားကျွန်းဆွယ်တွင် စစ်ပွဲများဖြစ်ရန် ဆွပေးသကဲ့သို့ဖြစ်သည်ဟု မြောက်ကိုရီးယားက ပြောကြားခဲ့ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် နိုဝင်ဘာ ၁၁ ရက်က ဖော်ပြခဲ့သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် ၎င်း၏ခရီးစဉ်အတွင်း သူ့ပင်ကိုသဘာဝအတိုင်း ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှုကို ဖျက်ဆီးချင်သည့်သဘောရှိပြီး ကိုရီးယားကျွန်းဆွယ်၌ စစ်မက်ဖြစ်ပွားရေး တောင်းဆိုသကဲ့သို့ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောခဲ့သည်။

မကြာသေးမီက တောင်ကိုရီးယားခရီးစဉ်အပြီး အမေရိကန်သမ္မတထရန့်သည် အမေရိကန်ပြည်ထောင်စုကို လျှော့မတွက်ရန် မြောက်ကိုရီးယားကို သတိပေးခဲ့သည်။

သို့သော်လည်း မြောက်ကိုရီးယား၏ နျူကလီးယားအစီအစဉ်ကို မည်သည့်အရာကမှ ဟန့်တားနှောင့်ယှက်နိုင်မည် မဟုတ်ကြောင်း မြောက်ကိုရီးယားပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောခဲ့သည်။

**ရိုက်တာ**



## နိုင်ငံတကာ သတင်းတိုထွာ

### နယ်စပ်ဖြတ်ကျော် ရထားပို့ဆောင်ရေးစနစ်တစ်ခု အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ် တည်ထောင်

**နယူးဒေလီ နိုဝင်ဘာ ၁၁**

အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံတို့သည် နယ်စပ်ဖြတ်ကျော် ရထားပို့ဆောင်ရေးလမ်းကြောင်းသစ် တစ်ခုကို စတင်ဖွင့်လှစ်လိုက်ကြောင်း သိရသည်။

၁၈၀ ကီလိုမီတာ အရှည်ရှိပြီး အိန္ဒိယနိုင်ငံအရှေ့ပိုင်း ကိုးလ်ကတ္တားနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အလယ်ပိုင်းရှိ ခါလ်နာကို ဆက်သွယ်ထားသည့် ရထားလမ်း တည်ဆောက်မှုကို အိန္ဒိယက ငွေကြေးထည့်ဝင်ခဲ့သည်။

ရထားလမ်းသစ် ဖွင့်လှစ်မှုကို ကြာသပတေးနေ့က ကိုးလ်ကတ္တား၌ ကျင်းပခဲ့သည်။ အိန္ဒိယဝန်ကြီးချုပ် ရှရီနာရန်ဒရာမိုဒီနှင့် ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ် ရှိတ်ဟာဆီနာတို့သည် ကိုးလ်ကတ္တား-ခါလ်နာ ရထားလမ်းသစ် ဖွင့်လှစ်မှု အလံကို အတူတကွ လွှင့်ထူခဲ့ကြသည်။ ရထားပို့ဆောင်ရေး လမ်းကြောင်းသစ်က နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုခိုင်မာစေကာ တောင်အာရှဒေသ၏ အကျိုးစီးပွားကို ဆောင်ကြဉ်းပေးနိုင်လိမ့်မည်ဖြစ်ကြောင်း ဝန်ကြီးချုပ်မိုဒီက ပြောကြားခဲ့သည်။ **အင်န်အိတ်ချ်ကေ**

### ဗြိတိန်နိုင်ငံသားသုံးဦးကို ပြန်ပေးဆွဲသည့် သံသယရှိသူကို နိုင်ဂျီးရီးယားရဲတပ်ဖွဲ့က အသေပစ်ခတ် ဖမ်းဆီး

**အိုနစ်ရှာ နိုဝင်ဘာ ၁၁**

နိုင်ဂျီးရီးယားတောင်ပိုင်း မြစ်ဝကျွန်းပေါ်ဒေသရှိ ရဲတပ်ဖွဲ့သည် ပြီးခဲ့သည့် လအတွင်းက ဗြိတိန်နိုင်ငံသားလေးဦး ပြန်ပေးဆွဲခံရမှုတွင် ပါဝင်ခဲ့သည်ဟု စွပ်စွဲထားသည့် သံသယရှိသူတစ်ဦးကို သတ်ဖြတ်လိုက်ပြီဖြစ်ကြောင်းနှင့် အခြားနှစ်ဦးကို ဖမ်းဆီးထားကြောင်း ပြောကြားခဲ့သည်။

အောက်တိုဘာ ၁၃ ရက်တွင် သေနတ်သမားများက ပြန်ပေးဆွဲသွားခဲ့သည့် ဗြိတိန်ဓားစာခံသုံးဦးတို့သည် ညှိနှိုင်းမှုများ ပြုလုပ်ခဲ့ပြီးနောက်တွင် ယခု ရက်သတ္တပတ်အစောပိုင်းက ပြန်လွတ်မြောက်လာခဲ့သည်။ သို့သော် လေးယောက်မြောက်ဓားစာခံ Ian Squire မှာ အသတ်ခံလိုက်ရသည်။

ဒယ်လ်တာဒေသ ရဲတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူ အန်ဒရူးအာနီမာကာက ရဲအရာရှိများသည် သံသယရှိသူနှစ်ဦးကို ဖမ်းဆီးလိုက်ပြီး သုံးယောက်မြောက် သံသယရှိသူမှာ ရဲအရာရှိနှစ်ဦးကို သေနတ်ဖြင့်ပစ်ခတ်ကာ ထိခိုက်ဒဏ်ရာရရှိစေခဲ့သည့်အတွက် ပစ်သတ်လိုက်ရကြောင်း ပြောကြားခဲ့သည်။

ယခင်ဖမ်းဆီးထားခဲ့သည့် အခြားသံသယရှိသူနှစ်ဦးက ကျန်လူများထံသို့ ရဲတပ်ဖွဲ့အားခေါ်ဆောင်သွားခဲ့ကြောင်း အာနီမာကာက ပြောသည်။ ပြန်ပေးဆွဲမှုများသည် နိုင်ဂျီးရီးယားနိုင်ငံတစ်ဝန်းတွင် မကြာခဏ ဖြစ်ပွားလျက်ရှိသည်။ **ရိုက်တာ**

# လျှပ်စစ်ကား ထုတ်လုပ်ရေးနှင့် ကာဗွန်ဓာတ်ငွေ့ လျှော့ချမှု

**ခြူးစန္ဒီနွေး**

**ဥရောပခေါင်းဆောင်တွေဟာ သူတို့ကိုယ်သူတို့ ရာသီဥတုပြောင်းလဲမှုကို အဓိက တိုက်ဖျက်နေတဲ့ လူတွေပါလို့ တင်စားလေ့ရှိကြပါတယ်။ ဒါပေမယ့်လည်း လက်တွေ့မှာတော့ သူတို့ဟာလည်း ကာဗွန်ဒိုင်အောက်ဆိုက်ကို ထိထိရောက်ရောက် လျှော့ချနိုင်ခြင်း မရှိပါဘူး။ များပြားလှတဲ့ကားတွေ၊ ကုန်တင်ကားတွေကနေ ထွက်ရှိတဲ့ ကာဗွန်ဒိုင်အောက်ဆိုက်တွေ လျှော့ချနိုင်ခြင်းလည်း မရှိပါဘူး။**

**"လျှပ်စစ်ကားတွေ ဥရောပမှာ ဈေးကွက်ဝင်လာပြီဆိုရင် အစိုးရတွေဟာလည်း လျှပ်စစ် မော်တော်ကားတွေအတွက် အားသွင်းရုံတွေကို တည်ဆောက်ပေးဖို့ လိုအပ်လာမှာ ဖြစ်ပါတယ်၊ အဲဒီအတွက် ယူရိုသန်း ၈၀၀ အကုန်ကျခံရမှာဖြစ်"**




ကာဗွန်ဓာတ်ငွေ့ဟာ ၁၉၉၀ ပြည့်နှစ်ကတည်းက တစ်စတစ်စ မြင့်တက်လာတာဟာဆိုရင် အခုဆို ၂၀ ရာခိုင်နှုန်းလောက် ပိုတိုးလာပါတယ်။ ဥရောပမှာရှိတဲ့ ယာဉ်တွေအားလုံးဟာ ၂၀၃၀ ပြည့်နှစ်မှာ ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လုပ်မှုကို လျှော့ချမယ်လို့ ရည်မှန်းထားပါတယ်။

ဒါဟာလည်း အခုလက်ရှိလုပ်ကိုင်နေတဲ့ ကာဗွန်ဓာတ်ငွေ့လျှော့ချမှုဟာ ထိရောက်မှုမရှိဘူးဆိုတာ သိလို့ပါပဲ။ ဥရောပကော်မရှင်ရဲ့အဆိုပြုချက်အရ ဥရောပသမဂ္ဂ အလုပ်အမှုဆောင်အဖွဲ့ဟာ ကားထုတ်လုပ်သူတွေကို ၂၀၃၀ ခုနှစ်မှာ ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လုပ်မှုကို ၃၀ ရာခိုင်နှုန်းလျှော့ချဖို့ ၂၀၂၅ ပြည့်နှစ်မှာ လုပ်ငန်းရဲ့တစ်ဝက်ပြီးမြောက်ဖို့ ဖိအားပေးပါလိမ့်မယ်။

ဒါပေမယ့်လည်း သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးသမားတွေကတော့ အခုချိန်အထိ စိတ်ကျေနပ်မှု မရကြပါဘူး။ ၂၀၃၀ ပြည့်နှစ်မှာ ကာဗွန်ထုတ်လုပ်မှုလုံးဝမရှိတဲ့ လျှပ်စစ်ကားတွေကို ကားထုတ်လုပ်ရောင်းချသူတွေဟာ ဘယ်လောက်ထိ ထုတ်လုပ် ရောင်းချရမယ်ဆိုတဲ့ ခွဲတမ်းသတ်မှတ်ချက်တွေကိုတော့ ကော်မရှင်က အပြည့်အဝအကောင်အထည်ဖော် မပေးနိုင်လို့ပါပဲ။

လျှပ်စစ်ကားတွေကို ဘယ်လောက်ထိ ထုတ်လုပ်ရမယ်လို့ ပြတ်ပြတ်သားသား ဖိအားပေးတာမျိုး မရှိပါဘူး။ အဲဒီအစား ကားထုတ်လုပ်တဲ့ ကုမ္ပဏီတွေကို လျှပ်စစ်ကား ထုတ်လုပ်ရင်ဘဏ္ဍာရေးဆိုင်ရာ အကူအညီတွေ ပေးမယ်လို့ပဲ မက်လုံးတွေ ပေးထားပါတယ်။ ဒါဟာ လက်တွေ့မှာရော အလုပ်ဖြစ်ပါ့မလား။

တရုတ်နိုင်ငံမှာဆိုရင် တရုတ်အစိုးရက ၂၀၂၅ ခုနှစ်မှာ တရုတ်နိုင်ငံကကားတွေ ၂၀ ရာခိုင်နှုန်းဟာ ဘက်ထရီကားတွေ ဖြစ်ရမယ်လို့ အမိန့်ပေးထားပါတယ်။ လွန်ခဲ့တဲ့ ဗုဒ္ဓဟူးနေ့မှာ ကြေညာခဲ့တဲ့ ဥရောပကော်မရှင်ရဲ့ မီးခိုးငွေ့လျှော့ချဖို့ ရည်မှန်းချက်ဟာ အနာဂတ်အတွက် အပြည့်အဝ အကောင်အထည်ဖော် မပေးနိုင်သေးပါဘူး။

ဥရောပမှာဆိုရင် ဒီဇယ်သုံးယာဉ်တွေကို ဦးစားပေးခဲ့ပေမယ့် ဖောက်စ်ဝက်ဂွန်ကား မီးခိုးထွက်ရှိမှုဟာ ကျန်းမာရေးကို ထိခိုက်တယ်ဆိုတာ လူထုကြားမှာ အသိများလာတဲ့အခါမှာတော့ ဒီဇယ်ကားတွေကို ပစ်မှတ်ထားလာပါတယ်။ ဥရောပသမဂ္ဂက ဘယ်လိုပဲ မီးခိုးငွေ့လျှော့ချမှုနဲ့ပတ်သက်ပြီး စည်းမျဉ်းတွေထုတ်ထား ထုတ်ထား လိုက်နာဆောင်ရွက်ကြဖို့လည်း လိုပါသေးတယ်။

ဂျာမနီနိုင်ငံဟာဆိုရင်လည်း အရင်တုန်းက မီးခိုးငွေ့လျှော့ချမှုနဲ့ ပတ်သက်ပြီး ဥရောပကထုတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းတွေကို လျစ်လျူရှုထားပါတယ်။ ဘာလို့လဲဆိုရင် ဂျာမနီနိုင်ငံရဲ့ အဓိကစီးပွားရေးလုပ်ငန်းဖြစ်တဲ့ ကားထုတ်လုပ်မှုလုပ်ငန်းကို အကြီးအကျယ် ထိခိုက်မှာစိုးလို့ပါပဲ။

ဂျာမနီနိုင်ငံထုတ် ကားတွေ ဖြစ်တဲ့ Audi ၊ BMW ၊ Mercedes-Benz နဲ့ Porsche ကားတွေဟာ ဇိမ်ခံကားတွေဖြစ်ကြပြီး ကာဗွန်ဒိုင်အောက်ဆိုက်လျှော့ချမှုနဲ့ပတ်သက်ပြီး စံနှုန်းသတ်မှတ်တဲ့အခါမှာတော့ ဒီကားတွေဟာ သတ်မှတ်စံနှုန်းနဲ့ ကိုက်ညီဖို့ဆိုရင်တော့ ခက်ခဲတဲ့အချိန်တွေနဲ့ ရင်ဆိုင်ကြရဦးမှာပါ။

ပြင်သစ်က Renault နဲ့ အီတလီက Fiat ကားတွေနဲ့ယှဉ်ရင်တော့ ဂျာမနီနိုင်ငံထုတ်ကားတွေဟာ ကာဗွန်ဓာတ်ငွေ့လျှော့ချနိုင်ဖို့ အတော်လေး ရုန်းကန်ရမှာပါ။ ဥရောပကော်မရှင်ဟာ ကားထုတ်လုပ်ရေးကုမ္ပဏီတွေက ကိုယ်စားလှယ်တွေရဲ့အကြံပြုချက်တွေကို လက်ခံတာမျိုးတွေရှိပေမယ့် ဂျာမနီအစိုးရနဲ့ ကားထုတ်လုပ်ရေးကုမ္ပဏီတွေရဲ့ဖိအားပေးမှုကြောင့် လျှပ်စစ်ကားထုတ်လုပ်ဖို့ ခွဲတမ်း မသတ်မှတ်တာဘဲ ဖြစ်တယ်ဆိုတာ မဟုတ်ပါဘူးလို့ ကော်မရှင်က ပြောပါတယ်။

ကာဗွန်ဓာတ်ငွေ့လျှော့ချဖို့အတွက် လျှပ်စစ်ကားတွေကို ကားကုမ္ပဏီတွေက ခွဲတမ်းနဲ့ထုတ်လုပ်ဖို့ ဖိအားပေးပြောဆိုသွားမယ်ဆိုတာတွေဟာ အခြေအမြစ်မရှိပါဘူးလို့ ဥရောပကော်မရှင်ရုံးက ကြေညာခဲ့ပါတယ်။ လန်ဒန်မှာဆိုရင်လည်း ဒီဇယ်သုံး မော်တော်ယာဉ်အဟောင်းတွေကို မောင်းနှင်ရင် ဒဏ်ကြေးပေးဆောင်ရပါတယ်။ ဗြိတိန်ရဲ့မြို့ကြီးတွေမှာဆိုရင်လည်း ဥရောပသမဂ္ဂရဲ့ မီးခိုးငွေ့ထုတ်လွှတ်မှု စံသတ်မှတ်နှုန်းနဲ့ မကိုက်ညီတဲ့ ကားတွေမောင်းနှင်ရင် နေ့စဉ်ဒဏ်ကြေးငွေပေးဆောင်ရမှာပဲ ဖြစ်ပါတယ်။

ဒီတော့ ဒီဇယ်ယာဉ်ဟောင်းပိုင်ရှင်တွေဟာ ပိုပြီးတော့ ကုန်ကျစရိတ်တွေ များလာတော့မှာပဲ ဖြစ်တယ်။ ဒီလို ဒဏ်ကြေးသတ်မှတ်တာနဲ့ ပတ်သက်ပြီး လန်ဒန်မြို့ သယ်ယူပို့ဆောင်ရေး အဖွဲ့အစည်းကတော့ ဒါဟာ လန်ဒန်မြို့ကို လေထုညစ်ညမ်းမှုမှ ကင်းဝေးအောင် လုပ်ဆောင်ရတဲ့ အရာတစ်ခုပါလို့ ဆိုပါတယ်။

ဒီလိုပါပဲ ပြင်သစ်နိုင်ငံမှာ ဆိုရင်လည်း ကိုယ်ပိုင်ကားတွေ စီးတာထက် ပြည်သူ့သယ်ယူပို့ဆောင်ရေးယာဉ်တွေကိုအသုံးပြုတာကို အားပေးတဲ့အနေနဲ့ အောက်တိုဘာလ ပထမပတ်မှာ ပါရီမြို့ရှိလမ်းအချို့ကို ကိုယ်ပိုင်ကား ဝင်ရောက်တာကို ခုနစ်နာရီကျော်ကြာမျှ တားဆီးမှုတွေ ပြုလုပ်ခဲ့ပြီး မလိုက်နာဘဲ ဝင်ရောက်လာတဲ့ ကားတွေကိုလည်း ဒဏ်ရိုက်တာတွေ ပြုလုပ်ခဲ့ပါတယ်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးသမားတွေ အနေနဲ့ ကာဗွန်ဓာတ်ငွေ့ထုတ်လုပ်မှုနဲ့ ပတ်သက်ပြီး လျှော့ချနိုင်ဖို့ လှုပ်ရှားမှုတစ်ရပ်အဖြစ် ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ ဒီလိုမျိုးလှုပ်ရှားမှုမျိုးကို ပါရီမှာ ၂၀၁၅ ခုနှစ်က စပြီး လုပ်ဆောင်ခဲ့ပါတယ်။

ဥရောပကော်မရှင်ရဲ့ ရာသီဥတုပြောင်းလဲမှုနဲ့ စွမ်းအင်ဆိုင်ရာ အရာရှိတစ်ဦးဖြစ်တဲ့ Migule Arias Canete နဲ့ ဂျာမနီကားထုတ်လုပ်ရေးအသင်းဥက္ကဋ္ဌ Matthias Wissmann တို့ တယ်လီဖုန်းကနေတစ်ဆင့် ဆွေးနွေးမှုတွေ ပြုလုပ်ခဲ့တယ်လို့ ကော်မရှင်က ပြောပါတယ်။ မစ္စတာ Wissmann ဟာဆိုရင် ဂျာမနီနိုင်ငံရဲ့ သယ်ယူပို့ဆောင်ရေးဝန်ကြီးဟောင်းဖြစ်ပြီး သူဟာ ဂျာမနီအစိုးရနဲ့ ရင်းနှီးတဲ့ဆက်ဆံရေးရှိသူလည်း ဖြစ်ပါတယ်။ မစ္စတာ Canete ကတော့ နည်းပညာပိုင်း ဆိုင်ရာတွေကိုလည်း စဉ်းစားဖို့လိုလို့ လျှပ်စစ်ကား ဘယ်၍ဘယ်မျှ ထုတ်လုပ်ရမယ်ဆိုတာကို ကားထုတ်လုပ်သူတွေကိုလည်း စဉ်းစားဖို့ အခွင့်အရေးပေးထားတယ်လို့ ဘရက်ဆဲလ်က သတင်းစာရှင်းလင်းပွဲမှာ ပြောကြားခဲ့ပါတယ်။


မစ္စတာ Wissmann ရဲ့ တောင်းဆိုမှုအရ ကော်မရှင်ဟာကားထုတ်လုပ်သူတွေပေါ်မှာ ပြစ်ဒဏ်တွေ ချမှတ်မှာတော့ မဟုတ်ပါဘူး။ ဒါပေမယ့်လည်း ၂၀၂၅ မှာ ကာဗွန်ဓာတ်ငွေ့ ၃၀ ရာခိုင်နှုန်းလျှော့ချဖို့ဆိုတဲ့ ရည်မှန်းချက်မှာ တစ်ဝက်ပြီးမြောက်နေဖို့ကိုတော့ ရှောင်လွှဲနိုင်ဖို့ရာ ကားထုတ်လုပ်ရေးကုမ္ပဏီတွေဟာ မတတ်နိုင်ခဲ့ပါဘူး။ လျှပ်စစ်ကားခွဲတမ်းနဲ့ ထုတ်လုပ်ရမယ်ဆိုတဲ့ အဆိုပြုချက်ကို ထောက်ခံတဲ့ လူတွေကတော့ ကုမ္ပဏီတွေကို လျှပ်စစ်ကားထုတ်လုပ်တဲ့နေရာမှာ ရင်းနှီးမြှုပ်နှံကြဖို့အတွက် လျှပ်စစ်ကားတွေကို ဈေးကွက်ဝင်အောင် လုပ်ပေးဖို့လိုတယ်လို့ ပြောကြပါတယ်။


လျှပ်စစ်ကားတွေ ဥရောပမှာ ဈေးကွက်ဝင်လာပြီဆိုရင် အစိုးရတွေဟာလည်း လျှပ်စစ်မော်တော်ကားတွေအတွက် အားသွင်းရုံတွေကိုတည်ဆောက်ပေးဖို့ လိုအပ်လာမှာ ဖြစ်ပါတယ်။ အဲဒီအတွက် ယူရိုသန်း ၈၀၀ အကုန်ကျခံရမှာဖြစ်ပြီး ဘက်ထရီနည်းပညာကို တိုးတက်အောင်လုပ်ဖို့ကတော့ ပေါင်သန်း ၂၀၀ ခန့် ကုန်ကျမှာပဲ ဖြစ်ပါတယ်။ ကားထုတ်လုပ်ရေးလုပ်ငန်းတွေရဲ့ ကိုယ်စားလှယ်တွေကတော့ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့လျှော့ချဖို့အတွက် သတ်မှတ်ချက်ဟာ ဝန်ပိလွန်းတယ်လို့ စောဒကတက်ကြပါတယ်။


ဥရောပ ကားထုတ်လုပ်ရေးအဖွဲ့ရဲ့ အထွေထွေ အတွင်းရေးမှူးချုပ်က ကာဗွန်ဓာတ်ငွေ့လျှော့ချမှုကို ၃၀ရာခိုင်နှုန်းလို့သတ်မှတ်ထားရာကနေ ၂၀ ရာခိုင်နှုန်းလို့ပဲ ပြောင်းလဲသတ်မှတ်အောင် တွန်းအားပေးတောင်းဆိုမှုတွေ ပြုလုပ်သွားမယ်လို့ ဆိုပါတယ်။ ဖောက်စ်ဝက်ဂွန် ကားကုမ္ပဏီကတော့ လျှပ်စစ်ကားတွေကို ဈေးကွက်အတွင်း အများဆုံးဖြန့်ဖြူးပေးတဲ့ နေရာမှာ ဦးဆောင်သူဖြစ်အောင် ကြိုးစားနေပါတယ်။


ဖောက်စ်ဝက်ဂွန် ကားကုမ္ပဏီဟာ ၂၀၂၅ ခုနှစ်မှာ လျှပ်စစ်ကားတွေကို အများအပြားထုတ်လုပ်ဖို့ ရည်မှန်းထားတယ်လို့ ဆိုပါတယ်။ ပြီးတော့ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ လျှော့ချမှုကိုလည်း အကောင်းဘက်ကရှုမြင်ကြဖို့ ပြောခဲ့ပါတယ်။ ဥရောပမှာ ၂၀၃၀ ပြည့်နှစ်ရောက်တဲ့အခါ တကယ်ပဲ ကာဗွန်ဓာတ်ငွေ့ကို လျှော့ချနိုင်မှာလား။ လျှပ်စစ်ကားတွေကရော ကာဗွန်ဓာတ်ငွေ့ထွက်တဲ့ ကားတွေနေရာမှာ တကယ်ပဲ အစားထိုးလာနိုင်မှာလား။ ဒီရည်မှန်းချက်အတိုင်းသာ ပြည့်မီအောင် ဆောင်ရွက်သွားနိုင်မယ်ဆိုရင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေး လှုပ်ရှားသူတွေအတွက် ကျေနပ်စရာကောင်းတဲ့ အဖြေတစ်ခုတော့ ရလာမှာပါ။ ။


**ကိုးကား- နယူးယောက်တိုင်းမ်**
















# မြန်မာသဒ္ဒါသင်ကြားရေး (၂၈)

**မောင်ခင်မင် (ဓနုဖြူ)**

"ရှေ့ဆက်ပစ္စည်းတွေထဲမှာ ထူးခြားတဲ့ ရှေ့ဆက်နှစ်ခုရှိတယ်၊ သဒ္ဒါစာအုပ်မှာလည်း ပြထားတယ်၊ တရ-နဲ့ ဗရ-ဆိုတဲ့ ရှေ့ဆက်တွေပေါ့"

"ဟုတ်လား ဆရာ၊ ကျွန်မ အမှတ်တမဲ့ဖြစ်နေပါတယ်"

"ဒီနေရာမှာတော့ ညည်းက စာမကျေပြန်ဘူး၊ နဝမတန်းသဒ္ဒါမှာ ပါပါတယ်ဗျာ၊ ကဲ... 'ဒလကြမ်း' ဆိုတဲ့ စကားကို သိတယ် မဟုတ်လား"

"သိပါတယ် ဆရာ 'လေတွေဒလကြမ်းတိုက်နေတယ်' ဆိုတာမျိုးပါ"

"ဘာအဓိပ္ပာယ်ရှိသလဲ"

"ဟင်... ကြမ်းကြမ်းတမ်းတမ်း တိုက်နေတယ်လို့ ဆိုလိုတာပါ"

"ဟုတ်ပါပြီ၊ အဲဒီ 'ဒလကြမ်း' ကို ခွဲကြည့်ရင် 'ကြမ်း' ကတော့ အရင်းခံစကားလုံးပေါ့၊ 'ကြမ်းတယ်' လို့ သုံးတာမျိုးလေ၊ အဲဒီ 'ကြမ်း' ရဲ့ရှေ့မှာ ဆက်ထားတဲ့ 'ဒလ' က ဘာအဓိပ္ပာယ်ရှိမယ်ထင်သလဲ"

"မသိပါဘူး ဆရာ"

"အေး တချို့ကတော့ ပါဠိကလာသလိုလို ကြံဆကြတယ်၊ 'အလွန်' လို့ အဓိပ္ပာယ်ဖွင့်ကြတယ်၊ သေချာတာကတော့ ရှေ့ကဆက်ရတဲ့ ရှေ့ဆက်ပစ္စည်းပဲ မဟုတ်လား"

"ဟုတ်ပါတယ် ဆရာ"

"အဲဒီလိုရှေ့က ဒလ - ဆက်တဲ့ တခြားစကားလုံးမျိုးစဉ်းစားမိသေးသလား"

"ဆရာ၊ ဩော်... သတိရပြီ၊ 'ဒလစပ် လျှောက်သွားနေတယ်' ဆိုတဲ့ စကားပါ"

"ဟုတ်တယ်၊ 'ဒလစပ်' ဆိုတာ အနှံ့အစပ်ပေါ့၊ 'စပ်' ရှေ့က 'ဒလ' ဆက်ထားတယ်၊ 'လေတွေ ဒလဟောထွက်နေတယ်'၊ 'အကာအရံမရှိတော့ ဒလဟာ ဖြစ်နေတယ်' ဆိုတာမျိုးတွေ သုံးတာပေါ့၊ ရေးစာတွေထဲမှာတော့ အတင်းတွန်းပြီး လုပ်တာကို 'ဒလတွန်းလုပ်သည်' လို့ သုံးတယ်"

"ဆရာ၊ သဒ္ဒါစာအုပ်ထဲမှာတော့ 'တရ' လို့ ပြထားတယ်နော်"

"ဟုတ်ပါတယ်၊ စာသုံးက 'တရ' ပါ၊ 'တရစပ်၊ တရကြမ်း' ဆိုတာမျိုးပေါ့၊ အပြောမှာတော့ 'ဒလစပ်၊ ဒလကြမ်း' လို့ ပြောတယ်မဟုတ်လား၊ ဆရာက သိသာအောင် 'ဒလ' နဲ့ သာဓကပေးတာပါ၊ 'တရ' ကတော့ အရင်းခံကျပါတယ်"

"ဟုတ်ကဲ့ဆရာ၊ ဒါဆိုရင် 'ဗရ' ကိုလည်း အခုခေတ်မှာ 'ဗလ' လို့ ပြောတယ်ထင်တယ်၊ 'ဗလပွေ' တို့၊ 'ဗလပျစ်' တို့ ကြားဖူးပါတယ် ဆရာ"

"စကားကိုပေါ့ပေါ့တန်တန်ပြောရင် 'ဗလရွှတ်ကပြောနေတယ်' လို့ သုံးတယ်မဟုတ်လား ဆရာ"

"ဟုတ်ပါတယ်၊ အပြောသုံးမှာ 'ဗလ'၊ စာသုံးမှာတော့ 'ဗရ' ပေါ့၊ ဒါပေမယ့် ဒီရှေ့ဆက်တွေကို ကြိယာတချို့နဲ့ပဲ တွဲလို့ရတယ်နော်၊ ကိုယ်တွဲချင်သလို တွဲသုံးလို့မရဘူး"

"ဘယ်လိုမျိုးလဲ ဆရာ"

"ဩော်... သိပ်ချမ်းတာကို 'တရချမ်း' လို့ သုံးလို့ရလို့လား၊ သိပ်ဝေးတာကိုလည်း 'ဗရဝေး' လို့မှ မသုံးတာ၊ အခုဆရာတို့ ပြောကြတဲ့ စကားလုံးတွေလောက်ပဲ ရှိမယ်ထင်တယ်၊ ဒါကြောင့် ထူးခြားတယ်လို့ ပြောရတာပေါ့"

"နားလည်ပါပြီ ဆရာ"

"သဒ္ဒါစာအုပ်တွေမှာ ရှေ့ဆက်တွေ နှစ်ကြိမ်ထပ်သုံးတဲ့ ကြိယာဝိသေသနတွေ ပုံစံအမျိုးမျိုးပါတယ်နော်"

"ဟုတ်ပါတယ်၊ အဲဒီအသုံးတွေက လက်တွေ့သုံးနေတာတွေမို့ လူငယ်တွေ ဂရုတစိုက်လေ့လာထားရင် ကွယ်ကွယ်ဝဝ သုံးလို့ရတာပေါ့၊ အရင်တစ်ခါ အဲဒီလို နှစ်ခုပြိုင်ဆက်တဲ့ ရှေ့ဆက်တွေအကြောင်း ဆရာဆွေးနွေးဖူးပါတယ်၊ မင်းတို့နဲ့ ဆွေးနွေးတာတော့ မဟုတ်ဘူး၊ မီဒီယာတစ်ခုက လူငယ်တွေနဲ့ ဆွေးနွေးတာပါ"

"ကျွန်တော်တို့ဖတ်လိုက်ရပါတယ်ဆရာ၊ က ပစ္စည်း နှစ်ကြိမ်ထပ်ပြီး 'ကချော်ကချွတ်၊ ကတိမ်းကပါး၊ ကပိုကရို' လို့ သုံးတာမျိုးပါ"

"ဟုတ်ပါတယ်၊ ကဲ... ဒီနေရာမှာကြုံလို့ တခြားပစ္စည်းတွေ နှစ်ခုပြိုင်ဆက်တဲ့ သာဓကတွေ ပြောကြည့်ရအောင်၊ ကဲ က နှစ်လုံးပြီးတော့ ခ နှစ်လုံး၊ ဂ နှစ်လုံး စသည်ဖြင့် စဉ်းစားကြည့်ကြစမ်းပါ"

"ဟုတ်ကဲ့၊ ခနော်ခနဲ့၊ ခနိုးခနဲ့၊ ဂဂျိဂဂျောင်"

"ကျွန်မပြောကြည့်ပါ့မယ်၊ စနောင့်စနင်း၊ စလုံးစခု၊ ဇဝေဇဝါ"

"တပင်တပန်း၊ တဆွေးတနွေး၊ ဒယိမ်းဒယိုင်၊ နမော်နမဲ့"

"ပလုံးပထွေး၊ ဗလောင်းဗလဲ၊ မမှေ့မလျော့၊ အကူအညီ"

> **"ရှေ့ဆက် နှစ်ခု တစ်ပြိုင်တည်း ဆက်ထားတာလေ၊ 'တရိုတသေ' မှာ 'ရိုသေ' ဆိုတဲ့ အရင်းခံစကားလုံးကို ရှေ့ဆက်နှစ်ခု တစ်ပြိုင်တည်းတွဲပြီး တရိုတသေလို့ သုံးတာမဟုတ်လား၊ 'အကူအညီ' ဆိုရင်လည်း 'ကူညီ' ကို ရှေ့ဆက်နှစ်ခု တစ်ပြိုင်တည်း တွဲထားတာပေါ့၊ အဲဒါကွဲပြားဖို့လိုတယ်၊ 'တိတ်တဆိတ်' ကို နှစ်လုံးရဲ့ကြားမှာ ထည့်တာမဟုတ်ဘဲ အစိတ်အပိုင်းတစ်ခုစီရဲ့ရှေ့မှာ အပြိုင်ထည့်ထားတာလေ"**

"ဟုတ်ပါပြီ၊ ဟုတ်ပါပြီ၊ ဒါတွေက ပစ္စည်းနှစ်ခု တူတာတွေပေါ့၊ ပစ္စည်းမတူတာ အပြိုင်ဆက်တာလည်း ရှိပါတယ်၊ 'မ' နဲ့ 'တ' ဆက်တာ 'မခို့တရို့၊ မတောက်တစ်ခေါက်၊ မရတရ၊ မကျက်တကျက်' "

"အပူတပြင်း၊ အဆောတလျင် ဆိုတဲ့ အတွဲတွေလည်း ရှိတယ်နော်ဆရာ"

"ကဲ... ဒီလောက်ဆိုရင် အဲဒီပုံစံနဲ့ ကြိယာဝိသေသနတွေ ဘယ်လောက်ကွယ်ဝတယ်ဆိုတာ သိလောက်ပါပြီ၊ တစ်ခုသိထားဖို့က အဲဒီရှေ့ဆက်တွေ ဖယ်လိုက်ရင် အရင်းခံ စကားလုံးက အဓိပ္ပာယ်ပေါ်တာလည်း ရှိတယ်၊ မပေါ်တာလည်း ရှိတယ်၊ ဒါပေမယ့် ကြိယာဝိသေသနတစ်ခုလုံးအနေနဲ့တော့ အဓိပ္ပာယ်ပေါ်တာပေါ့"

"ဘာဆိုလိုတာပါလဲ ဆရာ"

"ဆိုပါတော့ကွယ်၊ 'ကချော်ကချွတ်' မှာ 'က' တွေ ဖယ်ကြည့်၊ 'ချော်' နဲ့ 'ချွတ်' က တိမ်းချော်တယ်၊ ချွတ်ယွင်းတယ်ဆိုတဲ့ အဓိပ္ပာယ်ပေါ်တယ်မဟုတ်လား၊ 'တပင်တပန်း' တို့၊ 'ဒယိမ်းဒယိုင်' တို့မှာလည်း 'ပင်ပန်း' တို့ ၊ 'ယိမ်းယိုင်' တို့က အဓိပ္ပာယ်ပေါ်တယ်၊ 'စနောင့်စနင်း' ကျတော့ 'နောင့်' နဲ့ 'နင်း' က အဓိပ္ပာယ် မထင်ရှားဘူးမဟုတ်လား၊ အဲဒါမျိုးကို ပြောတာပါ"

"နားလည်ပါပြီ ဆရာ၊ ဩော်... နောက်ဆက်တွေ နှစ်ကြိမ်ထပ်တဲ့ ကြိယာဝိသေသနမျိုးလည်း ရှိတယ်နော်"

"သဒ္ဒါစာအုပ်မှာ 'ဝင်ချည်ထွက်ချည်၊ တက်လိုက်ဆင်းလိုက်' လို့ ပြထားပါတယ် ဆရာ"

"ဟင်... ဒါပေမယ့် အဲဒီ 'ချည်' တို့၊ 'လိုက်' တို့က နောက်ဆက်ပစ္စည်းတွေ ဟုတ်ရဲ့လား၊ ကြိယာတွေ ဖြစ်မနေဘူးလား"

"စဉ်းစားစရာပါပဲ ဆရာ"

"သဒ္ဒါစာအုပ်တွေမှာ သုံးထားတဲ့ အသုံးအနှုန်းတစ်ခုကို ဆရာထောက်ပြချင်သေးတယ်၊ ပစ္စည်းနှစ်ခု အပြိုင်ဆက်တာကို ရှေ့နဲ့ကြားမှာ ဆက်တာလို့ သဒ္ဒါစာအုပ်မှာ ပြောထားတယ်မဟုတ်လား"

"ဟုတ်ကဲ့၊ ရှေ့နှင့်ကြား ပစ္စည်းဆက်ကြိယာဝိသေသနလို့ ရေးထားပါတယ်"

"ဒီလိုဆိုရင် 'တရိုတသေ' မှာ ရှေ့က တ-ပစ္စည်းရှေ့ဆက်၊ နောက်က တ-ပစ္စည်းက ကြားဆက်လို့ ဆိုလိုတာပေါ့"

"ဟုတ်ပါတယ် ဆရာ"

"အဲဒီအသုံးကို ထောက်ပြချင်တာပါ၊ ရှေ့က 'တ' ကို ရှေ့ဆက်လို့ ဆိုတာတော့ ပြောစရာမရှိပါဘူး၊ နောက် တကို ကြားဆက်လို့ ဆိုတာကတော့ မှားနေတယ်ကွဲ့"

"ဘာဖြစ်လို့လဲ ဆရာ"

"ကြားဆက်ဆိုတာ စကားလုံးနှစ်လုံးရဲ့ကြားက ဆက်ရတာမဟုတ်လား"

"ဟုတ်ပါတယ် ဆရာ"

" 'တိတ်တဆိတ်' ဆိုရင် 'တ' က ကြားဆက်လေ၊ ရှင်းနေတာပဲ၊ ကဲ... ဒီလိုဆိုရင် အခုနပြောတဲ့သာဓကမှာ 'တ' ဟာ ကြားဆက်ဆိုရင် 'ရိုသေ' ကို 'ရိုတသေ' လို့ သုံးလို့ရသလား"

"မရပါဘူး ဆရာ"

"အဲဒီသာဓကတွေ အကုန်လုံးကြည့်လေ၊ 'နော်ခနဲ့'၊ 'ယိမ်းဒယိုင်'၊ 'ပူတပြင်း' ဆိုတာမျိုးသုံးလို့မှ မရတာ၊ ကြားဆက်ဆိုရင် အဲဒီလို သုံးလို့ရရမှာပေါ့၊ အခုတော့ 'တရိုတသေ၊ ခနော်ခနဲ့၊ ဒယိမ်းဒယိုင်' လို့ ရှေ့က ပစ္စည်းတစ်ခုပါမှ သုံးလို့ရတာ မဟုတ်လား၊ ဒီတော့ နောက်ကပစ္စည်းက ကြားဆက်မဟုတ်ဘူး"

"ဒါဆိုရင်..."

"ရှေ့ဆက် နှစ်ခု တစ်ပြိုင်တည်း ဆက်ထားတာလေ၊ 'တရိုတသေ' မှာ 'ရိုသေ' ဆိုတဲ့ အရင်းခံစကားလုံးကို ရှေ့ဆက်နှစ်ခု တစ်ပြိုင်တည်းတွဲပြီး တရိုတသေလို့ သုံးတာမဟုတ်လား၊ 'အကူအညီ' ဆိုရင်လည်း 'ကူညီ' ကို အရှေ့ဆက်နှစ်ခု တစ်ပြိုင်တည်း တွဲထားတာပေါ့၊ အဲဒါကွဲပြားဖို့လိုတယ်၊ 'တိတ်တဆိတ်' ကို နှစ်လုံးရဲ့ကြားမှာ ထည့်တာမဟုတ်ဘဲ အစိတ်အပိုင်းတစ်ခုစီရဲ့ရှေ့မှာ အပြိုင်ထည့်ထားတာလေ"

"နားလည်ပါပြီ ဆရာ"

"ဒါဆိုရင် ကာရန်လိုက် ကြိယာဝိသေသနအကြောင်းဆက်ရအောင်"

"ဟုတ်ကဲ့"

"ကာရန်လိုက်တာက အသံပြေပြစ်အောင် ရွတ်လို့၊ ဆိုလို့ကောင်းအောင် လိုက်တဲ့သဘောပဲ၊ ဘာသာဓကတွေ ပြထားသလဲ"

" 'စီရရီ၊ ဆင့်ရရင်၊ တွဲရရွဲ၊ ကျုံ့ရရုံ့' ဆိုတာတွေ ပြထားပါတယ်"

"အဲဒီမှာ အရင်းခံစကားလုံးက 'စီ၊ ဆင့်၊ တွဲ၊ ကျုံ့' ဆိုတဲ့ စကားလုံးတွေပဲ၊ နောက်က 'ရ' နှစ်လုံးတွဲပြီး နောက်က 'ရ' ကို အရင်းခံစာလုံးနဲ့ ကာရန်တူလိုက်ရတာလေ"

"ဆရာ၊ အဲဒီစကားလုံးတွေကို စာထဲမှာပဲ သုံးတယ်ထင်တယ်နော်၊ စကားပြောရင်တော့ သုံးလေ့မရှိသလိုဘဲ"

"ဟုတ်တယ်၊ ရှေးစာပေတွေမှာ သုံးတာပါ၊ ရှေးကတော့ စကားပြောရာမှာလည်း သုံးခဲ့ကြမှာပေါ့၊ ဒါကြောင့် စာထဲမှာလည်း ပါနေတာလေ၊ အခုခေတ်မှာတော့ ဒီပုံစံနဲ့ သုံးလေ့မရှိတော့ဘူး၊ ခေတ်ကာလအလျောက် ပြောင်းလဲလာတဲ့သဘောပေါ့"

"အပြောမှာ မသုံးတော့ဘူး၊ စာသုံးအနေနဲ့ပဲ သုံးတယ်ဆိုတာ ကျောင်းသားတွေကို ဆရာ ဆရာမတွေက ကွဲပြားအောင် ရှင်းပြထားဖို့ လိုမယ်ထင်ပါတယ်ဆရာ"

"ဟုတ်တာပေါ့၊ ရှေးကတော့ စာတွေထဲမှာ 'ထိန်ရရိန်၊ ပြောင်ရရောင်၊ ကွေးရရွေး၊ ကော့ရရော့၊ မွှတ်ရရွှတ်' ဆိုတဲ့ အသုံးမျိုးတွေ အများကြီးတွေ့တာပေါ့၊ အဲ... တ နဲ့ ကာရန်လိုက်တဲ့ အသုံးတွေကျတော့ အခုခေတ်မှာလည်း တွင်တွင်ကျယ်ကျယ် သုံးပါတယ်"

"ဟုတ်ကဲ့၊ 'ဆာတာတာ၊ နီတီတီ၊ ယိုင်တိုင်တိုင်' ဆိုတဲ့အသုံးတွေ ပြထားပါတယ် ဆရာ၊ 'တ' နှစ်လုံးကို အရင်းခံစကားလုံးနဲ့ ကာရန်တူသုံးတာပါ"

"တစ်ခုပြောချင်တာက အဲဒီလို တ နှစ်လုံးနဲ့ ကာရန်တူသုံးတဲ့ အသုံးဟာ အရင်းခံစကားလုံးထက် အနက်အဓိပ္ပာယ်လျော့သွားတယ်ဆိုတာပဲ"

"ဟင် ဘယ်လိုလျော့တာလဲ ဆရာ"

" 'ဆာတယ်' လို့ မပြောဘဲ 'ဆာတာတာဖြစ်နေတယ်' လို့ ပြောရင် နည်းနည်းဆာတယ်ဆိုတဲ့ အဓိပ္ပာယ်မဟုတ်လား၊ အဲဒီလိုပဲ 'မျက်နှာကနီတီတီဖြစ်နေတယ်' ဆိုရင် အပြည့်အဝ နီတာမဟုတ်ဘူးလေ၊ အနီရောင်သမ်းနေတဲ့အဓိပ္ပာယ်ပေါ့"

"နားလည်ပါပြီ ဆရာ"

"နောက်တစ်ခုက အဲဒီလို သုံးတဲ့အရင်းခံစကားလုံးတွေဟာ ခံစားမှုပြတဲ့ ကြိယာတွေ၊ ဂုဏ်ရည်ပြတဲ့ကြိယာတွေ ဖြစ်ဖို့များတယ်၊ 'ဆာတာတာ' ဆိုရင် 'ဆာ' က ခံစားမှုပေါ့၊ 'နီတီတီ' ဆိုရင် 'နီ' က ဂုဏ်ရည်ပြပေါ့၊ 'ပြုံးတုံးတုံး၊ မဲ့တဲ့တဲ့' ဆိုတဲ့ အမူအရာပြတဲ့ ကြိယာတွေနဲ့လည်း သုံးပါတယ်၊ ဒါပေမယ့် 'စား၊ သောက်၊ ရိုက်၊ ပေး၊ ယူ' စတဲ့ အပြုအမူလှုပ်ရှားမှုကိုပြတဲ့ ကြိယာတွေနဲ့တော့ သုံးလေ့မရှိဘူး၊ 'စားတားတား၊ သောက်တောက်တောက်၊ ပေးတေးတေး၊ ယူတူတူ' ဆိုတာမျိုး မသုံးဘူးလို့ ပြောတာပါ"

"ဩော်... ဟုတ်ကဲ့ပါ"

"ရှေ့က ကိုး ကာရန်နဲ့ စကားလုံးပွားပြီး သုံးတဲ့ပုံစံလည်းရှိတယ်နော်၊ 'ကားရား' ကို 'ကိုးရိုးကားရား' လို့ သုံးတာမျိုးပေါ့၊ တခြားဘာတွေ သတိထားမိသေးသလဲ၊ မိုးတိုးမတ်တတ်၊ ငိုးတိုးငေါက်တောက်၊ ရှိုးတိုးရှန့်တန့်၊ ပိုးလို့ပက်လက်၊ တိုးလိုး တန်းလန်း၊ ခိုးလို့ခုလု' ဆိုတာမျိုးတွေပါဆရာ"

"ကဲ... နားကြရအောင်"

# နာတာရှည်အိပ်မပျော်သည့် ရောဂါကြောင့် ကျောက်ကပ်ထိခိုက် ပျက်စီးနိုင်

**ကလျာမိုးမြင့်**


နာတာရှည်အိပ်မပျော်တဲ့ ဝေဒနာစွဲကပ်မှုဟာ ကျောက်ကပ်ပျက်စီးမှုနဲ့ ဆက်စပ်နေပြီး စောစီးစွာ သေဆုံးမှုနဲ့လည်း ဆက်နွှယ်နေတာကို တွေ့ရတယ်လို့ ကျန်းမာရေးသတင်းတစ်ရပ်မှာ ဖော်ပြထားပါတယ်။ အချိန်ကြာမြင့်စွာ အိပ်ရေးပျက်တာတွေကြောင့် ကျန်းမာရေးဆိုင်ရာ နောက်ဆက်တွဲဆိုးကျိုးတွေကို ဖြစ်လာစေကြောင်း သုတေသီတွေက ဖော်ပြထားပါတယ်။

မကြာသေးမီက မမ်ဖစ်မှာရှိတဲ့ တင်နက်ဆီ ကျန်းမာရေးသိပ္ပံကျောင်းမှာ ပြုလုပ်ခဲ့တဲ့ လေ့လာမှုအတွင်းမှာ အိပ်မပျော်ခြင်းက ကျောက်ကပ်ရဲ့ လုပ်ငန်းဆောင်တာတွေကို ကျဆင်းလာစေပြီး ကျောက်ကပ်ကို ပျက်စီးလာစေသလို အချိန်မတိုင်မီ သေဆုံးစေနိုင်တဲ့ အန္တရာယ်ကိုလည်း ပိုများလာစေတယ်လို့ ဖော်ပြခဲ့ပါတယ်။

ဒါကိုသိရဖို့အတွက် လေ့လာသူတွေဟာ ကျောက်ကပ်နဲ့ဆက်စပ်နေတဲ့ ကျန်းမာရေးဆိုင်ရာ ဖြစ်ပွားမှုမရှိတဲ့ အမှုထမ်းဟောင်း ၉၅၇၅၈၇ ပါဝင်တဲ့အုပ်စုကို ကျောက်ကပ်ဆိုင်ရာ ကျန်းမာရေးအခြေအနေနဲ့ အချိန်မတိုင်မီ သေဆုံးရမှုကို ဖြစ်စေတဲ့ အကြောင်းတွေကို လေ့လာခဲ့ကြပါတယ်။ လေ့လာမှုအတွင်းမှာပါဝင်တဲ့ ၄၁၉၂၈ ဦးဟာဆိုရင် နာတာရှည်အိပ်မပျော်ဝေဒနာကို ခံစားနေရသူတွေဖြစ်ပါတယ်။

လေ့လာမှုရလဒ်တွေ ခိုင်မာသေချာစေဖို့အတွက် ခန္ဓာကိုယ်အလေးချိန်၊ သွေးဖိအား၊ ကြာရှည်စွာ သတိလစ်မေ့မြောတတ်တဲ့ ရောဂါရှိ မရှိနဲ့ လူမှုစီးပွားဆိုင်ရာ အချက်အလက်တွေအပေါ်မူတည်ပြီး ချိန်ညှိမှုတွေ လုပ်ဆောင်ခဲ့ရပါတယ်။ နောက်ဆက်တွဲလေ့လာမှုတွေ ပြုလုပ်ခဲ့တဲ့ ခြောက်နှစ်ကျော် ကာလအတွင်း လေ့လာမှုမှာပါဝင်ခဲ့သူ ၂၃ ဒသမ ၁ ရာခိုင်နှုန်းဟာ သေဆုံးခဲ့ပါတယ်။ ၂ ဒသမ ၇ ရာခိုင်နှုန်းကတော့ ကျောက်ကပ်လုပ်ငန်းဆောင်ရွက်မှုတွေ ထိခိုက်လာတာကို တွေ့ရပြီး ၀ ဒသမ ၂ ရာခိုင်နှုန်းကတော့ ကျောက်ကပ်ပျက်စီးသွားခဲ့ပါတယ်။

**Health news**



# အနာဂတ် ပညာရေး

သိန်းထွန်း (IR)



**ပညာရေးစနစ် ပြောင်းလဲမှု**

**မြန်မာနိုင်ငံဟာ နိုင်ငံရေးစနစ်ပြောင်းလဲမှုနဲ့အတူ ပညာရေးစနစ်ကိုလည်း နိုင်ငံတကာနဲ့ရင်ပေါင်တန်းနိုင်ဖို့ သိသိသာသာပြောင်းလဲလာခဲ့ပါတယ်။ ပညာရေးမူဝါဒဆိုင်ရာတွေ၊ ဘဏ္ဍာငွေခွဲဝေသုံးစွဲမှု၊ လူ့စွမ်းအားအရင်းအမြစ် ဖြည့်ဆည်းမှု၊ သင်ရိုးညွှန်းတမ်းစတဲ့ ပြောင်းလဲမှုတွေကြောင့် ပြည်သူအများလိုလားနေတဲ့ ပညာရေးစနစ်မျှော်လင့်ချက်ကို မြင့်မားစေခဲ့ပါတယ်။**

မြန်မာ့ပညာရေးဟာ နှစ်ပေါင်းများစွာ နောက်ကျနေခဲ့ပြီး နိုင်ငံရေးစနစ်ရဲ့သားကောင် ဖြစ်နေခဲ့ရပါတယ်။ တစ်နည်းအားဖြင့် နိုင်ငံရဲ့အနာဂတ်မျိုးဆက်သစ်ကလေး လူငယ်တွေဟာ ကျောင်းစာတတ်ရုံ၊ ဘွဲ့ရရုံသာကျောင်းစာကို သင်ကြားနေကြရပြီး ပညာရေးရဲ့အဓိက အနှစ်သာရကို မသင်ကြား၊ မရရှိကြတော့ပါဘူး။ သင်ကြားပေးနိုင်တဲ့ အခြေအနေလည်း မရှိတော့ဘဲ မူဝါဒလိုအပ်ချက်၊ ဘဏ္ဍာငွေလိုအပ်ချက်၊ လူသားရင်းမြစ်လိုအပ်ချက်စတဲ့ လိုအပ်ချက်ပေါင်းများစွာနဲ့ ယိုယွင်းနေခဲ့ပါတယ်။ ဒီလိုအပ်ချက်တွေဟာ သိသာထင်ရှားပြီး ပြည်သူတစ်ယောက်အနေနဲ့ ကျောင်းသားမိဘတစ်ယောက်အနေနဲ့ အလွယ်တကူမြင်တွေ့နေရပါတယ်။

မြန်မာ့ပညာရေးစနစ် နိမ့်ကျခဲ့မှုဟာ အခုလို နိုင်ငံရဲ့ အရေးကြီးတဲ့အချိန်မှာ ပိုမိုသိသာထင်ရှားလာပါတယ်။ မိမိတို့နိုင်ငံကို နိုင်ငံတကာနည်းတူ ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် ထူးချွန်တဲ့အသိပညာရှင်၊ အတတ်ပညာရှင်တွေ မဖြစ်မနေလိုအပ်လျက်ရှိပါတယ်။ နိုင်ငံရဲ့ကဏ္ဍအသီးသီးမှာ လူ့စွမ်းအားအရင်းအမြစ်မပြည့်စုံတာ၊ စဉ်းစားတွေးခေါ်မှုလိုအပ်နေဆဲ ဖြစ်နေတာတွေဟာ ပညာရေးစနစ်နိမ့်ကျမှုရဲ့ အကျိုးဆက်တွေလို့ မြင်မိပါတယ်။ ဒါကြောင့် ပညာရေးစနစ်ကို အနှစ်သာရရှိရှိ ပြောင်းလဲဖို့ မဖြစ်မနေလိုအပ်လျက် ရှိနေပါတယ်။

မိမိတို့နိုင်ငံဟာ ၂၀၁၁ ခုနှစ်ကစပြီး နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးစတဲ့ နိုင်ငံတော်ရဲ့အပြောင်းအလဲနဲ့အတူ ပညာရေးကဏ္ဍကို စတင်ပြောင်းလဲခဲ့ပါတယ်။ အမျိုးသားပညာရေးဥပဒေ ၂၀၁၄ ပြဋ္ဌာန်းခြင်း၊ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း ၂၀၁၆ - ၂၀၂၁ချမှတ်အကောင်အထည်ဖော်မှုတွေကိုလည်း တွေ့ရပါတယ်။ ပညာရေးပြုပြင်ပြောင်းလဲရေးအတွက် ဒေါက်တိုင်တစ်ခုဖြစ်တဲ့ ဘဏ္ဍာငွေအသုံးစရိတ်ကိုလည်း နှစ်စဉ်တိုးမြှင့်သုံးစွဲဖို့ လွှတ်တော်က ခွင့်ပြုပေးလျက်ရှိပါတယ်။ ၂၀၁၀-၂၀၁၁ မှာ ငွေကျပ် ၂၆၆ ဒသမ ၉၉၇ ဘီလီယံ၊ ၂၀၁၁-၂၀၁၂ မှာ ငွေကျပ် ၃၀၀ ဒသမ ၄၀၂ ဘီလီယံ၊ ၂၀၁၂ -၂၀၁၃ မှာငွေကျပ် ၆၄၇ ဒသမ ၉၉၄ ဘီလီယံ၊၊ ၂၀၁၃-၂၀၁၄ မှာ ငွေကျပ် ၉၀၉ ဒသမ ၄၅၉ ဘီလီယံ၊၊ ၂၀၁၄-၂၀၁၅ မှာ ငွေကျပ် ၁၁၉၈ ဒသမ ၂၈ ဘီလီယံ၊၊ ၂၀၁၅-၂၀၁၆ မှာ ငွေကျပ် ၁၄၀၅ ဒသမ ၈၅ ဘီလီယံ၊ ၂၀၁၆-၂၀၁၇ မှာ ငွေကျပ် ၁၇၂၆ ဒသမ ၅၃၉ ဘီလီယံ၊ ၂၀၁၇-၂၀၁၈ မှာ ငွေကျပ် ၁၇၅၆ ဒသမ ၀၄၁ ဘီလီယံတိုးမြှင့်သုံးစွဲလာခဲ့တာကို တွေ့ရပါတယ်။ ပညာရေးဘတ်ဂျက်ကို တိုးမြှင့်သုံးစွဲလာမှုကြောင့် ပညာရေးကဏ္ဍအတွက် လိုအပ်တဲ့ အသွင်အားနဲ့ဖြစ်စေ အနှစ်သာရအားနဲ့ဖြစ်စေ အသင့်အတင့်ဖြည့်ဆည်းနိုင်ခဲ့ပါတယ်။

အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း ၂၀၁၆ - ၂၀၂၁ ပါ အမျိုးသားပညာရေးရည်မှန်းချက်တွေ (က)မှာ တွေးခေါ်ကြံဆ ဝေဖန်ပိုင်းခြားနိုင်သော အသိဉာဏ်ရှိ၍ ဗလငါးတန်ပြည့်စုံတဲ့ နိုင်ငံ့သားကောင်းတွေ ဖြစ်ထွန်းရေးကိုဦးတည်လေ့ကျင့်ပေးဖို့ ရည်မှန်းထားတာတွေ့ရပါတယ်။ ကောင်းမွန်တဲ့ရည်မှန်းချက်ဖြစ်လို့ ကြိုဆိုရမှာပါ။

ပညာရေးပြုပြင်ပြောင်းလဲရေးမှာ ထူးခြားမှုအရှိဆုံးနဲ့ လက်တွေ့အကျဆုံး ပြောင်းလဲမှုအနေနဲ့ ၂၀၁၄ အမျိုးသားပညာရေးဥပဒေနဲ့အညီ အမျိုးသားပညာရေးမူဝါဒကော်မရှင်ကို ၂၀၁၆ ခုနှစ် စက်တင်ဘာလ ၂၈ ရက်နေ့မှာ အဖွဲ့ဝင် ၂၁ ဦးနဲ့ ဖွဲ့စည်းခဲ့တာကို တွေ့ရပါတယ်။

အမျိုးသားပညာရေးမူဝါဒ ကော်မရှင်ဖွဲ့စည်းခြင်းနဲ့အတူ အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီ၊ အမျိုးသားပညာရေးအဆင့်အတန်းနဲ့ အရည်အသွေးအာမခံမှု အကဲဖြတ်ရေးကော်မတီတို့ကိုလည်း ဖွဲ့စည်းနိုင်ခဲ့တာကို တွေ့ရပါတယ်။ အမျိုးသားပညာရေးမူဝါဒကော်မရှင်မှာ ပညာရေးကဏ္ဍအသီးသီးမှ ပညာရှင်တွေ၊ အတွေ့အကြုံရှိသူတွေ စုစုပေါင်း ၂၁ ဦးနဲ့ ဖွဲ့စည်းထားတာ တွေ့ရပါတယ်။ ဒါဟာ မြန်မာ့ပညာရေးလောကကို ပညာရှင်တွေနဲ့ပြန်လည် ဦးဆောင်လာခြင်းလို့ မြင်မိပါတယ်။ အမျိုးသားပညာရေး မူဝါဒကော်မရှင်အနေနဲ့လည်း စတင်ဖွဲ့စည်းပြီးနောက်လွှတ်တော်သို့ အစီရင်ခံစာနှစ်စောင်တင်ပြခဲ့ပါတယ်။ ၂/၂၀၁၇ အစီရင်ခံစာမှာ အမျိုးသားပညာရေးမူဝါဒကော်မရှင်ရဲ့ ဆောင်ရွက်မှုတွေကို

**“ယခုလို တင်ပြနေမှုဟာလည်း ပညာရေးစနစ်အပေါ်၊ တာဝန်ရှိသူအဆင့်ဆင့်အပေါ်၊ ဆရာဆရာမတွေအပေါ် အပြစ်တင်လိုခြင်းမဟုတ်ပါဘူး၊ လက်တွေ့အမှန်တကယ် ဖြစ်ပျက်နေတာတွေကို တာဝန်ရှိသူအဆင့်ဆင့် သိရှိမှသာလိုအပ်တဲ့ ပြုပြင်ပြောင်းလဲမှု ပြုလုပ်နိုင်မယ်လို့ ယူဆလို့ တင်ပြနေခြင်းပဲ ဖြစ်ပါတယ်”**

အားရဖွယ်တွေရှိရပါတယ်။ ဒီအစီရင်ခံစာဟာ မြန်မာ့ပညာရေးအတွက် မျှော်လင့်ချက်လို့လည်း ယူဆမိပါတယ်။

**ယနေ့ ပညာရေး**

မြန်မာ့ပညာရေးဟာ ယနေ့မြန်မာ့နိုင်ငံရေးပြောင်းလဲမှုမှာ အရေးပါလျက်ရှိသလို အနာဂတ်မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အရေးပါလျက်ရှိပါတယ်။ ဒါပေမယ့် ယနေ့ပညာရေးဟာ မြန်မာနိုင်ငံအနာဂတ်အတွက် အားရဖွယ်မရှိသေးတာကိုလည်း အရှိတရားအတိုင်း ဖော်ပြလိုပါတယ်။ ပညာရေးဟာ အခုရေတွင်းတူး၊ အခုရေကြည်သောက် မရနိုင်ပါဘူး။ ရုပ်ပိုင်းအခြေအနေဟာ အချိန်တိုအတွင်း ပြောင်းလဲနိုင်ပေမယ့် ပညာရပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာပြောင်းလဲမှုဟာ အချိန်ယူပြီး ပြောင်းလဲရတဲ့ သဘောလို့ မြင်မိပါတယ်။

ယနေ့ကျောင်းသားတွေဟာ ယခင်စနစ်များအတိုင်း အလွတ်ကျက်၊ အလွတ်ဖြေ၊ စံပြအဖြေနဲ့ စစ်ဆေး အမှတ်ပေးနေဆဲပဲ ဖြစ်နေပါတယ်။ ကိုယ်တွေ့အတွေ့အကြုံတစ်ခုကို တင်ပြလိုပါတယ်။ မိမိရဲ့တတိယတန်းသမီးငယ်ဟာ ညှော်ခန်းအတွင်း ပစ္စည်းသုံးမျိုးကို အလွတ်ကျက်နေပါတယ်။ သမီးငယ်ကို အလွတ်မကျက်ဖို့နဲ့ ညှော်ခန်းတွင် လက်တွေ့မြင်နေရတဲ့ ပစ္စည်းသုံးမျိုးကိုသာဖြေပါက ရကြောင်းပြောမိပါတယ်။ သို့ပေမယ့်သမီးငယ်ပြန်ဖြေလိုက်သောအဖြေဟာ မိမိ ဦးနှောက်ကိုများစွာ နောက်ကျိသွားစေခဲ့ပါတယ်။ သမီးငယ်ပြန်ဖြေတာဟာ ဆရာမကယခုသင်ထားတဲ့ ပစ္စည်းသုံးသုံးမျိုးအတိုင်းဖြေမှသာ အမှတ်ပေးမယ်လို့ ပြောကြားလိုက်တာပဲ ဖြစ်ပါတယ်။ ဤသို့ သင်ကြားခြင်းနည်းစနစ် ဖြစ်သင့်ပါသလား။ ထိုသို့ သင်ကြားမှုဟာ ကလေးငယ်တွေရဲ့ တွေးခေါ်နိုင်စွမ်းနဲ့ စူးစမ်းလေ့လာမှုကို ဟန့်တားလိုက်တာလို့ မြင်မိပါတယ်။

ကိုယ်တွေ့ ဒုတိယအတွေ့အကြုံကို တင်ပြလိုပါတယ်။ ကိုယ်တွေ့အတွေ့အကြုံတွေ တင်ပြနေခြင်းမှာ မိမိခံစားချက်ကို တင်ပြလိုတာထက် ယနေ့ပညာရေးအရှိတရားကို တင်ပြလိုခြင်း ဖြစ်ပါတယ်။ လက်တွေ့အရှိတရားကို သိမှသာလျှင် အဖြေမှန်ကို သင်ခန်းစာဖော်ထုတ်နိုင်မှာဖြစ်ပါတယ်။ လူတစ်ယောက်ကို အမှားအမှန်ခွဲခြားနိုင်စွမ်း၊ ဆင်ခြင်သုံးသပ်နိုင်စွမ်း၊ လေ့လာနိုင်စွမ်းတွေဟာ စာပေဖတ်ရှုလေ့လာမှုနဲ့ ရရှိနိုင်တယ်လို့ မိမိယူဆပါတယ်။ ဒါကြောင့် မိမိကလေးများကို အားလပ်ချိန်မှာ စာအုပ်ဖတ်ဖို့နဲ့၊ ကျောင်းစာကြည့်တိုက်သွားစာဖတ်ဖို့ အမြဲဆုံးမပါတယ်။ မိမိဆုံးမတော့ သမီးငယ်က ပြန်ဖြေပါတယ်။ သူတို့ကို ကျောင်းစာကြည့်တိုက်မသွားရဘူးလို့ အတန်းပိုင်ဆရာမက တားမြစ်ထားကြောင်းပြောပါတယ်။ ကျွန်တော် အလွန်တရာ ဝမ်းနည်းမိပါတယ်။ အနာဂတ်မျိုးဆက်သစ်တွေအတွက် ရင်နာရပါတယ်။ အနာဂတ်မြန်မာနိုင်ငံရဲ့ မျှော်လင့်ချက်ကို မှေးမှိန်စေပါတယ်။ ဒါဟာ မြန်မာနိုင်ငံရဲ့ပညာရေးလား၊ ကျွန်တော်တို့ သားသမီးတွေရဲ့ အနာဂတ်လား ကျွန်တော် မတွေးတတ်တော့ပါ၊ မတွေးချင်တော့ပါ။ ပညာရေးကို အဓိကအကောင်အထည်ဖော်ဆောင်ရွက်နေသူတွေရဲ့လိုအပ်ချက်ဟာ ပညာရေးမူဝါဒတစ်ခုလုံးကို ရည်ရွယ်ချက်မဲ့စေတာကို သတိပြုရမှာပါ။ ယခုလိုဖြစ်စဉ်မျိုးဟာ ဒီဆရာ၊ ဒီကျောင်းမှာ ပဲလားဆိုတော့ ကျောင်းအတော်များများမှာ တွေ့ရပါတယ်။

ပညာသင်ကြားခြင်း အနှစ်သာရကို လေ့လာကြည့်မိပါတယ်။ ကျောင်းမှာ စာတော်ပေမယ့် လက်တွေ့နယ်ပယ်မှာ တွေးခေါ်ဆင်ခြင် သုံးသပ်နိုင်စွမ်း၊ တီထွင်ဖန်တီးနိုင်စွမ်း၊ လူ့ကျင့်ဝတ်ပိုင်းလိုက်နာနိုင်စွမ်းစတဲ့ ပညာရေးရဲ့အနှစ်သာရပိုင်း အားနည်းနေတာကိုလည်း စိတ်မကောင်းဖွယ် တွေ့ရပါတယ်။ တက္ကသိုလ်ဝင်တန်းစာမေးပွဲမှာ လက်ရှိအောင်ချက်အကောင်းဆုံးဖြစ်လာတဲ့ ပုဂ္ဂလိကကျောင်း တစ်ကျောင်းက ကျောင်းတာဝန်ခံနဲ့တွေ့ဆုံဖူးပါတယ်။ အဲဒါကတော့ မလှိုင်မြို့မိသားစုကိုယ်ပိုင်အထက်တန်းကျောင်းက ဒေါက်တာကိုကိုကြီးပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့က ကျောင်းသားတွေကို စာတော်ရုံသက်သက်၊ အထက်တန်းကို ထူးချွန်စွာအောင်မြင်ဖို့သက်သက်မဟုတ်ဘဲ စဉ်းစားတွေးခေါ်နိုင်စွမ်းရှိရေး၊ တီထွင်ဖန်တီးနိုင်စွမ်းရှိရေး၊ စူးစမ်းလေ့လာလိုစိတ်ရှိရေးနဲ့ပတ်သက်ပြီး လေ့လာမေးမြန်းမိပါတယ်။ ဒေါက်တာကိုကိုကြီးက ပြန်လည်ဖြေကြားရာမှာ ၎င်းတို့ ကျောင်းအနေနဲ့ ကျောင်းသားတွေရဲ့ စဉ်းစားတွေးခေါ်မှု၊ တီထွင်ဖန်တီးမှု၊ စူးစမ်းလေ့လာမှုရှိသော သင်ကြားရေးနည်းစနစ်နဲ့ သင်ကြားလိုကြောင်း၊ မိမိကိုယ်တိုင်လည်း အားပေးလိုကြောင်း သို့သော်လည်း လက်ရှိပညာရေးစနစ်၊ စာမေးပွဲစနစ်တွေကြောင့် ထိုသို့သင်ကြားဖို့ အခက်အခဲရှိပါကြောင်း ဖြေကြားခဲ့ပါတယ်။

ယခုကိုယ်တွေ့ဖြစ်စဉ်တွေ၊ ပတ်ဝန်းကျင် အတွေ့အကြုံတွေကို ကျွန်တော်သုံးသပ်မိပါတယ်။ (၁) ကလေးငယ်တွေရဲ့ စဉ်းစားတွေးခေါ်နိုင်စွမ်းနဲ့ လေ့လာမှုစွမ်းရည်ကို အားပေးသော ပညာရေးဖြစ်ဖို့ လိုအပ်နေသေးခြင်း၊ (၂) ဆရာတွေ၏ အရည်အသွေးလိုအပ်ခြင်း၊ (၃) စာမေးပွဲစနစ် အားနည်းခြင်းများ၊ (၄) မူဝါဒအား ထိရောက်စွာ အကောင်အထည်ဖော်ရန်လိုအပ်မှုတွေကို တွေ့ရပါတယ်။

ပညာရေးကို လက်တွေ့အကောင်အထည်ဖော်နေကြတဲ့ ဆရာဆရာတွေဟာ သင်ကြားရေးစနစ်အတွက် အခြေခံအကျဆုံးနဲ့ အရေးကြီးဆုံးလို့ ယူဆပါတယ်။ ဒါကြောင့် ဆရာဆရာမတွေ အရည်အသွေးပြည့်ဝရေး ( professionalization ) ကိုလည်း ထိထိရောက်ရောက် လုပ်ဆောင်ဖို့ လိုအပ်နေပါပြီ။ ဒါတွေဟာ လက်တွေ့ကြုံတွေ့နေရတဲ့ ပညာရေးအခြေအနေပဲ ဖြစ်ပါတယ်။ ယခုလိုတင်ပြနေမှုဟာလည်း ပညာရေးစနစ်အပေါ်၊ တာဝန်ရှိသူ အဆင့်ဆင့်အပေါ်၊ ဆရာဆရာတွေအပေါ် အပြစ်တင်လိုခြင်းမဟုတ်ပါဘူး။ လက်တွေ့အမှန် တကယ်ဖြစ်ပျက်နေတာတွေကို တာဝန်ရှိသူအဆင့်ဆင့်သိရှိမှသာ လိုအပ်တဲ့ ပြုပြင်ပြောင်းလဲမှု ပြုလုပ်နိုင်မယ်လို့ယူဆလို့ တင်ပြနေခြင်းပဲ ဖြစ်ပါတယ်။

**ကျောင်းသားမိဘ**

ကျောင်းသားမိဘတိုင်းဟာ မိမိတို့ရဲ့သားသမီးတွေကို အကောင်းဆုံးပညာရေး ပေးချင်ကြသူချည်း ဖြစ်ပါတယ်။ မိသားစုအခြေအနေ၊ ငွေကြေးအခြေအနေ၊ ကလေးအခြေအနေအရ ပညာရေးသင်ကြားပေးနိုင်မှု ကွဲပြားနိုင်ပါတယ်။ မိမိတို့ကိုယ်တိုင်အကောင်းဆုံးသောပညာရေးကို မသင်ကြားရပေမယ့် နောင်မျိုးဆက်သစ်တွေအတွက် ယခုချိန်မှစပြီးပညာရေးကို အနှစ်သာရရှိရှိ သင်ကြားပေးနိုင်မှသာ ထူးချွန်တဲ့ နောက်မျိုးဆက်သစ်များကို မွေးထုတ်နိုင်မှာဖြစ်ပါတယ်။

မိဘအများစုဟာ မိမိသားသမီးတွေထူးချွန်ထက်မြက်ရေး၊ ဘဝလုံခြုံမှုရှိရေးအတွက်ကြောင့် အခက်အခဲတွေကြားက သားသမီးတွေကို ပညာသင်ကြားပေးနေကြခြင်းဖြစ်ပါတယ်။ မိမိကလေး စာသင်ခန်းထဲမှာ အများနည်းတူ စာလိုက်နိုင်ဖို့ မဖြစ်မနေကျူရှင်ထားကြရပါတယ်။ မိမိတို့ဝန်ထမ်းလစာရဲ့ တစ်ဝက်ကျော်ဟာ ကျူရှင်စရိတ်ဖြစ်ပါတယ်။ ကျူရှင်ကို ဘယ်မိဘမှ မထားချင်ပါဘူး။ မထားရင်မဖြစ်တဲ့ အခြေအနေကြောင့်သာ ထားနေကြရခြင်း ဖြစ်ပါတယ်။ ကျောင်းသားတွေဟာလည်း မနက်မိုးလင်း မိုးချုပ်ကျောင်းနဲ့ကျူရှင်ကိုသာ သွားနေကြရတာပါ။ အားကစားလုပ်ဖို့၊ ဆော့ကစားဖို့၊ ပြင်ပစာပေဖတ်ရှုလေ့လာဖို့ အချိန်လုံးဝ မရှိပါဘူး။ ကလေးငယ်ဘဝဆော့ကစားမှုဟာလည်း လေ့လာသင်ယူမှုတစ်မျိုး ဖြစ်ပေမယ့် ကျောင်းသွား၊ ကျူရှင်သွား၊ စာကျက်ခြင်း တွေနဲ့သာ ကလေးငယ်တွေ ဘဝကုန်ဆုံးနေရတာတွေ မဖြစ်သင့်တော့ပါဘူး။ မူဝါဒပြောင်းပေမယ့် အနီးကပ်တာဝန်ရှိသူ ဌာနအဆင့်ဆင့်က Institutionalization မဖြစ်ပါကလည်း အကောင်အထည်မပေါ်နိုင်ဘူးလို့ ယူဆပါတယ်။ ဟန်ချက်ညီစွာ ပြောင်းလဲနိုင်မှသာ ထိရောက်မှုရှိမှာ ဖြစ်ပါတယ်။

**အနာဂတ် ပညာရေး**

မြန်မာနိုင်ငံ အနာဂတ်ပညာရေးကောင်းမွန်ဖို့အတွက် ပညာရေးဆိုင်ရာ ဥပဒေတွေပြဋ္ဌာန်းမှုတွေ ဆောင်ရွက်ရန်လိုအပ်သလို ထိထိရောက်ရောက်အကောင်အထည်ဖော်ဖို့လည်း effective implementation လည်း လိုအပ်မှာဖြစ်ပါတယ်။ တစ်ခါတစ်ရံ ဥပဒေ၊ မူဝါဒတွေကောင်းမွန်ပေမယ့် အကောင်အထည်ဖော်သူအဆင့်ဆင့်ရဲ့စီမံခန့်ခွဲမှုလိုအပ်ချက်များကြောင့်လည်း ရည်မှန်းချက်မရောက်မှု၊ အချိန်ကြန့်ကြာမှုတွေ ဖြစ်တတ်တာကိုလည်း သတိပြုရမှာဖြစ်ပါတယ်။ လက်ရှိ အမျိုးသားပညာရေးဥပဒေ၊ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း ၂၀၁၆ - ၂၀၂၁ နဲ့ အမျိုးသားပညာရေးကော်မရှင်တို့ဟာ မြန်မာနိုင်ငံအနာဂတ်ပညာရေးကို အကောင်းဆုံး ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်နိုင်မယ်လို့ ယုံကြည်မိပါတယ်။ ဥပဒေပြုရေးကဏ္ဍမှလည်း အကောင်းဆုံးပံ့ပိုးပေးနိုင်လိမ့်မယ်လို့ မျှော်မှန်းမိပါတယ်။ သို့မှသာ မြန်မာနိုင်ငံရဲ့ အနာဂတ်ပညာရေးတောက်ပလာမှာဖြစ်သလို နိုင်ငံတကာနဲ့ရင်ပေါင်တန်းလာနိုင်မှာဖြစ်ကြောင်း မျှော်လင့်ရပါတော့တယ်။ ။

# တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်း

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

**တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်း**

**(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်  ။)**

**၁၃၇၉ ခုနှစ်၊ လ၊ ရက်**

**(၂၀၁၇ ခုနှစ်၊ လ၊ ရက်)**

**ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။**

၁။ ဤဥပဒေကို **တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေ**ကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေဟုခေါ်တွင်စေရမည်။

၂။ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့်အကျိုးစီးပွားမြှင့်တင်ရေးဥပဒေပုဒ်မ ၄ ၏ နောက်တွင် ပုဒ်မ ၄-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"၄-က။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ပုဒ်မ ၄ အရ ဖွဲ့စည်းသော ဦးဆောင်အဖွဲ့ကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။"

၃။ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲ (ဂ)နှင့် ပုဒ်မခွဲ (ဃ) တို့ကိုအောက်ပါအတိုင်းအစားထိုးရမည် -

"(က) တောင်သူလယ်သမားများအတွက် အကျိုးစီးပွားဖြစ်ထွန်းစေသော သီးနှံစိုက်ပျိုးခြင်းနှင့် တိရစ္ဆာန်မွေးမြူခြင်းလုပ်ငန်းတို့ကို သက်ဆိုင်ရာဥပဒေများနှင့်အညီ ထုတ်လုပ်ရောင်းချနိုင်ရန် ကူညီဆောင်ရွက်ခြင်း၊

(ခ) ဒေသနှင့်ကိုက်ညီသောသီးနှံပုံစံနှင့် တိရစ္ဆာန်အမျိုးအစားကို မှန်ကန်စွာရွေးချယ် စိုက်ပျိုးမွေးမြူနိုင်ရန် ပညာပေးခြင်း၊

(ဂ) တောင်သူလယ်သမားများအား စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်း သို့မဟုတ် မွေးမြူ ထုတ်လုပ်မှုလုပ်ငန်းအတွက် လိုအပ်သည့် အချိန်၌ ချေးငွေနှင့်အကူအညီများရရှိရန် စီစဉ်ဆောင်ရွက်ပေးခြင်း၊

(ဃ) သဘာဝဘေးအန္တရာယ်ကြောင့် သော်လည်းကောင်း၊ ပိုးမွှားရောဂါကျရောက်မှုနှင့်အခြား အကြောင်းများကြောင့်သော်လည်းကောင်း လယ်ယာမြေ နှင့်စိုက်ပျိုးသီးနှံ ထိခိုက်ပျက်စီးမှုကိုဖြစ်စေ ငါးမွေးကန် သို့မဟုတ် မွေးမြူရေးခြံနှင့် မွေးမြူသည့် တိရစ္ဆာန် ထိခိုက်ပျက်စီးမှုကိုဖြစ်စေ ကြုံတွေ့ရသော လုပ်ကွက်ငယ်တောင်သူလယ်သမားများအား ဦးစားပေးကူညီထောက်ပံ့ခြင်း၊"

၄။ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့်အကျိုးစီးပွားမြှင့်တင်ရေးဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ (ဍ) ၏နောက်တွင် ပုဒ်မခွဲ (ပ) အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည် -

"(ပ) လိုအပ်သည့် ဝန်ထမ်းဖွဲ့စည်းမှုရရှိရေး၊ ဝန်ထမ်းအရည်အသွေးနှင့် ကျွမ်းကျင်မှုမြှင့်တင်ရေး၊ လယ်ယာထုတ်ကုန်များအတွက် ကောင်းမွန်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကျင့်စဉ်လက်မှတ်များနှင့် လိုအပ်သော ထောက်ခံချက်များရရှိရေး၊ တောင်သူလယ်သမားများအား ဥပဒေနှင့်အညီ အခွင့်အရေးများ ရရှိရေးဆိုင်ရာ ကိစ္စရပ်များကို သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခြင်း"

၅။ "တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ (ခ) နှင့် ပုဒ်မ ၂၃ တွင် ပါရှိသည့် "ကောက်ပဲသီးနှံ" ဆိုသည့် စကားရပ်ကို "လယ်ယာထုတ်ကုန်"ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။"

၆။ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့်အကျိုးစီးပွားမြှင့်တင်ရေးဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ (ခ) ၏နောက်တွင် ပုဒ်မခွဲ (ဂ) အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည် -

"(ဂ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသည့် လယ်ယာ ထုတ်ကုန်စီမံခန့်ခွဲရေးအဖွဲ့ကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။"

၇။ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေ ပုဒ်မ ၇ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၇။ ဦးဆောင်အဖွဲ့သည်-

(က) ဤဥပဒေ၏ရည်ရွယ်ချက်နှင့် ဦးဆောင်အဖွဲ့၏လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သည့် လုပ်ငန်းကော်မတီ သို့မဟုတ် လုပ်ငန်းအဖွဲ့ကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ ပြည်ထောင်စုနယ်မြေဆိုင်ရာ အုပ်ချုပ်မှုအဖွဲ့အစည်းတို့မှ သင့်လျော်သော ပုဂ္ဂိုလ်များနှင့် အခြားလုပ်ငန်းဆိုင်ရာ အတွေ့အကြုံရှိသူများဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။

(ခ) ပုဒ်မခွဲ(က) အရ ဖွဲ့စည်းသောလုပ်ငန်းကော်မတီ သို့မဟုတ် လုပ်ငန်းအဖွဲ့ကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။"

၈။ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့်အကျိုးစီးပွားမြှင့်တင်ရေးဥပဒေ ပုဒ်မ ၈နှင့် စပ်လျဉ်း၍ -

(က) ပုဒ်မခွဲ (က) တွင် ပါရှိသည့်"လွတ်လပ်စွာ" ဆိုသည့် စကားရပ်ကို "သက်ဆိုင်ရာဥပဒေနှင့် အညီ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ခ) သက်ဆိုင်ရာလုပ်ငန်းအလိုက်သင့်တင့်သော စိုက်ပျိုးရေး စရိတ်ချေးငွေ၊ မွေးမြူရေးစရိတ်ချေးငွေများ ချေးယူခွင့်၊"

၉။ "တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေ ပုဒ်မ ၉၊ ပုဒ်မခွဲ (ဂ) တွင်ပါရှိသည့် "စိုက်ပျိုးထုတ်လုပ်သည့်ကောက်ပဲသီးနှံများ" ဆိုသည့် စကားရပ်ကို"စိုက်ပျိုးမွေးမြူ ထုတ်လုပ်သည့်လယ်ယာထုတ်ကုန်များ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည် ။"

၁၀။ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေ ပုဒ်မ ၁၁ ကို အောက်ပါအတိုင်းအစားထိုးရမည် -

"၁၁။ ဦးဆောင်အဖွဲ့သည် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရေးအတွက် လည်းကောင်း၊ မိရိုးဖလာမွေးမြူရေးမှ စနစ်တကျမွေးမြူရေး လုပ်ကိုင်နိုင်ရေးအတွက်လည်းကောင်းလိုအပ်သော နည်းပညာ၊ အရင်းအနှီး၊ စက်ပစ္စည်း၊ ကုန်ကြမ်းအစရှိသည်တို့ကို ညှိနှိုင်းဆောင်ရွက်ပေးရမည်။"

၁၁။ "တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေ ပုဒ်မ ၁၃ တွင် ပါရှိသည့် "နှစ်ပေါက်" ဆိုသည့် စကားရပ်ကို "နှစ်စဉ်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။"

၁၂။ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေ ပုဒ်မ ၁၆ ကို အောက်ပါအတိုင်းအစားထိုးရမည် -

"၁၆။ ဦးဆောင်အဖွဲ့သည် -

(က) ချေးငွေ၊ အကူအညီ၊ အထောက်အပံ့နှင့် သင့်တင့်သော အရင်းအနှီးများကို တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ ခံစားခွင့်ရှိသည့်တောင်သူလယ်သမားများ လက်ဝယ်သို့ အပြည့်အဝရရှိစေရန် စီမံဆောင်ရွက်ရမည်။

(ခ) အစိုးရသတ်မှတ်ခွင့်ပြုသည့်ဘဏ် သို့မဟုတ် တောင်သူလယ်သမားများ အကျိုးစီးပွားအလို့ငှာ ချေးငွေလုပ်ငန်းဆောင်ရွက်ရန် အထူးကိစ္စရပ်အဖြစ် စည်းမျဉ်းစည်းကမ်းများနှင့်အညီ အစိုးရက သတ်မှတ်ခွင့်ပြုသည့် ကုမ္ပဏီ၊ အသင်းအဖွဲ့အစည်းများမှ နှစ်စဉ်၊ နှစ်တိုနှင့် နှစ်ရှည်ချေးငွေများထုတ်ချေးခြင်း၊ ပြန်လည်ပေးဆပ်ခြင်းတို့ကို လိုအပ်ပါကပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးရမည်။"

၁၃။ "တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေပုဒ်မ ၁၈ တွင်ပါရှိသည့် မျိုးစေ့ဆိုသည့် စကားရပ်၏ရှေ့၌ "မျိုး၊" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။"

၁၄။ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေ ပုဒ်မ ၂၀၊ ပုဒ်မခွဲ(က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(က) ပုဂ္ဂလိကကဏ္ဍမှ အရည်အသွေးမီသည့် မျိုးနှင့် မျိုးစေ့သုတေသနလုပ်ငန်းနှင့်ထုတ်လုပ်သည့်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရေးကို အားပေးကူညီခြင်း၊"

၁၅။ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေပုဒ်မ ၂၀၊ ပုဒ်မခွဲ (င) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(င) တောင်သူလယ်သမားများ လိုအပ်သော လယ်ယာလုပ်ငန်းသုံးနှင့် မွေးမြူရေးလုပ်ငန်းသုံးစက်ကိရိယာနှင့် ပစ္စည်းများကို အရစ်ကျဝယ်ယူရရှိနိုင်ရေးအတွက်သက်ဆိုင်ရာငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊"

၁၆။ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေ ပုဒ်မ ၂၀ ၊ ပုဒ်မခွဲ(စ) ၏နောက်တွင် ပုဒ်မခွဲ(ဆ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ဆ) မွေးမြူရေးအစာနှင့် ဆေးဝါး များထုတ်လုပ်ခြင်း၊တင်သွင်းခြင်း၊ ပြုပြင်ခြင်း၊ ထုပ်ပိုးခြင်း သို့မဟုတ် ရောင်းချခြင်း ပြုလုပ်ရာတွင်စံချိန်စံညွှန်းနှင့် ကိုက်ညီ၍အန္တရာယ်ကင်းရှင်းပြီး သုံးစွဲခွင့်ရှိကြောင်း အာမခံချက်ပါရှိရေးနှင့် သင့်တင့်မျှတသော ဈေးနှုန်းဖြင့်လွယ်ကူစွာဝယ်ယူသုံးစွဲနိုင်ရေးတို့ကို ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊"

၁၇။ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့်အကျိုးစီးပွားမြှင့်တင်ရေးဥပဒေ ပုဒ်မ ၂၇ ကို အောက်ပါအတိုင်းအစားထိုးရမည်-

"၂၇။ မည်သူမဆို တောင်သူလယ်သမားများအား ဤဥပဒေအရ ထုတ်ချေးသောချေးငွေ၊ ပေးအပ်သော အကူအညီနှင့် အထောက်အပံ့များ သို့မဟုတ် ယင်းတို့နှင့်ပတ်သက်သော စီမံခန့်ခွဲပိုင်ခွင့်ကို တစ်နည်းနည်းဖြင့် ယုံကြည်အပ်နှံခြင်းခံရသည်တွင် အဆိုပါထုတ်ချေးသောချေးငွေ၊ပေးအပ်သော အကူအညီနှင့် အထောက်အပံ့များ သို့မဟုတ် ယင်းတို့နှင့် ပတ်သက်သော စီမံခန့်ခွဲပိုင်ခွင့်ကို မရိုးမဖြောင့်သော သဘောဖြင့်သုံးစွဲခြင်း သို့မဟုတ် စီမံခန့်ခွဲခြင်းပြုလျှင် ထိုသူသည် ဥပဒေအရ အရေးယူခြင်းခံရမည်။"

၁၈။ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့်အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေ ပုဒ်မ ၂၇ ၏ နောက်တွင် ပုဒ်မ ၂၇ -က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၂၇-က။ ဤဥပဒေအရ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို သက်ဆိုင်ရာ လုပ်ငန်းအဖွဲ့သည် ဦးဆောင်အဖွဲ့သို့လည်း ကောင်း၊ ဦးဆောင်အဖွဲ့သည် အစိုးရအဖွဲ့သို့ လည်းကောင်း သတ်မှတ်ချက်များနှင့်အညီ ပြုစုတင်ပြရမည်။"

၁၉။ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေး နှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေ ပုဒ်မ ၂၈ တွင် ပါရှိသော "လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန" ဆိုသည့် စကားရပ်ကို "စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၂၀။ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေပုဒ်မ ၂၉၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည်။

"(က) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ဦးဆောင်အဖွဲ့နှင့် ညှိနှိုင်းရေးဆွဲပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။"

---

# ပထမအင်းဝခေတ်ဦး သက္ကရာဇ် ၇၂၆ ခုနှစ် အမှတ်ပါသဲကျောက်စာ တွေ့ရှိ

**ကသာ နိုဝင်ဘာ ၁၁**

ပထမ အင်းဝခေတ်ဦး သက္ကရာဇ် ၇၂၆ ခုနှစ် အမှတ်ပါဘုရားတည်၊ ကျောင်းဆောက်ထားသည့် သဲကျောက်ပေါ်ရေးထိုးထားသော ကျောက်စာကိုရွှေဘိုမြို့နယ် အနောက်မြောက်ဘက်ပိုင်း အင်ကြင်းပင်ရွာတောင်ဘက် နှစ်မိုင်ခန့်အကွာ ရှေးဟောင်းဘုရားကြီးတိုက် စေတီများအနီး လူအရောက်နည်းသောနေရာတွင် တွေ့ရှိခဲ့ရာ ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက် ဌာနမှ အောက်တိုဘာလကုန်ပိုင်းလောက်က လေ့လာခဲ့သည်ဟု သိရသည်။

သဲကျောက်၊ စကျင်ကျောက်၊ ဂေါ်ဒွန်ကျောက်ရှုံ့ပြာအုတ်ခွက်များတွင် ရေးထိုးထားသော စာများကိုကူးယူ၍ ခေတ်အက္ခရာဖလှယ်ခြင်းကို ဆောင်ရွက်နေပြီး စစ်ကိုင်းတိုင်းဒေသကြီး အတွင်း အသစ်တွေ့ကျောက်စာ အတွဲ ၁၊ အတွဲ ၂၊ အတွဲ ၃ ခေတ်အက္ခရာများ ရေးသွင်းနိုင်ခဲ့သည်။

လက်ရှိတွင် အတွဲ ၄ အတွက် ကွင်းဆင်းဆောင်ရွက်နေခြင်းဖြစ်သည်ဟု ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်မှ ဦးဝင်းကိုက ပြောသည်။

ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်မှကမ္ပည်းဌာနရှိ ဦးဝင်းကို၊ ဦးရာဇာအောင်၊ ဦးလှုပြုံး၊ ဦးနေအောင်တို့က အဆိုပါကျောက်စာကို လေ့လာကြပြီးမှတ်တမ်း အက္ခရာများပြုစုခြင်းကို ဆက်လက်ဆောင်ရွက်ရာ ယခုနှစ်သက္ကရာဇ်နှင့်ဆိုလျှင် ၆၅၃ နှစ်ရှိနေသော သဲကျောက်စာဖြစ်နေသည်ဟု သိရသည်။

"ခေတ်ကာလ လူနေမှုအသိနဲ့ နှိုင်းယှဉ်ရင် ရှေးလူကြီးတွေက ကိုယ့်မြို့ ကိုယ်ရွာမှာရှိတဲ့ ဘယ်အဆောက်အအုံမျိုးမဆို ခုနှစ်သက္ကရာဇ်နဲ့ ပြုလုပ်ထားကြပါတယ်၊ ကျွန်တော်အနေနဲ့ကတော့ သမိုင်းအမွေအနှစ်ဖြစ်လာစေမယ့် အရာမှန်သမျှကို ခုနှစ်သက္ကရာဇ်ထည့်သွင်း ပြုလုပ်စေချင်ပါတယ်" ဟု ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်မှ ဦးဝင်းကိုက အသိပေးပြောခဲ့သည်။ ထို့အပြင် ကျောက်စာတည်ရှိရာနေရာ၌ ခြံစည်းရိုးကာရံခြင်းနှင့် ထိန်းသိမ်းရေးများ လိုအပ်လျက်ရှိသည်။

**ငွေအိုး(ကသာ)**



**အ ခွင့် အ လမ်း ဖွေ ရှာ ဘ ဝ အ တွက် တာ**

**မြန်မာနိုင်ငံသည် အာဆီယံစီးပွားရေးအသိုက်အဝန်းသို့ ဝင်ရောက်ခဲ့ပြီဖြစ်ရာ မိမိတို့ လူသားအရင်းအမြစ်များကို ကျွမ်းကျင်လုပ်သားများအဖြစ် လေ့ကျင့်ပျိုးထောင်ပြီး အာဆီယံနိုင်ငံများ၏ ဘုံအလုပ်သမားဈေးကွက်၌ အရည်အသွေးပြည့်ဝစွာ ယှဉ်ပြိုင်နိုင်ရေးအတွက် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားများအားလုံးတွင် တာဝန်ကိုယ်စီရှိပါသည်။ မြန်မာနိုင်ငံတွင် လူဦးရေ ၅၁ သန်းကျော်ရှိပြီး အလုပ်လုပ်နိုင်သူဦးရေမှာ ၃၂ သန်းကျော်ရှိသည်။ ထို့အပြင် တစ်နိုင်ငံလုံး၏ ၆၇ ရာခိုင်နှုန်းသော အလုပ်လုပ်နိုင်သည့် လူ့စွမ်းအား အရင်းအမြစ်များသည် ပြည်တွင်း၊ ပြည်ပအလုပ်အကိုင်များကိုရရှိကာ ကျွမ်းကျင်သည့် အလုပ်သမားများအဖြစ် ရပ်တည်နိုင်ကြပြီး နိုင်ငံတော်အတွက် မှန်ကန်သည့် ဝင်ငွေလမ်းကြောင်း၊ တိုင်းပြည်တိုးတက်ကြီးပွားရေးအတွက် ဘက်ပေါင်းစုံမှ ကူညီပံ့ပိုးသူများ ဖြစ်လာစေရန် ရည်ရွယ်ကာ ပြည်တွင်း၊ ပြည်ပ အလုပ်အကိုင်အခွင့်အလမ်းများ၊ အလုပ်သမားများအတွက် သိသင့်သိထိုက်သည်များ၊ ကျွမ်းကျင်မှုစနစ်များ၊ လိုအပ်ချက်များ၊ လူမှုဖူလုံရေးခံစားခွင့်များအကြောင်းကို အလျဉ်းသင့်သလို တင်ဆက်သွားရန် ရည်ရွယ်ထားပါသည်။**

# ကျွမ်းကျင်လုပ်သား၊ အလုပ်အကိုင်နှင့် အခွင့်အလမ်း

**ခင်ရတနာ**

လူငယ်များအတွက် ပညာသင်ကြားမှုကဏ္ဍကို ကျော်လွန်လာခဲ့မည်ဆိုလျှင် အလုပ်အကိုင်အခွင့်အလမ်းရရှိရေးသည် အရေးကြီးသည့် အကြောင်းအရာတစ်ခုဖြစ်သည်။ အလုပ်အကိုင် အခွင့်အလမ်းရရှိနိုင်ရေးအတွက် အရေးအကြီးဆုံး အကြောင်းအရင်းတစ်ရပ်မှာ ကျွမ်းကျင်စွာအလုပ်လုပ်ကိုင်တတ်ရန်ဖြစ်ကြောင်း အလုပ်သမားအဖွဲ့ချုပ်မှ ထုတ်ပြန်သည့် စာတမ်းများတွင် ဖတ်ရှုရသည်။ မြန်မာနိုင်ငံဟာ လုပ်သားအင်အား ပေါများသည့်နိုင်ငံဖြစ်ပြီး နိုင်ငံ့လူဦးရေ၏ သုံးပုံနှစ်ပုံသည် အလုပ်လုပ်ကိုင်နိုင်စွမ်းရှိသူများ ဖြစ်ကြသည်။ ထိုလူများအားလုံး အလုပ်အကိုင်အခွင့်အလမ်းများ ရရှိကြရန်နှင့် အမှန်တကယ် ထိုက်သင့်သည့်လုပ်ခလစာ၊ ခံစားခွင့်များ ရရှိနိုင်ရန်အတွက် လိုအပ်ချက်များစွာရှိသည်။ လုပ်သားပေါများသည့်အားသာချက်ရှိသော်လည်း နိုင်ငံတွင်း လုပ်သားအများစုမှာ ကျွမ်းကျင်ပိုင်နိုင်မှုရှိပြီး စနစ်ကျန စွာဆောင်ရွက်တတ်သည့် လုပ်သားအင်အားများ ရှားပါးနေသေးသည့် အချက်ကြောင့်လည်း ထိုက်သင့်သည့် လုပ်ခလစာနှင့် ခံစားခွင့်များ မရရှိနိုင်ခြင်းဖြစ်ကြောင်း ကျွမ်းကျင်သူများက ခန့်မှန်းကြသည်။

**သေချာမှလုပ်ပါ**

"လူငယ်တွေအများစုက ကိုယ်ဘာဖြစ်ချင်သလဲဆိုတာကို မသဲကွဲကြဘူး၊ လုပ်ကိုင်လိုစိတ်ရှိပေမယ့် ကိုယ်တကယ် ဝါသနာပါဖို့က အရေးကြီးတယ်၊ ကိုယ့်ဘဝလမ်းကြောင်း၊ ကိုယ့်အသက်မွေးရပ်တည်ဖို့အတွက် ဘယ်နည်းလမ်းကိုသုံးချင်သလဲဆိုတာနဲ့ အစပြုပြီး အလုပ်အကိုင်အတွက် ရွေးချယ်သင့်တယ်၊ အခုနောက်ပိုင်း လူငယ်အများစုက ရေပွက်ရာ ငါးစာချသလို ကောင်းနိုးရာရာ သူများတက်တဲ့သင်တန်းတွေ လိုက်တက်တယ်။ ကိုယ်ပိုင်ဆုံးဖြတ်ချက်အပိုင်းမှာအားနည်းချက်ရှိတာကိုတွေ့ရတယ်"ဟု ပြည်တွင်းအလုပ်အကိုင် ရှာဖွေရေးအေဂျင်စီ JPE Everest မှ ဦးဝင်းနိုင်က ပြောကြားသည်။

လက်ရှိတွင် ရန်ကုန်၊ မန္တလေးနှင့် မြို့ကြီးများအားလုံးတွင် အလုပ်အကိုင်ကောင်းများရရှိစေရန် အခြေခံသင်တန်းများ၊ လုပ်ငန်းခွင်အသုံးချသင်တန်းများနှင့်မွမ်းမံ သင်တန်းများ စသည်ဖြင့် ပုဂ္ဂလိကသင်တန်းများနှင့် အစိုးရဌာနဆိုင်ရာ အသီးသီးက ဖွင့်လှစ်ပေးသည့် သင်တန်းများစွာကို မြင်တွေ့ရသည်။ သင်တန်းများဖွင့်လှစ်ခြင်း၊ သင်တန်းဆင်းပွဲများကျင်းပခြင်းတို့ကိုလည်း မကြာခဏမြင်တွေ့ရသည်။ သို့သော် သင်တန်းဆင်းကြသူများ၏ အခွင့်အလမ်း၊ အလုပ်အကိုင်ရလဒ်များနှင့် အရည်အသွေး များအတွက် တိုင်းတာမှု စစ်ဆေးခြင်း၊ ဖော်ထုတ်ခြင်းများမှာ မရှိသလောက်နည်းပါးလျက်ရှိသည်။

**ကျွမ်းကျင်ရာလိမ္မာ**

ကျွမ်းကျင်လုပ်သားများပေါ်ထွက်လာရေးအတွက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်ပေးနေပြီး ကျွမ်းကျင်မှု သင်တန်းများကိုလည်း ဆက်တိုက်ပေးအပ်လျက်ရှိကြောင်း သိရသည်။ "ကျွမ်းကျင်လုပ်သားနဲ့ အခြေခံလုပ်သားဆိုပြီး အကြမ်းဖျင်းအားဖြင့် သုံးစွဲမယ်ဆိုရင် ကျွမ်းကျင် လုပ်သားတွေဟာ အခွင့်အရေးတွေအများကြီးပိုရတယ်၊ သူတို့တွေအတွက် ကျွမ်းကျင်မှုအဆင့်သတ်မှတ်ချက်ဆိုတာလည်း ရှိတယ်၊ အသက်မွေးဝမ်းကြောင်းပညာရပ်တွေမှာ ကျွမ်းကျင်သူအဆင့်ရောက်ရှိဖို့အတွက် အခြေခံကျကျ သင်ကြားမှုပေးတဲ့ သင်တန်းတွေလိုအပ်တယ်၊ မွမ်းမံသင်ကြားမှုလိုအပ်တယ်၊ လက်တွေ့လုပ်ကိုင်မှု လိုအပ်တယ်၊ နောက်တစ်ခုက တီထွင်ဖန်တီးမှုလိုအပ်ပါတယ်။ အားလုံးပေါင်းစပ်ပြီးမှသာ ကျွမ်းကျင်ဝန်ထမ်းကို အဆင့်တွေခွဲပြီး သတ်မှတ်ကြတယ်၊ အာဆီယံ ကျွမ်းကျင်လုပ်သားအဆင့်သတ်မှတ်တာကလည်း ဒီအတိုင်းပါပဲ၊ ကျွန်တော်တို့ဆီမှာလည်း ကျွမ်းကျင်အဆင့်သတ်မှတ်ပေးတာတွေ လုပ်ဆောင်ပေးတယ်၊ အဲဒီအတွက် စစ်ဆေးမှုတွေကို လုပ်ဆောင်ပေးတယ်"ဟု အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်ကျော်လွင်က ပြောသည်။

ဝါသနာပါသည့် လုပ်ငန်းများကို ရွေးချယ်ကာ လုပ်ကိုင်နိုင်ခြင်း၊ လာမည့်ဆယ်စုနှစ်အတွင်း ရေ့တန်းရောက်လာနိုင်မည့် အသက်မွေးမှုအတတ်ပညာများကို ကြိုတင်မျှော်မှန်းထောက်ဆကာ လေ့ကျင့်သင်ယူခြင်းနှင့်ပိုမိုကျွမ်းကျင်သထက်ကျွမ်းကျင်လာစေရန် လေ့ကျင့်မှုများလုပ်ကိုင်ခြင်းတို့ဖြင့် လူငယ်များအနေဖြင့် မိမိတို့၏ အဆင့်ကို မြှင့်တင်ထားသင့်ကြောင်း အလုပ်သမားညွှန်ကြားမှု ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ဌေးဝင်းက ပြောကြားသည်။

"ကိုယ့်ရဲ့ကျွမ်းကျင်မှုကို ကန့်သတ်မထားသင့်ဘူး၊ ထပ်မံဖြည့်တင်းဖို့လိုအပ်သလို ပြန်လည်ဖော်ထုတ်ဖို့လည်းလိုတယ်။ အဲဒီအတွက် သင်တန်းတွေ၊ မွမ်းမံသင်တန်းတွေနဲ့ ဆွေးနွေးပွဲတွေဟာ လုပ်သားတွေကြားမှာ မရှိမဖြစ် ရှိသင့်တဲ့အရာတွေဖြစ်တယ်၊ ဒါပေမယ့် လုပ်ငန်းတွေဟာလည်း အမှန်တကယ် ထိရောက်မှုရှိလား၊ ကိုယ်လုပ်နေတဲ့ လုပ်ငန်းနယ်ပယ်နဲ့ ဆက်စပ်မှုရှိလား၊ အကျိုးပြုနိုင်မလား၊ သင်တန်းဆင်းသူတွေရဲ့ စွမ်းရည်တွေက လက်တွေ့မှာ ဘယ်လောက်အကျိုးသက်ရောက်သလဲဆိုတာကို တိုင်းတာပြီး ဖော်ထုတ်တာမျိုးကတော့ အားနည်းနေတယ်၊ ပုဂ္ဂလိကနဲ့ အစိုးရကနေ ဖွင့်ပေးတဲ့ ကျွမ်းကျင်မှုသင်တန်းတွေက အများကြီးဘဲ၊ အမှန်တကယ်လက်တွေ့ ဘယ်လောက်အသုံးဝင်သလဲ၊ အသုံးမဝင်ဘူးလဲဆိုတဲ့ ပြန်လည်သုံးသပ်မှုကတော့ ရှိသင့်တယ်လို့ ထင်တယ်၊ ဒါမှလည်း အောင်မြင်တဲ့ စွမ်းဆောင်ရှင်တွေဖြစ်မယ်"ဟု အိုင်အယ်လ်အိုမြန်မာမှ မစ္စတာ အန်တီနီယို ရီနယ်ဒိုထံက သိရသည်။



**အလုပ်ရွေးချယ်တဲ့အခါ**

အလုပ်အကိုင်အခွင့်အလမ်းများသည် ယခင်ကထက်နှိုင်းယှဉ်ပါက ပိုမိုများပြားလာနေပြီး အလုပ်ရရှိရန်အတွက် အလုပ်သမားရုံးများ၊ မီဒီယာများနှင့် ဆိုရှယ်မီဒီယာများ စသည်ဖြင့် နေရာအသီးသီးမှ လွယ်လင့်တကူ ရှာဖွေနိုင်ပြီဖြစ်သည်။ ထို့အတွက် မိမိတွင် ကျွမ်းကျင်သည့် အရည်အသွေးရှိထားသင့်ရန်သာ လိုအပ်ကြောင်း ဦးအောင်ဌေးဝင်းက ပြောကြားသည်။

နိုင်ငံတကာအဆင့်မီ ကျွမ်းကျင်လုပ်သားများဖြစ်လာစေရန်အတွက် မိမိအတွက် သင့်တော်ကောင်းမွန်သည့် အလုပ်အကိုင်များ ရရှိလာစေရန် ကိုယ်တိုင်အားထုတ် ရှာဖွေသင့်ပြီး ကျွမ်းကျင်လုပ်သားအဆင့်ဖြစ်လာစေရန်လည်း အဆင့်ဆင့်ကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ လုပ်ငန်းတူလုပ်ကိုင်မှုများတွင် စွမ်းဆောင်ရည်ကိုတိုင်းတာရာ၌ ဝန်ထမ်းများ၏ အရည်အသွေးကိုတိုင်းတာကြကြောင်း၊ ဝန်ထမ်းများ၏ ကျွမ်းကျင်မှုအဆင့်အတန်းမြင့်မားလေလေ လုပ်ငန်းအောင်မြင်မှု အားကောင်းလေလေဖြစ်ခြင်းကြောင့် လုပ်ငန်းရှင်များအနေဖြင့်လည်း မိမိဝန်ထမ်းများနှင့် ကိုက်ညီမှုရှိသည့် ကျွမ်းကျင်မှုသင်တန်းများ၊ လုပ်ငန်းခွင်အဆင့်မြင့်သင်တန်းများကိုလည်း ပေးအပ်သင့်ကြောင်း၊ သင်တန်းများ၏ အရည်အသွေးနှင့် အကျိုးသက်ရောက်မှုကိုလည်း မခြွင်းမချန်ပြန်လည်ဆန်းစစ်သင့်ကြောင်း၊ ယခုနောက်ပိုင်းတွင် သင်တန်းများ ပေါများလာသော်လည်း သင်တန်းအများစုမှာ လက်တွေ့အသုံးချမှုတွင် တိုက်ရိုက်အကျိုးသက်ရောက်မှု အားနည်းနေသေးသည်ကို မြင်တွေ့နေရကြောင်း၊ လုပ်ငန်းခွင်အတွက် အကျိုး ရှိမည့် သင်တန်းများကို စိစစ်ရွေးချယ်သင့်ကြောင်း အိုင်အယ်လ်အိုမြန်မာမှ မစ္စတာ အန်တီနီယို ရီနယ်ဒိုကပြောကြားသည်။

လက်ရှိတွင် မြန်မာနိုင်ငံ၌ အလုပ်အကိုင် အခွင့်အလမ်းအများဆုံးပေးနိုင်သည့် အလုပ်အကိုင်များမှာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှု ကျွမ်းကျင်သူများနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ကျွမ်းကျင်သူများ၊ အရောင်းဌာန ကျွမ်းကျင်သူများနှင့် စာရင်းအင်းဆိုင်ရာ ကျွမ်းကျင်သူများဖြစ်ကြောင်း နိုဝင်ဘာ ၅ ရက်က ရန်ကုန်မြို့တွင် ကျင်းပသည့် လူငယ်နှင့် အလုပ်အကိုင်အခွင့်အလမ်းခေါင်းစဉ်ဖြင့် ဟောပြောပွဲအတွင်း ဦးဆောင်ဆွေးနွေးသူတစ်ဦးက သုံးသပ်ပြထားသည်။

အလုပ်သမားတွေအတွက် အစိုးရရဲ့လုပ်ဆောင်ချက်တွေ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် အလုပ်သမားများကို လေ့ကျင့်ပေးရေးအတွက် ၁၉၅၀ ပြည့်နှစ် အလုပ်အကိုင်နှင့် လေ့ကျင့်သင်ကြားရေးဥပဒေအရ မြန်မာနိုင်ငံ လုပ်သားထုကျွမ်းကျင်ဖွံ့ဖြိုးမှုအတွက် အသက်မွေးဝမ်းကြောင်းဆိုင်ရာ လေ့ကျင့်သင်ကြားခြင်းများနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နိုင်ရန် ကျွမ်းကျင်မှုသင်တန်းကျောင်းများကို ဖွင့်လှစ်ပေးလျက်ရှိသည်။ သင်တန်းကျောင်း ငါးကျောင်းခန့်ရှိပြီး အခြေခံဂဟေဆက်သင်တန်း၊ လေအေးပေးစက်တပ်ဆင်ပြုပြင်ခြင်း၊ အခြေခံလျှပ်စစ်ကျွမ်းကျင်သင်တန်း၊ တွင်ခုံဖောက်ခုံသင်တန်းများကို လုပ်သားဈေးကွက်လိုအပ်ချက်နှင့်အညီ သင်ရိုးညွှန်းတမ်းများ ရေးဆွဲသင်ကြားပေးလျက်ရှိသည်။

၂၀၁၃ ခုနှစ်တွင် ပြဋ္ဌာန်းထားသည့် အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေသည် မြန်မာလုပ်သားထုကြီးအတွက် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် အားတစ်ခုဖြစ်စေနိုင်ကြောင်း သိရသည်။ တိုင်းရင်းသားဒေသရှိ အလုပ်သမားများအတွက်လည်း နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းကာ အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကျွမ်းကျင်မှု အတတ်ပညာဖွံ့ဖြိုးမှုအစီအစဉ်များ၊ ကျေးလက်အခြေပြု သင်တန်းများကိုလည်း သင်ကြားပေးနေကြောင်း သိရသည်။ အမျိုးသားအဆင့် အရည်အသွေးမူဘောင်နှင့်အညီ သတ်မှတ်ထားသည် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုများကို အဆင့်တစ်အဖြစ် တစ်စိတ်တစ်ဒေသ ကျွမ်းကျင်လုပ်သား၊ အဆင့်နှစ်အဖြစ် ကျွမ်းကျင်လုပ်သား၊ အဆင့်သုံးအဖြစ် အဆင့်မြင့်ကျွမ်းကျင်လုပ်သား၊ အဆင့်လေးအဖြစ် ကြီးကြပ်သူ အဆင့်ဟူ၍ မြန်မာနိုင်ငံတွင် စစ်ဆေးအကဲဖြတ်နိုင်ကြပြီး အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ်ရရှိရန် စစ်ဆေးခံနိုင်ပြီဖြစ်သော်လည်း နိုင်ငံတကာစံသတ်မှတ်ချက်၏ နောက်ဆုံးအချက်ဖြစ်သည့် သက်မွေးမှုကျွမ်းကျင်အဆင့်အထိ သတ်မှတ်စစ်ဆေးနိုင်ရန်မရှိသေးကြောင်း သိသည်။

အာဆီယံစီးပွားရေးအသိုက်အမြုံတွင်းသို့ ဝင်ရောက်နေသည့် မြန်မာသည် ဒေသတွင်း ကျွမ်းကျင်လုပ်သားများ လွတ်လပ်စွာ ရွှေ့ပြောင်းသွားလာလျက်ရှိနေပြီဖြစ်ရာ မြန်မာလုပ်သားထု၏ အလုပ်အကိုင်အခွင့်လမ်းခိုင်မာရေးသည် သက်မွေးပညာသင်တန်းများမှ ပို့ချပေးလိုက်သော ဈေးကွက်နှင့်ကိုက်ညီသည့် သင်ရိုးညွှန်းတမ်းများ၊ လက်တွေ့ပို့ချနေမှုများနှင့် ဆက်စပ်လျက်ရှိကြောင်း သိရသည်။ ထို့ကြောင့် လုပ်ငန်းခွင်နှင့်ဆက်စပ်သည့် လုပ်ငန်းကျွမ်းကျင်သက်မွေးပညာကျောင်းဆင်းများသည် လုပ်ငန်းခွင်အတွင်း ကုန်ထုတ်စွမ်းအားတိုးတက်စေရန် ဆောင်ရွက်ကြမည့် စွမ်းရည်ပြည့်ဝသော လုပ်အားများဖြစ်ပင်ဖြစ်သည်။ အလုပ်ရှင်များအနေဖြင့်လည်း ယုံကြည်ကိုးစားနိုင်ကြသူများဖြစ်ပြီး သက်မွေးပညာကို အခြေခံသော လုပ်သားများအနေဖြင့် မိမိတတ်မြောက်သော သက်မွေးပညာကို ဘဝတစ်သက်တာ ဆက်လက်ဆည်းပူးခြင်းမှသည် ပရော်ဖက်ရှင်နယ်အဆင့်သို့ တက်လှမ်းကြရမည်ဖြစ်ကြောင်း သိရသည်။

**အခမဲ့သင်ကြားမှုများဖြင့် အခွင့်အလမ်းရယူနိုင်**

အိုင်အယ်လ်အို၏ စစ်တမ်းအရ မြန်မာနိုင်ငံတွင် လုပ်သားအင်အား လိုအပ်ချက်များပြားသည့် လုပ်ငန်းနယ်ပယ်များမှာ အီလက်ထရွန်စနစ်ကျွမ်းကျင်မှု လုပ်သား၊ လက်သမားနှင့် အဆောက်အအုံလုပ်သား၊ ဟိုတယ်နှင့် ခရီးသွားနယ်ပယ် လုပ်သား၊ အထည်ချုပ်၊ ဘဏ်နှင့် ငွေကြေးဈေးကွက်ဆိုင်ရာ လုပ်သား၊ လူမှုဆက်ဆံရေးနှင့် လူ့စွမ်းအားအရင်း အမြစ်ဆိုင်ရာ လုပ်သားဟူ၍ မြင်တွေ့ရကြောင်းသိရသည်။

**အောက်တိုဘာလအတွင်း အလုပ်အကိုင် သုံးသောင်းကျော်ပေးအပ်နိုင်**

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်လုပ်ကိုင်နိုင်သူများ၏ တစ်ဦးချင်းဝင်ငွေ တိုးပွားစေရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရေး ပြည်ပသို့ တရားဝင် စေလွှတ်ခြင်းနှင့် ပြည်တွင်းအလုပ်အကိုင်များ ရှာဖွေပေးခြင်းတို့အား အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ သိရှိရသည်။ ၂၀၁၇ ခုနှစ်အတွင်း အလုပ်အကိုင်ရရှိရေးကို ဝန်ကြီးဌာနအနေဖြင့် ဦးစားပေးဆောင်ရွက်ခဲ့ပြီး သင့်တော်ကောင်းမွန်သည် အလုပ်အကိုင်များရရှိစေရေးနှင့် အလုပ်ရှင် များအတွက်လည်း အလုပ်သမားလုံလောက်စွာခန့်ထားနိုင်ရန် အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများတွင် Labour Exchange Management System ဖြင့် အွန်လိုင်းမှ ဆောင်ရွက်ပေးခြင်းတို့ကို လုပ်ဆောင်လျက်ရှိသည်။ ယခုနှစ် အောက်တိုဘာလအတွင်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အလုပ်အကိုင် သုံးသောင်းကျော်ပေးအပ်နိုင်ခဲ့ကြောင်း အလုပ်သမားညွှန်ကြားမှုဦးစီးဌာနမှ သိရှိရသည်။

နယ်မြေအလိုက် အောက်တိုဘာလအတွင်း အလုပ်ခန့်ထားမှုများတွင် ပြည်ထောင်စုနယ်မြေတွင် အစိုးရအလုပ်အကိုင် ၆၀၇ ခုနှင့် ပုဂ္ဂလိကအလုပ်အကိုင် ၁၀ ခု၊ ရန်ကုန်တိုင်းဒေသကြီးတွင် အစိုးရအလုပ်အကိုင် ၄၆၀ နှင့် ပုဂ္ဂလိကအလုပ်အကိုင် ၂၁၂၁၄ ခုကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးတွင် အစိုးရအလုပ်အကိုင် ၁၉၀ ခုနှင့် ပုဂ္ဂလိကအလုပ်အကိုင် ၂၀၃၈ ခုတို့ကိုလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးတွင် အစိုးရအလုပ်အကိုင် ၈၁ ခုနှင့် ပုဂ္ဂလိကအလုပ်အကိုင် ၁၀၈၃ခုကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးတွင် အစိုးရအလုပ်အကိုင် ၂၃၆ ခုနှင့် ပုဂ္ဂလိကအလုပ်အကိုင် ၂၄၇၇ ခုကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် အစိုးရအလုပ်အကိုင် ၁၁၆ ခုနှင့် ပုဂ္ဂလိကအလုပ်အကိုင် ၅၀၂ ခုကိုလည်းကောင်း၊ မကွေးတိုင်းဒေသကြီးတွင် အစိုးရအလုပ်အကိုင် ၂၀၂ ခုနှင့် ပုဂ္ဂလိကအလုပ်အကိုင် ၃၃၈ ခုကိုလည်းကောင်း၊ တနင်္သာရီ တိုင်းဒေသကြီးတွင် အစိုးရအလုပ်အကိုင် ၅၀ခုနှင့် ပုဂ္ဂလိကအလုပ်အကိုင် ၁၃၄ ခုကိုလည်းကောင်း၊ ကချင်ပြည်နယ်တွင် အစိုးရအလုပ်အကိုင် ၆၆ ခုနှင့် ပုဂ္ဂလိကအလုပ် အကိုင် ၈၀၂ ခုကိုလည်းကောင်း၊ ကယားပြည်နယ်တွင် အစိုးရအလုပ်အကိုင် ၁၅၄ ခုကိုလည်းကောင်း၊ ကရင်ပြည်နယ်တွင် အစိုးရအလုပ်အကိုင် ၃၈ ခုနှင့် ပုဂ္ဂလိကအလုပ်အကိုင် ၄၅ ခုကိုလည်းကောင်း၊ မွန်ပြည်နယ်တွင် အစိုးရအလုပ်အကိုင် ၃၇ ခုနှင့် ပုဂ္ဂလိကအလုပ်အကိုင် ၁၇၆ ခုကိုလည်းကောင်း၊ ရခိုင်ပြည်နယ်တွင် အစိုးရအလုပ်အကိုင် ၄၃ ခုနှင့် ပုဂ္ဂလိကအလုပ်အကိုင် ၄၃ ခုကိုလည်းကောင်း၊ ရှမ်းပြည်နယ်တွင် အစိုးရအလုပ်အကိုင် ၂၀၂ ခုနှင့် ပုဂ္ဂလိကအလုပ်အကိုင် ၄၅၇ ခုကိုလည်းကောင်း ပေးအပ်နိုင်ခဲ့ကြောင်း သိရသည်။ စုစုပေါင်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အစိုးရအလုပ်အကိုင်ပေါင်း ၂၄၉၄ ခုနှင့် ပုဂ္ဂလိကအလုပ်အကိုင်ပေါင်း ၂၉၃၁၉ ခုအား ပေးအပ်နိုင်ခဲ့ပြီး စုစုပေါင်း ပြည်တွင်းအလုပ်အကိုင် ၃၁၈၁၃ ခုအား တစ်လအတွင်းပေးအပ်ခဲ့ခြင်းဖြစ်သည်။ ။

| အောက်တိုဘာလအတွင်း | | | |
|---|---|---|---|
| **နိုင်ငံအလိုက် ပြည်ပ အလုပ်အကိုင်ပေးအပ်နိုင်မှု** | | | |
| **စဉ်** | **နိုင်ငံ** | **စေလွှတ်လူဦးရေ** | **မှတ်ချက်** |
| ၁။ | မလေးရှားနိုင်ငံ | ၃၇၃ | |
| ၂။ | စင်ကာပူနိုင်ငံ | ၃၀ | |
| ၃။ | ကိုရီးယားနိုင်ငံ | ၄၉၄ | |
| ၄။ | ထိုင်းနိုင်ငံ | ၁၄၂၅၂ | |
| ၅။ | ဂျပန်နိုင်ငံ | ၃၉၇ | |
| ၆။ | ယူအေအီး | ၆ | |
| ၇။ | ကာတာနိုင်ငံ | ၅ | |
| | စုစုပေါင်း | ၁၅၅၅၇ | |

## ရန်ကုန်တက္ကသိုလ်ရာပြည့်အကြို (၉၇)နှစ်မြောက်
## ရန်ကုန်တက္ကသိုလ်ဓာတုဗေဒမိသားစု၏
# ဒုတိယအကြိမ်အာစရိယပူဇော်ပွဲ ဖိတ်ကြားလွှာ

ရန်ကုန်တက္ကသိုလ်တွင် ပညာသင်ကြားပေးခဲ့ကြသော အသက်(၇၀)နှင့်အထက် ဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့မည်ဖြစ်ပါသဖြင့် ဓာတုဗေဒဘာသာရပ်ဖြင့် ပညာသင်ယူခဲ့ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများနှင့် ပညာသင်ယူနေဆဲ ကျောင်းသား၊ ကျောင်းသူများအားလုံး ပါဝင်ကုသိုလ်ယူရန်နှင့် မပျက်မကွက်တက်ရောက်ကြပါရန် ခင်မင်ရင်းနှီးစွာ ဖိတ်ကြားအပ်ပါသည်။

**ကျင်းပမည့်ရက်** - ၂၃-၁၂-၂၀၁၇ ရက်
**အချိန်** - မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီ
**နေရာ** - ရန်ကုန်တက္ကသိုလ်အပန်းဖြေခန်းမ

အလှူငွေများကို အောက်ဖော်ပြပါအတိုင်း ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

**ဘဏ်စာရင်းအမှတ်** - 16030202104808803 KANBAWZA BANK Ltd. (KMY-2)

| | | | |
|---|---|---|---|
| ဒေါက်တာနှင်းနှင်းအေး | ဖုန်း-၀၉-၅၀၁၇၄၉၆ | ဒေါက်တာနီနီသန်း | ဖုန်း-၀၉-၅၀၁၆၄၅၀ |
| ဒေါက်တာသဥ္ဇာနု | ဖုန်း-၀၉-၅၀၃၃၁၀၁ | ဒေါ်နုနုရီ | ဖုန်း-၀၉-၇၉၅၉၀၆၀၉၉ |
| ဒေါက်တာအေးအေးမြင့် | ဖုန်း-၀၉-၇၈၆၆၉၆၉၆၁ | | |

ဓာတုဗေဒဌာန၊ ရန်ကုန်တက္ကသိုလ် ညစာစားပွဲကို ရန်ကုန်တက္ကသိုလ် သစ်ပုတ်ပင်အနီးမြက်ခင်းပြင်တွင် ညနေ ၆ နာရီမှ ည ၁၀နာရီအထိ ကျင်းပမည်ဖြစ်သည်။ လက်မှတ်များကို အောက်ဖော်ပြပါကျောင်းသား၊ ကျောင်းသူဟောင်းများထံတွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

| | | | |
|---|---|---|---|
| ဒေါက်တာသီသီအေး | ဖုန်း-၀၉-၄၃၀၆၅၆၇၁ | ဦးရွှေသန်း (RC-1) | ဖုန်း-၀၉-၂၅၃၆၉၅၄၄၁ |
| ဦးသန်းဆွေအောင် (RC-2) | ဖုန်း-၀၉-၅၁၂၁၂၄၉ | ဦးခင်မောင်လတ် (RC-3) | ဖုန်း-၀၉-၂၆၂၈၂၀၁၃၈ |
| ဒေါ်သန္တာပြုံး (RC-3) | ဖုန်း-၀၉-၅၀၃၅၁၁၃ | ဦးသန့်ဇော်ဝင်း (RC-2) | ဖုန်း-၀၉-၅၁၁၆၄၆၃ |
| ဦးသီဟအောင် (RC-3) | ဖုန်း-၀၉-၄၂၀၀၀၁၇၉၃ | ဦးကျော်ဦးမော် (RC-1) | ဖုန်း-၀၉-၅၀၀၇၆၂၁ |

## ကျောက်တန်း အထက ကျောင်းသားဟောင်းများ၏
## (၃၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲကျင်းပရေး နှိုးဆော်လွှာ

ကျောက်တန်းမြို့နယ် အထက(၁)၊ (၂)တို့တွင် (၃)နှစ်နှင့်အထက် တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် အသက် ၆၀ ပြည့်ပြီးသော ဆရာကြီး/ဆရာမကြီးများ အပူဇော်ခံစာရင်းတွင်ပါဝင်နိုင်ရန် အောက်ဖော်ပြပါဖုန်းများသို့ အချိန်မီဆက်သွယ်ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**ယခင်ပူဇော်ပွဲတွင် ပါဝင်ပြီးသူများ ထပ်မံဆက်သွယ်ရန်မလိုပါ။**

| | |
|---|---|
| ဆရာမကြီး ဒေါ်မြင့်မြင့်စီ | ဖုန်း-၀၉-၅၂၆၁၃၄၇၆၊ ၀၉-၇၈၈၀၁၀၇၅၀ |
| ဆရာဦးတင်ရှိန် | ဖုန်း-၀၉-၅၀၀၀၁၈၆ |
| ဒေါက်တာအောင်စည် | ဖုန်း-၀၉-၇၇၀၆၃၉၈၄၂ |

# Ponnami Language Centre

## အလုပ်သင်ဆရာမများ အလိုရှိသည်။

- တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီးသူဖြစ်ရမည်။ (အင်္ဂလိပ်စာဘွဲ့ရဦးစားပေးမည်။)
- အသက် ၃၀ ထက်မကျော်သူဖြစ်ရမည်။
- အချိန်ပြည့်လုပ်နိုင်သူ ဖြစ်ရမည်။
- စိတ်ရှည်သည်းခံပြီး သင်ယူလိုစိတ်ရှိသူဖြစ်ရမည်။
- သင်ကြားရေးအတွေ့အကြုံရှိရန်မလိုပါ။
- အင်္ဂလိပ်စာ အရည်အချင်းစစ် (ရေးဖြေ၊ နှုတ်ဖြေ) စာမေးပွဲဖြေဆိုရမည်။

လျှောက်ထားလိုသူများသည် CV form ၊ ပညာအရည်အချင်းမိတ္တူ၊ Passport ဓာတ်ပုံတစ်ပုံ၊ မှတ်ပုံတင်မိတ္တူ၊ ရဲစခန်းထောက်ခံစာတို့နှင့်အတူ ၃၀-၁၁-၂၀၁၇ရက် (ကြာသပတေးနေ့) နောက်ဆုံးထား၍ အောက်ပါလိပ်စာသို့ ပေးပို့လျှောက်ထားနိုင်ပါသည်။

**အမှတ် ၁၈၊ အောင်ဇေယျလမ်း၊ (၁၄)ရပ်ကွက်၊ ကျောက်ကုန်း၊**
**ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၁-၈၅၆၆၀၆၁၊ ၀၉-၂၅၄၁၉၃၀၈၈**




## မိဘအမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ သန္ဓေပင် အထက ပဉ္စမတန်း(င)မှ မောင်ကျော်ဇင်ထွန်း၏ မိဘအမည်မှန်မှာ ဦးမျိုးကျော်ကျော် ၁၂/မဘန(နိုင်)၁၂၄၃၉၃ နှင့် ဒေါ်ကြည်ငွေး ၁၂/မဘန(နိုင်)၁၃၇၃၇၆ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ ပေါင်းကူညာဏ ဂရန်ပေးစီမံချက် မြေတိုင်းရပ်ကွက်အမှတ် ၅၃၂-ဘီ/၅ (ပေါင်းကူညာဏစီမံချက်)၊ မြေကွက်အမှတ် ၇၆၂၊ မြေကွက်တည်နေရာအမှတ် ၇၆၂၊ မြတ်လေးလမ်း၊ ပေါင်းကူညာဏရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်ကို အမည်ပေါက် ဒေါ်အေးသန်း ၁၂/မဂဒ(နိုင်)၀၆၂၄၀၂ ထံမှ အရောင်းအဝယ်အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဦးကျော်သိန်းစိုး ၁၃/ရစန(နိုင်)၀၀၄၇၆၇မှ ပေါင်းကူညာဏ ဂရန်ရရှိရေးအထောက်အကူပြုအဖွဲ့၊ ရွှေနံ့သာကျေးရွာအုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးတို့၏ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံစာတို့ကိုတင်ပြ၍ နှစ် ၆၀မြေငှားစာချုပ် (ဂရန်) လျှောက်ထားလာရာ တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ပျဉ်းမနားအမှတ် (၁)မြို့မဈေး ဆိုင်ခန်းအမှတ် (D1 က-၂၇၉)အား ပျဉ်းမနားမြို့နယ်၊ မကြီးတောရန်အောင် (၁)ရပ်၊ မောင်ခင်လမ်း၊ အမှတ် (၁၃/၇၂) နေ ဒေါ်မိမိစိန် ၈/မသန(နိုင်)၀၀၄၁၇၃ အမည်ပေါက်ပိုင်ဆိုင်ပြီး ပျဉ်းမနားမြို့၊ မကြီးတောရန်အောင် (၁)ရပ်၊ မောင်ခင်လမ်း၊ အမှတ် (၁၃/၇၂)နေ ဒေါ်ငြိမ်းလဲ့ရွှေစင် ၉/ပမန(နိုင်)၂၆၆၀၄၉ သို့ အခွန်ထမ်းအမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် ဈေးများဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဈေးများဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာခရိုင်၊ မုံရွာမြို့နယ်၊ ပုရစ်ကုန်းကျေးရွာအုပ်စု၊ ကွင်းအမှတ် (၇၂၈၊ ပုရစ်ကုန်းမြောက်)၊ ဦးပိုင်အမှတ် F-၉၂/၄၇၅၊ ဧရိယာ ၀ ဒသမ ၉၃ဧကရှိရွာမြေကို ဦးလှနဝင်း MYA-048867 ထံမှ ဦးနေဇလ ၉/အမရ(နိုင်)၁၄၅၄၀၆ က ၂၀-၈-၂၀၁၁ ရက်က အရပ်စာချုပ်ဖြင့် ဝယ်ယူထားရှိ၍ လက်ရှိထားနေထိုင်ကြောင်း တရားရုံးကျမ်းကျိန်လွှာဖြင့် တင်ပြထားရှိပြီး မြေငှားစာချုပ်အသစ်(စက်မှုစီးပွား) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်ပြည့်မြောက်သည်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်အသစ် (စက်မှုစီးပွား) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လီတွေ့ာ်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာခရိုင်၊ မုံရွာမြို့နယ်၊ ပုရစ်ကုန်းကျေးရွာအုပ်စု ကွင်းအမှတ် (၇၂၈၊ ပုရစ်ကုန်းမြောက်)၊ ဦးပိုင်အမှတ် F-၉၂/၄၇၆၊ ဧရိယာ ၀ဒသမ ၇၄ဧကရှိ ရွာမြေကို ဦးထွန်းထွန်းနိုင် ၅/မရန(နိုင်)၁၅၉၉၀၀ထံမှ ဦးနေဇလ ၉/အမရ(နိုင်)၁၄၅၄၀၆ က ၂၅-၈-၂၀၁၁ ရက်က အရပ်စာချုပ်ဖြင့် ဝယ်ယူထားရှိ၍ လက်ရှိထားနေထိုင်ကြောင်း တရားရုံးကျမ်းကျိန်လွှာဖြင့် တင်ပြထားရှိပြီး မြေငှားစာချုပ်အသစ်(စက်မှုစီးပွား)လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်ပြည့်မြောက်သည်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည် မြေနှင့် အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်အသစ် (စက်မှုစီးပွား) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လီတွေ့ာ်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**







## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1M/6424 SUZUKI CARRY DA63T Pickup (4x2)® ယာဉ်လက်ဝယ်ရှိသူ ဒေါ်သူဇာဖြိုး ၉/ခမစ(နိုင်)၀၆၂၅၀၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ဝန်ထမ်းအလိုရှိသည်
## (ပြည်တွင်း၌သာ ခန့်ထားရန်)

AYA Bank
ရာဝတီဘဏ်
Your Trusted Partner

### ဧရာဝတီဘဏ်လီမိတက်၏ ရန်ကုန်ဘဏ်ခွဲအသီးသီးတွင် တာဝန်ထမ်းဆောင်ရန် အောက်ဖော်ပြပါ ရာထူးများ လျှောက်ထားနိုင်ပါသည်။

**၁။ Branch Manager (၂၀) ဦး**

တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူ ဖြစ်ရမည်။ စီးပွားရေးပညာရပ်နှင့်သက်ဆိုင်သော မဟာဘွဲ့၊ ဒီပလိုမာများ၊ LCCI, ACCA, CIMA ဒီပလိုမာ ရရှိထားသူများ၊ အင်္ဂလိပ်စာ အရေး၊ အဖတ်၊ အပြော တတ်ကျွမ်းသူ ဖြစ်ရမည်။ Financial, Sales, Marketing နှင့် Accounting နယ်ပယ်များတွင် လုပ်ငန်းအတွေ့အကြုံ (၃)နှစ်မှ (၄)နှစ်အတွင်း ရှိသူများဖြစ်ပြီး၊ ကြီးကြပ်စီမံခန့်ခွဲခြင်း အတွေ့အကြုံ အနည်းဆုံး (၂)နှစ် ရှိရမည်ဖြစ်သည်။ ကွန်ပြူတာ စာစီစာရိုက် ကျွမ်းကျင်ပြီး Word, Excel, PowerPoint, PageMaker, Internet & E-mail အသုံးပြုတတ်သူ ဖြစ်ရမည်။ လူမှုဆက်ဆံရေး ပြေပြစ်ကောင်းမွန်ပြီး ပူးပေါင်းဆောင်ရွက်လိုစိတ်ရှိကာ ဝန်ဆောင်မှု စိတ်ဓာတ်အပြည့်ဖြင့် ပြဿနာများကို ညှိနှိုင်းကိုင်တွယ် ဖြေရှင်းနိုင်သူ ဖြစ်ရမည်။

**၂။ Branch Executive (၅၀) ဦး**

တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူ ဖြစ်ရမည်။ Financial, Sales, Marketing နှင့် Accounting နယ်ပယ်များတွင် လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၃)နှစ်ရှိသူ ဖြစ်ရမည်။ စီးပွားရေးပညာရပ်နှင့် သက်ဆိုင်သော ဘွဲ့၊ ဒီပလိုမာ၊ LCCI, ACCA, CIMA ဒီပလိုမာ ရရှိထားသူများ၊ အင်္ဂလိပ်စာ အရေး၊ အဖတ်၊ အပြော ကျွမ်းကျင်သူများအား ဦးစားပေး ခန့်ထားပါမည်။ ကွန်ပြူတာစာစီစာရိုက်ကျွမ်းကျင်ပြီး Word, Excel, PowerPoint, PageMaker, Internet & E-mail အသုံးပြုတတ်သူဖြစ်ရမည်။ လူမှုဆက်ဆံရေး ပြေပြစ်ကောင်းမွန်ပြီး ပူးပေါင်းဆောင်ရွက်လိုစိတ်ရှိကာ ဝန်ဆောင်မှု စိတ်ဓာတ်အပြည့်ဖြင့် ပြဿနာများကို ညှိနှိုင်းကိုင်တွယ် ဖြေရှင်းနိုင်သူ ဖြစ်ရမည်။

**၃။ အငယ်တန်း ဘဏ်လက်ထောက် (၁၀၀)ဦး**

တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ စီးပွားရေးပညာရပ်နှင့် သက်ဆိုင်သော ဘွဲ့၊ ဒီပလိုမာ ရရှိထားသူများ၊ အင်္ဂလိပ်စာ အရေး၊ အဖတ်၊ အပြော ကျွမ်းကျင်သူများအား ဦးစားပေးခန့် ထားပါမည်။ ကွန်ပျူတာ စာစီစာရိုက် ကျွမ်းကျင်ပြီး Word, Excel, PowerPoint, PageMaker, Internet & E-mail အသုံးပြုတတ်သူ ဖြစ်ရမည်။ ကျန်းမာသန်စွမ်းပြီး လုပ်ငန်းတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက် လုပ်ကိုင်နိုင်သူ ဖြစ်ရမည်။

**၄။ လုံခြုံရေး (၂၅၀) ဦး**

အခြေခံပညာ အလယ်တန်းအဆင့်ရှိသူ ဖြစ်ရမည်။ အရပ် (၅)ပေ (၅)လက်မနှင့်အထက်ရှိပြီး ကိုယ်အလေးချိန် ပေါင်(၁၂၀)နှင့်အထက်ရှိသူ ဖြစ်ရမည်။ ဝန်ဆောင်မှု စိတ်ဓာတ်ရှိကာ ကျန်းမာရေးကောင်းမွန်ပြီး လုပ်ငန်းတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက် လုပ်ကိုင်နိုင်သူဖြစ်ရမည်။

**၅။ သန့်ရှင်းရေး (၅၀) ဦး**

အခြေခံပညာ အလယ်တန်းအဆင့်ရှိသူ ဖြစ်ရမည်။ နိုးကြားတက်ကြွစွာ လုပ်ကိုင်ဆောင်ရွက်နိုင်သူ ဖြစ်ရမည်။ ဝန်ဆောင်မှု စိတ်ဓာတ်ရှိကာ ကျန်းမာရေးကောင်းမွန်သူ ဖြစ်ရမည်။

လျှောက်ထားလိုသူများအနေဖြင့် မိမိတို့၏ ကိုယ်ရေးရာဇဝင်အကျဉ်းအား လျှောက်ထားလိုသောရာထူးနှင့် လုပ်ငန်းအတွေ့အကြုံ ထည့်သွင်းရေးသား၍ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ သက်ဆိုင်ရာ ပညာအရည်အချင်း ထောက်ခံစာမိတ္တူများ (အမှတ်စဉ် ၁ မှ ၃ အထိ လျှောက်ထားသူများသည် တက္ကသိုလ်ဝင်တန်းအောင် လက်မှတ်မိတ္တူနှင့် သက်ဆိုင်ရာဒီပလိုမာ/ဘွဲ့ လက်မှတ်မိတ္တူများ)၊ ၆-လအတွင်း ပြုလုပ်ထားသော ပတ်စ်ပို့ဆိုဒ် ဓာတ်ပုံ(၂)ပုံ၊ သက်ဆိုင်ရာ ရပ်ကွက်ရုံး ထောက်ခံစာ၊ မြို့နယ်ရဲစခန်း ထောက်ခံစာ၊ အလုပ်သမား မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုလူဦးရေစာရင်းမိတ္တူ စသည်တို့ကို ပြည့်စုံစွာပူးတွဲပြီး ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း အောက်ဖော်ပြပါ လိပ်စာသို့ လျှောက်ထားနိုင်ပါသည်။

ပဏာမအဆင့် စိစစ်ရွေးချယ်ခြင်း ခံရသူများကိုသာ ပြန်လည်ဆက်သွယ်မည် ဖြစ်ပါသည်။
လျှောက်ထားသူများ အားလုံးအား ဧရာဝတီဘဏ်လီမိတက်မှ ကျေးဇူးအထူးတင်ရှိပါသည်။

အမှတ်(၁၄၉)၊ တတိယထပ် (ဧရာဝတီဘဏ် ရန်ကုန်-၂၊ ဗိုလ်အောင်ကျော်ဘဏ်ခွဲ အပေါ်ထပ်)၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ E-mail - hr.recruit@ayabank.com








### ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်လမိုင်ယော်ထုံ ၁/ဗမန(နိုင်)၀၅၃၈၅၆၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါကအကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၅၂၈၈၃၃၀၀

### ပတ်စ်ပို့ပျောက်

ကျွန်မ မဖြိုးဖြိုးရတနာ ၁/ဝမန (နိုင်)၀၉၁၅၂၈၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၃၄၃၉၅၃၅

### အမည်မှန်နှင့်မွေးသက္ကရာဇ်မှန်

ဆဒုံးမြို့နေ မောင်ဗျာလေး ၁/ဝမန(နိုင်)၀၇၅၆၃၁၏အမည်မှန်မှာ မောင်ဒါနီလေးဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ ၂၁-၁၀-၁၉၉၇ ဖြစ်ပါသည်။

### အမြန်အလိုရှိသည်

ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်းနှင့်ပတ်သက်သော စာရင်းများစစ်ဆေးရန်အတွက် စာရင်းစစ်အဖွဲ့ အမြန်အလိုရှိသည်။ (ရန်ကုန်-မန္တလေး)

ဆက်သွယ်ရန်ဖုန်း - 09-420275736, 09-5173231, 09-5125468, 09-5126724.

E-mail : wincherryintrama@gmail.com
winattention888@gmail.com

**ဝင်းချယ်ရီကုမ္ပဏီလီမိတက်**

အမှတ် (၂၃၅)၊ အလယ်ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်၊ (တော်ဝင်နှင်းဆီခြံအနီး၊ ဗန်ဒါပင်မှတ်တိုင်)

## Smooth Wall Patty Powder
## ကုမ္ပဏီမှ ဝန်ထမ်းအမြန်အလိုရှိသည်

1 **Sales & Marketing** အမျိုးသမီး (၄) ဦး
2 **ယာဉ်မောင်း** အမျိုးသား (၂) ဦး

လုပ်ငန်းအတွေ့အကြုံရှိပြီး လုပ်ငန်းကျွမ်းကျင်သူ ဦးစားပေးမည်။ CV Form ယာဉ်မောင်းလိုင်စင်မိတ္တူ၊ အိမ်ထောင်စုမိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ ပညာအရည်အချင်းနှင့် မိတ္တူထောက်ခံချက်အပြည့်အစုံဖြင့်လာရောက် လျှောက်ထားနိုင်သည်။

**လိပ်စာ-ပုဗ္ဗသီရိမြို့နယ်၊အင်ကြင်းလမ်းနှင့် မလိခ(၇)လမ်းထောင့်၊ နေပြည်တော်၊**

**ဖုန်း-၀၉-၄၀၀၃၀၆၂၈၈၊ ၀၉-၄၀၀၃၀၄၄၄၈**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ ပေါင်းကူညာဏ ဂရန်ပေးစီမံချက် မြေတိုင်းရပ်ကွက်အမှတ် ၅၃၂-ဘီ/၅ (ပေါင်းကူညာဏစီမံချက်)၊ မြေကွက်အမှတ် ၅၀၆၊ မြေကွက်တည်နေရာအမှတ် ၅၀၆၊ မြတ်လေးလမ်း၊ ပေါင်းကူညာဏရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်ကို အမည်ပေါက် ဦးရွှေငွေ ၁၀/မဒန(နိုင်)၀၈၀၀၁၁ ကိုယ်တိုင်မှ ပေါင်းကူညာဏဂရန်ရရှိရေး အထောက်အကူပြုအဖွဲ့၊ ရွှေနံ့သာကျေးရွာအုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအုပ်ချုပ်ရေးမှူးတို့၏ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံစာတို့ကိုတင်ပြ၍ နှစ် ၆၀ မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ ပေါင်းကူညာဏ ဂရန်ပေးစီမံချက် မြေတိုင်းရပ်ကွက်အမှတ် ၅၃၂-ဘီ/၅ (ပေါင်းကူညာဏစီမံချက်)၊ မြေကွက်အမှတ် ၅၇၅၊ မြေကွက်တည်နေရာအမှတ် ၅၇၅၊ မြတ်လေးလမ်း၊ ပေါင်းကူညာဏရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်ကို အမည်ပေါက် ပုလဲဇွဲကပင်ကျောင်း(ကိုယ်စား) ဆရာတော် ဦးသောမသာရ ၁၄/ဟသတ(သ)၀၀၃၂၈၇မှ ပေါင်းကူညာဏ ဂရန်ရရှိရေး အထောက်အကူပြုအဖွဲ့၊ ရွှေနံ့သာကျေးရွာအုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအုပ်ချုပ်ရေးမှူးတို့၏ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံစာတို့ကို တင်ပြ၍ နှစ် ၆၀ မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ဥယျာဉ်ခြံမြေ ရောင်းပါမည်

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်အတွင်း ရန်ကုန်-ပြည်-ခရိုင်ချင်းဆက်လမ်းပေါ်ရှိ ဥယျာဉ်ခြံမြေ ၈၉ဧက တစ်ဆက်စပ်ထဲ ရောင်းပါမည်။ တစ်ဧက ၂၅ သိန်း ဥယျာဉ်ခြံ ပုံစံ(၇)၊ ပုံစံ ၁၀၅ကျပြီး

**ဖုန်း-၀၉-၄၂၃၆၆၁၉၃၇၊ ၀၉-၉၆၄၅၆၁၉၃၇**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ ပေါင်းကူညာဏ ဂရန်ပေးစီမံချက် မြေတိုင်းရပ်ကွက်အမှတ် ၅၃၂-ဘီ/၅ (ပေါင်းကူညာဏစီမံချက်)၊ မြေကွက်အမှတ် ၂၆၇၊ မြေကွက်တည်နေရာအမှတ် ၂၆၇၊ (၂၉)လမ်း၊ ပေါင်းကူညာဏရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်ကို အမည်ပေါက် ဦးအောင်ထူးသိန်း ၁၂/လမန(နိုင်) ၀၀၆၈၆၉ ကိုယ်တိုင်မှ ပေါင်းကူညာဏဂရန်ရရှိရေး အထောက်အကူပြုအဖွဲ့၊ ရွှေနံ့သာကျေးရွာအုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအုပ်ချုပ်ရေးမှူးတို့၏ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံစာတို့ကိုတင်ပြ၍ နှစ် ၆၀ မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ ပေါင်းကူညာဏ ဂရန်ပေးစီမံချက် မြေတိုင်းရပ်ကွက်အမှတ် ၅၃၂-ဘီ/၅ (ပေါင်းကူညာဏစီမံချက်)၊ မြေကွက်အမှတ် ၆၄၃၊ မြေကွက်တည်နေရာအမှတ် ၆၄၃၊ နာဂမုနိလမ်း၊ ပေါင်းကူညာဏရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်ကို အမည်ပေါက် ဒေါ်ယုယုလွင်၁၂/ဒဂန(နိုင်)၀၀၀၀၈၃ကိုယ်တိုင်မှ ပေါင်းကူညာဏဂရန်ရရှိရေး အထောက်အကူပြုအဖွဲ့၊ ရွှေနံ့သာကျေးရွာအုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအုပ်ချုပ်ရေးမှူးတို့၏ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံစာတို့ကိုတင်ပြ၍ နှစ်၆၀ မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ဒေးဒရဲမြို့နယ်၊ ကုန်းတန်းကလေးကျေးရွာနေ ဦးတင်ဝင်း-ဒေါ်အေးရီတို့၏သမီး မစိုးစန္ဒာအေး(ခ)မိငယ်သည် မိဘတို့၏ဆုံးမစကားကို နားမထောင်ဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်သွားပါသဖြင့် ယနေ့မှစ၍ အမွေ စား အမွေခံသမီးအဖြစ်မှ စွန့်လွှတ်လိုက်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သော ကိစ္စမှန်သမျှကို လုံး၀(လုံး၀)တာဝန်မယူကြောင်း အသိပေးအပ်ပါသည်။

**စုံစမ်းမေးမြန်းခြင်းသည်းခံပါ။**

**ဦးတင်ဝင်း ၁၄/ဒဒရ(နိုင်)၀၀၉၂၄၈-ဒေါ်အေးရီ ၁၄/ဒဒရ(နိုင်)၀၀၉၄၈၈**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ ပေါင်းကူညာဏ ဂရန်ပေးစီမံချက် မြေတိုင်းရပ်ကွက်အမှတ် ၅၃၂-ဘီ/၅(ပေါင်းကူညာဏစီမံချက်)၊ မြေကွက်အမှတ်၃၈၃၊ မြေကွက်တည်နေရာအမှတ် ၃၈၃၊ ခိုင်သဇင်လမ်း၊ ပေါင်းကူညာဏရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်ကို အမည်ပေါက် ဒေါ်အင်မလီသန်းငွေ ၁၂/ကမရ(နိုင်)၀၃၂၈၀၀ကိုယ်တိုင်မှ ပေါင်းကူညာဏဂရန်ရရှိရေးအထောက်အကူပြုအဖွဲ့၊ ရွှေနံ့သာကျေးရွာအုပ်ချုပ်ရေးမှူး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအုပ်ချုပ်ရေးမှူးတို့၏ ကန့်ကွက်ရန်မရှိကြောင်းထောက်ခံစာတို့ကိုတင်ပြ၍ နှစ် ၆၀ မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

• SATELLITE • BROADBAND • MOBILE • IoT • ENTERPRISE • BROADCAST SOLUTIONS • DELIVERY • CONTENT

Visit

The 4th Communications Technology, Enterprise & Convergence Solutions Show

CommuniCast 2017 Myanmar

Co-located with: ပူးတွဲပြသသည်

International MYANMAR ICT EXHIBITION 2017

Incorporating: ပူးပေါင်းပါဝင်သည်

SATELLITE FORUM 2017 Myanmar





**Tuesday 28 - Thursday 30 November 2017**

**Novotel Yangon Max, Yangon** (10.00 -18.00 Hrs.)

ပြပွဲသည် ကုန်သွယ်ရေးနှင့်စီးပွားရေးလုပ်ငန်းဆိုင်ရာအတွက်ဖြစ်ပါသည်၊
အသက် (၁၆) နှစ်အောက် ဝင်ရောက်ခွင့်မပြုပါ။

Pre-register at

**www.communicastmyanmar.com**

Info Hotline: +95-1513 515-519

Supported by: ထောက်ပံ့သည် MCF SOFTWARE PARK THAILAND

Silver Sponsor: COMMSCOPE

Organised by: စီစဉ်သည် UBM



# NEW STAR

NEW STAR GEMS & JEWELLERY Since 1993

## GEMS & JEWELLERY

NEW STAR GEMS & JEWELLERY မှ အစဉ်ဝယ်ယူအားပေးကြသော မိတ်သစ်ဆွေဟောင်းများအားလုံးကို ကျေးဇူးတုံ့ပြန်သော အနေဖြင့် ခေတ်မီလုပဆန်းသစ်သည့် မြန်မာ့တွင်းထွက်ကျောက်မျက် လက်ဝတ်ရတနာများနှင့် စိန်လက်ဝတ်ရတနာများကို "WINTER 2017 SPECIAL SALES" အနေဖြင့် ကျင်းပသွားမည်ဖြစ်ပါသည်။

**ရန်ကုန်**

နေ့ရက် - ၁၅-၁၁-၂၀၁၇ (ဗုဒ္ဓဟူးနေ့)
၁၆-၁၁-၂၀၁၇ (ကြာသပတေးနေ့)
အချိန် - နံနက် (၉း၀၀)နာရီမှ ညနေ (၆း၀၀)နာရီထိ
နေရာ - အမှတ် (၃၀)၊ ရွှေတိဂုံဘုရားလမ်းနှင့် ပန်တျာလမ်းထောင့်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး**

နေ့ရက် - ၂၁-၁၁-၂၀၁၇ (အင်္ဂါနေ့)
၂၂-၁၁-၂၀၁၇ (ဗုဒ္ဓဟူးနေ့)
အချိန် - နံနက် (၉း၀၀)နာရီမှ ညနေ (၆း၀၀)နာရီထိ
နေရာ - အမှတ် (ဘီ-၁၀)၊ ၇၈-လမ်း၊ ၃၂-လမ်းနှင့် ၃၃-လမ်းကြား၊ ဇေယျတိကလမ်း၊ မန္တလေးမြို့။



University of East London နှင့် Myanmar Noble College တို့၏ Joint Program များဖြစ်ကြသော Bachelor's Degree တန်းခွဲများဖြစ်ကြသည့် -

- BEng(Hons) Civil Engineering
- BA(Hons) Business Management

တန်းခွဲများကို MNC တွင်ပင် တက်ရောက်သင်ကြားနိုင်သည့်အပြင် UEL မှ ကြီးမှူးကျင်းပသော Graduation Ceremony ကို တက်ရောက်ပြီး Bachelor ဘွဲ့ကိုလည်း ရယူနိုင်ပြီဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

# MNC
MYANMAR NOBLE COLLEGE

Enroll Now!!!





UEL University of East London

**Early Bird Promotion**

*13th October 2017 ~ 13th November 2017*

Contact us : Yangon - No.6 (A), Kyoe Sett Yone Street, Thuwana - Thingankyun Township, Yangon, Myanmar.
Tel : 01 - 2331276, 2331257, 2331264
Mobile : 09 - 780 63 9577, 448066660 ~ 3

MNCEducation

ကျောင်း၊ တန်ဆောင်း ဒါယိကာမကြီး

## ဒေါ်ညွန့်ညွန့်(မိတ္ထီလာ) B.A.D.T

**အထက်တန်းကျောင်းအုပ်ဆရာမကြီး(ငြိမ်း)**

**အထက(၂)မြစ်ကြီးနား၊ အထက(၆)မိတ္ထီလာမြို့**

**အသက်(၈၄)နှစ်**

မိတ္ထီလာမြို့၊ ပန်းတိမ်တန်းရပ်(ရွှေဥဒေါင်းဆေးတိုက်)(ဒေါက်တာဦးထွန်းလှ-ဒေါ်ညီမ)တို့၏သမီး၊ ပါမောက္ခသမားတော်ကြီး ဒေါက်တာဦးမြင့်လွင်-ဒေါက်တာဒေါ်ဆင့်ဆင့်၊ (ပါမောက္ခ ဦးဘိုသင်း-ဒေါ်မြင့်မြင့်) မန္တလေးတက္ကသိုလ်တို့၏ညီမ၊ (မျက်စိအထူးကု ဒေါက်တာဦးစိုးမြင့်)-ဒေါက်တာဒေါ်ရီရီထွန်း[ဆေးတက္ကသိုလ်၊ မန္တလေး(ငြိမ်း)]၊ ဒေါ်စန်းစန်းထွန်း(အထက-၁၊ မိတ္ထီလာ)(ငြိမ်း)၊ ဒေါ်သန်းသန်းထွန်း(အထက်တန်းကျောင်းအုပ်ဆရာမကြီး၊ အထက-၆၊ မိတ္ထီလာ၊ ငြိမ်း)၊ ဦးတင်လှထွန်း[လ/ထ ထွေ/ဂျာ(ငြိမ်း)၊ မြန်မာ့သစ်လုပ်ငန်း]-ဒေါ်စိန်စိန်(ကထိက၊ ငြိမ်း၊ ရန်ကုန်တက္ကသိုလ်)၊ (ဦးခင်မောင်အေး၊ လ/ထ စက်ရုံမှူး၊ မိတ္ထီလာ)-ဒေါ်ကြိုင်ကြိုင်ထွန်း(ငြိမ်း) (ဦးစီးအရာရှိ၊ အခြေခံပညာ ဦးစီးဌာန)တို့၏မိခင်၊ တူ၊ တူမ ၁၃ယောက်၊ မြေး ၂၀ယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၁၁-၁၁-၂၀၁၇ရက် ညနေ ၃း၃၀နာရီတွင် စမ်းချောင်းမြို့နယ်၊ စမ်းချောင်းလမ်း၊ အမှတ် ၅၉ (၅က) နေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၃-၁၁-၂၀၁၇ရက် (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၇-၁၁-၂၀၁၇ရက်(သောကြာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်မြင့်မြင့်စန်း

**ဦးစီးအရာရှိ(ငြိမ်း)၊ (လဝက)**

**အသက်(၇၃)နှစ်**

ဆင်ဖြူကျွန်းမြို့နေ (ဦးထွန်းရင်-ဒေါ်လှရွှေ)တို့၏သမီး၊ အင်းစိန်မြို့နယ်၊ အောင်ဇေယျအိမ်ရာ၊ အမှတ် ၂၀၊ အခန်း ၂၀၁နေ ဦးထွန်းဆန်းကျော်(အငြိမ်းစား၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ)၏ဇနီး၊ ဦးပညာအောင်(ဒု-လဝကမှူး)-ဒေါ်စန်းညွန့်ဝေ(လဝကမှူး)၊ မကျော်ဥမ္မာအောင်(Myanmar Book Center)၊ မမြတ်ပုလဲဖြူ(ရိုးမဘဏ်)တို့၏မိခင်သည် ၁၁-၁၁-၂၀၁၇ရက် (စနေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၁၁-၂၀၁၇ရက်(တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်လေးဝေ(ခ)မဝေ (ညောင်လေးပင်)

**(ပဲခူးဒေသကောလိပ်)**

**အသက်(၅၇)နှစ်**

ညောင်လေးပင်မြို့နေ ဦးပုလေး-ဒေါ်ခင်ချိုတို့၏ ချစ်လှစွာသောသမီး၊ ပဲနွယ်ကုန်းမြို့နေ ဦးသန်းထွန်း-ဒေါ်ခင်လေးချို(မေဟွားစတိုး)၊ စံပယ်ခြံ(၁)လမ်းနေ ဦးကြည်မြင့်-ဒေါ်ခင်ခင်လေး၊ ရန်ကုန်မြို့၊ ဓမ္မစေတီလမ်းနေ ဒေါက်တာဦးမောင်မောင်ကြည်(Diamond Hotel)-ဒေါ်ခင်စန်းမြင့်(ခင်သူဇာလွင် စိန်ရတနာဆိုင်၊ ဗိုလ်ချုပ်ဈေး)၊ လှိုင်မြို့နယ်၊ စံပယ်ခြံ(၃)လမ်း၊ အမှတ် ၁၈၆နေ ဦးမောင်မောင်လွင်၊ ဦးမောင်မောင်အေးတို့၏ညီမ၊ မတာနီချိုခင်ဦး၊ မပြည့်ဖြိုးဝေဝင့်၊ မအိမုံမုံ၊ မောင်ချိုစိုးပိုင်တို့၏အဒေါ်သည် ၁၀-၁၁-၂၀၁၇ရက် ည ၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၁၁-၂၀၁၇ရက်(တနင်္ဂနွေနေ့)နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၈နာရီတွင်ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၆-၁၁-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက်တွင် လှိုင်မြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးကျေးဇူးတင်ရှိခြင်း

ကာတွန်း တွတ်တွတ်(ခ)ကဲသာ၏နာရေးသို့ လွမ်းဆွတ်ခြင်းများစွာဖြင့် ကြွရောက်လာကြသော အနုပညာနယ်ပယ်အသီးသီးမှ သူငယ်ချင်း မိတ်ဆွေအပေါင်းအသင်းများ၊ ဆွေမျိုးများ၊ ဝန်ထမ်းမိသားစုများ၊ ရပ်ဝေးရပ်နီးမှ ပရိသတ်များအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါသည်။

**ချစ်လှစွာသောဇနီး-ဒေါ်တင်တင်ဝင်းနှင့် ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်နွဲ့နွဲ့ဝင်း

**ကထိက(ငြိမ်း)**

**အသက်(၅၄)နှစ်**

ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ ဝါဏိဇ္ဇဗေဒဌာနမှ ကထိက(ငြိမ်း) ဒေါ်နွဲ့နွဲ့ဝင်း(ခ)ဒေါ်လှလှဝင်းသည် ၈-၁၁-၂၀၁၇ရက် မွန်းလွဲ ၁၂း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဝါဏိဇ္ဇဗေဒဌာနမိသားစု**

**ရန်ကုန်စီးပွားရေးတက္ကသိုလ်**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးကျော်မင်းဟန်

**(လှသရဖူပရိဘောဂတိုက်)**

**အသက်(၄၃)နှစ်**

ရန်ကုန်မြို့နေ ဦးစောလှိုင်(MD, Hla Gabar Co.,Ltd. ဥက္ကဋ္ဌ၊ ရန်ကုန်ချမ်းမြေ့ရိပ်သာ) - ဒေါ်ခင်ညိုသင်း(လှကမ္ဘာပရိဘောဂ)တို့၏သား၊ ဒေါ်မေအိမွန်၏ခင်ပွန်း ဦးကျော်မင်းဟန် B.Sc (Phy) MBA (11th Batch) သည် ၇-၁၁-၂၀၁၇ရက်(အင်္ဂါနေ့)နံနက် ၄း၁၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ရတနာဦးမိသားစု၊ ဝေါမြို့**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယကာကြီး

## ဦးလှမြင့်သိန်း (ဇလွန်)

**အကြံပေးပုဂ္ဂိုလ် (UMFCCI)**

**ဥက္ကဋ္ဌ (Zar & Zar Finance Co.,Ltd.)**

**(Win Universe Co.,Ltd.)**

**(Win Trade Co.,Ltd.)**

**(Win YFV Myanmar Ltd.)**

**အသက်(၈၆)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ သံလွင်လမ်း၊ အမှတ် ၁၃၅(စီ)နေ (ဦးကျော်ခင်-ဒေါ်စောတင်)တို့၏သားလတ်၊ (ဦးသာကျင်လှိုင်-ဒေါ်ထီး)တို့၏သားသမက်၊ (ဒေါက်တာဒေါ်မမလေး၊ မြိတ်)၏ခင်ပွန်း၊ ဒေါက်တာမျိုးသန့်-ဒေါ်ယုဇော်၊ ဒေါက်တာဥမ္မာသိန်း-ကပ္ပတိန်မိုးကျော်(ခေတ္တ-စင်ကာပူ)၊ ဒေါ်သဇင်သိန်း-ဦးရောဘတ်အောင်မြင့်(ခေတ္တ-USA)၊ ဒေါ်သူဇာသိန်း-ဦးအုန်းကျော်တို့၏ချစ်လှစွာသောဖခင်၊ မခိုင်ဇာသန့်၊ မကြည်ဇာသန့်၊ ဝွန်မိုးကျော်၊ ဝွန်နသန်မိုးကျော်၊ JOE အောင်မြင့်၊ BO အောင်မြင့်၊ မမေသူကျော်တို့၏အဘိုးသည် ၁၁-၁၁-၂၀၁၇ရက် (စနေနေ့) နံနက် ၈း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၁၁-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယကာကြီး

## ဦးလှမြင့်သိန်း (ဇလွန်)

**အကြံပေးပုဂ္ဂိုလ် (UMFCCI)**

**ဥက္ကဋ္ဌ (Zar & Zar Finance Co.,Ltd.)**

**(Win Universe Co.,Ltd.)**

**(Win Trade Co.,Ltd.)**

**(Win YFV Myanmar Ltd.)**

**အသက်(၈၆)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ သံလွင်လမ်း၊ အမှတ် ၁၃၅(စီ)နေ (ဦးကျော်ခင်-ဒေါ်စောတင်)တို့၏သားလတ်၊ (ဦးသာကျင်လှိုင်-ဒေါ်ထီး)တို့၏သားသမက်၊ (ဒေါက်တာဒေါ်မမလေး၊ မြိတ်)၏ခင်ပွန်း၊ ဒေါက်တာမျိုးသန့်-ဒေါ်ယုဇော်၊ ဒေါက်တာဥမ္မာသိန်း-ကပ္ပတိန်မိုးကျော်(ခေတ္တ-စင်ကာပူ)၊ ဒေါ်သဇင်သိန်း-ဦးရောဘတ်အောင်မြင့်(ခေတ္တ-USA)၊ ဒေါ်သူဇာသိန်း-ဦးအုန်းကျော်တို့၏ချစ်လှစွာသောဖခင်၊ (ဦးသိန်းအေး)-ဒေါ်မြင့်မြင့်တို့၏ညီ/မောင်၊ (ဦးမြတ်ကြွယ်-ဒေါ်သန်းဌေး)၊ဦးအောင်ခိုင်-ဒေါ်မြင့်မြင့်မွန်၊(ဒေါ်သိန်းစီ၊ မြိတ်)တို့၏အစ်ကို၊ ဦးမောင်မောင်အေး-ဒေါ်ရီရီသိန်းအေး၊ ဦးဇော်မင်း၊ ဦးအောင်ကျော်မြတ်-ဒေါ်တင်မြင့်ကြည်၊ (ဒေါက်တာရန်ဝင်းအောင်)၊ ဒေါ်သီတာခိုင်(USA)၊ ကိုကျော်ကျော်ခိုင်(USA)၊ ကိုညီညီခိုင်(USA)၊ ကိုဇော်ဇော်ခိုင်(USA)တို့၏ဦးလေးသည် ၁၁-၁၁-၂၀၁၇ရက်(စနေနေ့)နံနက် ၈း၃၀နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁၅-၁၁-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအားအသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

ပြည်အထွေထွေရောဂါကုဆေးရုံကြီးမှ ကင်ဆာအထူးကုဆရာဝန်ကြီး ဒေါက်တာဦးသူရကျော်၏ဖခင် ဒုတိယဗိုလ်မှူးကြီးကျော်အေး(ငြိမ်း) အသက်(၇၇)နှစ်သည် ၈-၁၁-၂၀၁၇ရက်တွင် ကွယ်လွန်သွားပါသဖြင့် ဆရာ၏မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဆေးရုံအုပ်ကြီးနှင့်ဆေးရုံဝန်ထမ်းမိသားစု**

**အထွေထွေရောဂါကုဆေးရုံကြီး(ပြည်)**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**

## ဒုတိယဗိုလ်မှူးကြီးကျော်အေး (ငြိမ်း)

**OTS-35 (စည်သူတပ်ခွဲ)**

**အသက်(၇၇)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နေ ဒေါ်ခင်ဆွေဦး၏ခင်ပွန်း ဒုတိယဗိုလ်မှူးကြီးကျော်အေး(ငြိမ်း)သည် ၈-၁၁-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁း၃၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**OTS - 35**

**စည်သူတပ်ခွဲ**

**သူငယ်ချင်းများ**

## ဒေါ်တင်တင်ဖြူ

**စာရင်းစစ်၊ စာရင်းစစ်ချုပ်ရုံး(ရန်ကုန်တိုင်း)**

**အသက်(၇၃)နှစ်**

ရန်ကုန်မြို့၊ သုဝဏ္ဏ၊ (၂၉)ရပ်ကွက်၊ မီးဒုံးလမ်းသွယ်(၆)၊ တိုက် ၁၂၁၊ အခန်း ၂နေ (ဦးမောင်မောင်-ဒေါ်ခင်သန်း)တို့၏ တစ်ဦးတည်းသောသမီး၊ (ဦးမြင့်သိန်း၊ စက်မှု-၁၊ ဂုန်လျှော်)၏ဇနီး၊ ဦးစည်သူသန်း၊ ဦးကျော်သူသန်း-ဒေါ်သူသူအောင်(ခေတ္တ-စင်ကာပူ)၊ ဦးအေးကျော်(ငပလီ Bay ဟိုတယ်)-ဒေါ်ခင်စောမူတို့၏မိခင်၊ သဒ္ဒါနှင်းစက်၊ အင်ကြင်းဖြူတို့၏အဘွားသည် ၁၁-၁၁-၂၀၁၇ရက်(စနေနေ့)မွန်းလွဲ ၁၂း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၁၁-၂၀၁၇ရက်(တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်သန္တာရီ

**အသက်(၄၅)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ၁၆၃လမ်း၊ အမှတ် ၅နေ ဦးရီ [လ/ထ စက်ရုံမှူး၊ ငြိမ်း၊ စက်မှု(၁)ဝန်ကြီးဌာန]-(ဒေါ်ခင်မလေး)တို့၏သမီး၊ ဦးမောင်မောင်-ဒေါ်အေးအေးရီ၊ ဦးရဲခိုင်ထွန်း-ဒေါ်ဆွေဆွေရီတို့၏ညီမ၊ ဗိုလ်ကြီးစိုးရန်နောင်(ခေတ္တ-မော်စကို)၊ မောင်ထက်ဝေယံ(ခ)ရဲမင်းအောင်တို့၏အဒေါ်သည် ၁၀-၁၁-၂၀၁၇ရက်(သောကြာနေ့)ညနေ ၃း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၁၁-၂၀၁၇ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၁၁-၂၀၁၇ရက် (ကြာသပတေးနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်မြိုင်

**အသက်(၉၇)နှစ်**

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ (ဇ)မြောက်ရပ်ကွက်၊ မြောက်ပိုင်းအောင်သပြေလမ်း၊ အမှတ်(ဃ)၁၇၃နေ (ဦးချစ်လှိုင်၊ ငွေစာရင်းအရာရှိ၊ ငြိမ်း၊ ဆည်မြောင်း)၏ဇနီး၊ ဦးကျော်လင်း-ဒေါ်ခင်မာလွင်၊ (ဦးဆွေတင့်)-ဒေါ်ညိုညိုထွေး၊ ဦးဌေးတင်-ဒေါ်သီသီဦး၊ ဦးဖေကြည်ဆွေ-ဒေါ်ခင်စောဝင်း၊ ဦးဌေးဝင်း-ဒေါ်ခင်နန်းဆွေ၊ ဦးအေးဝင်း-ဒေါ်မြမချို၊ ဒေါ်နွယ်နွယ်မိုး၊ ဒေါ်ခင်မိမိတို့၏ချစ်လှစွာသောမိခင်၊ မြေး ၁၀ ယောက်တို့၏အဘွားသည် ၁၁-၁၁-၂၀၁၇ရက်(စနေနေ့)မွန်းလွဲ ၁၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၁၁-၂၀၁၇ရက်(တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများနံနက် ၁၁း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

**ပုလောမြို့နယ်အသင်း(ရန်ကုန်)**

## ဒေါ်ထွန်းရှင်

**(ပုလော/ပလောက်)**

**ကန်တော့ခံပုဂ္ဂိုလ်**

**အသင်းဝင်အမှတ်(၂၆၅)**

**အသက်(၈၈)နှစ်**

ရန်ကုန်မြို့၊ ရွှေပေါက်ကံ(၁၆)ရပ်ကွက်၊ မြဝတီမင်းကြီး ၅လမ်း၊ အမှတ် ၆၆၈နေ (ဦးအုန်းညွန့်)၏ဇနီးသည် ၁၁-၁၁-၂၀၁၇ရက် (စနေနေ့) နံနက် ၇နာရီတွင် ကွယ်လွန်သွားပါ၍ ၁၃-၁၁-၂၀၁၇ရက် (တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (အသင်းမှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) အမှုဆောင်အဖွဲ့

**ခရစ်တော်၌အိပ်ပျော်ခြင်း**

## ဦးတင်ထူး

**(အင်ဂျင်နီယာ၊ ဘီပီအိုင်)**

**အသက်(၈၅)နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ ကွင်းမွေး ၁ လမ်း၊ အမှတ် ၂၁၀၉နေ ဒေါ်ရင်ကြည်၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်တင်ကြည်ဦး(ခ)ဆရာမမီးမီး-Rev. မဟော်လဂျာ၊ (ဆရာတင်မောင်ရီ)-နော်ဆဲရူ၊ (တင်မောင်ကြည်)၊ [ဆရာမတင်တင်နွယ်(ခ)မနွယ်]၊ မတင်တင်သွယ်၊ ဦးတင်အောင်လှိုင်-မချယ်ရီ၊ ဦးတင်မောင်ဆွေ-နန်းအေးမေ၊ မတင်တင်ထွေး-မောင်မျိုးသိန်းအေးတို့၏ဖခင်၊ မြေး ၁၁ယောက်တို့၏ဘိုးဘိုးသည် ၁၀-၁၁-၂၀၁၇ရက် (သောကြာနေ့)ည ၇း၂၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၂-၁၁-၂၀၁၇ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၂နာရီတွင် အင်းစိန် မွန်နှစ်ခြင်းခရစ်ယာန်အသင်းတော်၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဒေါ်သန်းသန်းဝင်း(ခ) ဒေါ်ပူတူးမ

**အသက်(၆၅)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြယာကုန်းလမ်း၊ အမှတ် ၆၃/၆၅နေ (ဦးကျော်နီလှသန်း - ဒေါ်မြင့်ရီ)တို့၏သမီး၊ [ဦးခင်မောင်လေး(ခ)ဦးကွတ်တီး]၏ဇနီး၊ ဒေါ်သီတာ (မစ္ဆိမဂုဏ်ဘုရားဖူးအဖွဲ့)၊ ဒေါ်မာလာတို့၏အစ်မ၊ ဦးမြင့်နိုင်-ဒေါ်ကေသီလေးဝင်း(ခေတ္တ-UAE)၊ ဗိုလ်မှူးလှမျိုးလွင်(တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး၊ ခုတင် ၅၀၀)-ဒေါ်ပပလေးဝင်း (မြန်မာအမျိုးသားလေကြောင်း)၊ ဦးမောင်မောင်-ဒေါ်အိအိလေးဝင်း (ခေတ္တ-USA)၊ ဦးသူရလေးဝင်း-ဒေါ်စိမ်းဝဋ္ဋာ (ရတနာရောင်းဝယ်ရေး)တို့၏ ချစ်လှစွာသောမိခင်၊ မြေး ၁၀ယောက်တို့၏ အဘွားသည် ၁၀-၁၁-၂၀၁၇ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၁၁-၂၀၁၇ရက် နံနက်တွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၁၁-၂၀၁၇ရက်တွင် အမှတ် ၁၄၆၊ တပ်မတော်ဂေါက်ကွင်းလမ်း၊ နဂါးရုံဘုရားလမ်း၊ မင်္ဂလာဒုံမြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

**အောင်သုခကျောင်းတိုက်ကြီး၏ဦးစီးပဓာနနာယကဆရာတော်**

## ဘဒ္ဒန္တကုဏ္ဍာစာရ

**ရွှေကျင်နိကာယ ရတ္တညူမဟာနာယက**

**မဟာမြိုင်ဝိနည်းပြန် နယ်နာယက**

**မြို့နယ်သံဃနာယကသြဝါဒါစရိယ**

**သက်တော်(၈၅)နှစ်၊ သိက္ခာတော်(၆၅)ဝါ**

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ခြောက်မိုင်ရပ်ကွက်၊ အောင်သုခကျောင်းတိုက်ကြီး၏ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တကုဏ္ဍာစာရ (ရွှေကျင်နိကာယ ရတ္တညူမဟာနာယက၊ မဟာမြိုင်ဝိနည်းပြန်ဌာန နယ်နာယက၊ မြို့နယ်သံဃနာယက သြဝါဒါစရိယ)သည်(၁၃၇၉ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၈ရက်) ၁၁-၁၁-၂၀၁၇ရက် (စနေနေ့) နံနက် ၇း၅၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၉ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၂ရက်) ၁၅-၁၁-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် အောင်သုခကျောင်းဝင်းအတွင်း၌ အန္တိမအဂ္ဂိဈာပနပွဲ ကျင်းပပြုလုပ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမများအား အကြောင်းကြားအပ်ပါသည်။

အန္တိမအဂ္ဂိဈာပနဖြစ်မြောက်ရေးအဖွဲ့
တပည့်ဒါယကာ၊ ဒါယိကာမများ

## ဦးအောင်ကြည်

**(တောင်စွန်း-ကော့ကဒွတ်)**

**အသက်(၉၄)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တောင်ညွန့်ကြီးရပ်ကွက်၊ ၁၀၈ လမ်း၊ အမှတ် ၃၉နေ (ဦးဘိုးဆိုင်-ဒေါ်ပု)တို့၏သား၊ (ဒေါ်အမာ)၏ခင်ပွန်း၊ ဦးကြီးမြင့်-ဒေါ်အေးအေးမြင့်၊ ဦးမြင့်ဆွေ-ဒေါ်ခိုင်ချိုချို၊ ဦးမြင့်သိန်း-ဒေါ်စန္ဒာဝင်း၊ ဦးလှသိန်း-ဒေါ်ဌေးဌေးစိန်၊ ဦးသိန်းဦး-ဒေါ်စန်းစန်းရွှေ(စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေး)၊ ဒေါ်ဖြူဖြူရွှေတို့၏ဖခင်၊ မြေး ၁၁ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၁၁-၁၁-၂၀၁၇ရက်(စနေနေ့) နံနက် ၆နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၁၁-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၇-၁၁-၂၀၁၇ရက် (သောကြာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါ မင်္ဂလာတောင်ညွန့်မြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း**

## ဟာဂျီ ဦး M ကူရရှီ(ခ)ဦးသန်းကျော်ဌေး

**အသက်(၇၄)နှစ်**

ရန်ကုန်မြို့၊ ၅၃လမ်း၊ အမှတ် ၅၅နေ (ဦးမူသလစ်-ဒေါ်ဖာသမာဘီဘီ)တို့၏သား၊ ဒေါ်အိုက်ရှာဘီဘီ၏ခင်ပွန်း၊ မရှဖီယာ-မောင်အာနီး၊ ရေဟာနာ-အာဇစ်ဘိုင်၊ ဟာဂျီဇာဟစ်ဟူစိန်-သွာဟေဒါဘီ၊ ဟာဂျီမာမွတ်ဟာစန်၊ ဟာဂျီမရှိရင်ဘာနူး၊ ဖေရိုဇာဘီဘီ၊ နစီမာဘီဘီ-စအီဒူလ်လာတို့၏ဖခင်၊ အဇီးဇာဘီ၊ ဂျာဝီးဒ်၊ ရှာကေဒါဘီတို့၏အဘိုးသည် ၆-၁၁-၂၀၁၇ရက် ညနေ ၃း၂၀နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ရေဝေးကဘာစတန်တွင် ဒါဖနာပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးဝင်းမြင့် (ဒုရဲမှူး၊ ငြိမ်း)

**အသက်(၇၀)**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ အမှတ်(၁/ခ)နေ (ဦးခိုင်-ဒေါ်သိန်းရင်)တို့၏သား၊ ဒေါ်သန်းကြွယ်(မူ/ပြ၊ငြိမ်း)၏ခင်ပွန်း၊ ဦးလှခိုင်-ဒေါ်ကြည်ကြည်ဝင်းတို့၏မောင်၊ ဦးဝင်းဇော်ဦး-ဒေါ်နီလာအောင်၊ ဦးဝင်းနိုင်အောင်-ဒေါ်ဝင်းသူဇာလင်း၊ ဦးဝင်းဇော်လတ်(ဒုရဲအုပ်)တို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၁၀-၁၁-၂၀၁၇ရက်(သောကြာနေ့)ညနေ ၆း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၁၁-၂၀၁၇ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၁၁-၂၀၁၇ရက်(ကြာသပတေးနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးသန်းတင်

**အသက်(၆၇)နှစ်**

ရန်ကုန်မြို့နေ မမေသက်ထွန်း၊ မချိုသက်ထွန်း၊ မောင်ထက်အောင်ကျော်၊ ဒေါက်တာထက်အောင်လှိုင်တို့၏ဖခင်၊ ဒဂုံအရှေ့ပိုင်းမြို့နယ်၊ အကွက်(၁၁၀)၊ အမှတ် ၆၊ ပိတောက်မြိုင်လမ်း၊ တက္ကသိုလ်ရိပ်မွန်အိမ်ရာနေ ဦးသန်းတင်သည် ၇-၁၁-၂၀၁၇ရက် ညနေ ၄း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၁၁-၂၀၁၇ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၁၃-၁၁-၂၀၁၇ရက် နံနက် ၇နာရီမှ ၉း၃၀နာရီအထိ ဗိုလ်တထောင်မြို့နယ်၊ ဗိုလ်တထောင်ဘုရားဝင်း၊ စေတိယပါလကျောင်းတော်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## မောင်ဟိဏ်းတေဇမောင်

**(KG၊ အထက-၂၊ ကျိုင်းတုံ)**

**အသက်(၇)နှစ်**

ကျိုင်းတုံမြို့၊ ဝေါ်ခုတ်မြို့သစ်နေ မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း (ရွှေတြိဂံဇုန်)၏ဥက္ကဋ္ဌ ဦးရဲမြင့်အောင်(ခေမာရဋ္ဌဟိုတယ်)-ဒေါ်ဝင်းဝင်းခိုင်(မြားနတ်မောင် ကွမ်း၊ ကွမ်းယာနှင့်အပိုပစ္စည်းရောင်းဝယ်ရေး)တို့၏ တစ်ဦးတည်းသောသား၊ မစိမ်းလဲ့မွန်(ခ)ရီတာအောင်၊ မယွန်းရွှေအိမ်(ခ)ဆုစန္ဒီအောင်တို့၏မောင်သည် ၁၁-၁၁-၂၀၁၇ရက် (စနေနေ့) နံနက် ၁း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၁၁-၂၀၁၇ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ဟွေဖျန့်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၁၇-၁၁-၂၀၁၇ရက်(သောကြာနေ့)နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ ဝေါ်ခုတ်မြို့သစ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် မြန်မာနိုင်ငံရှိ ခရစ်ယာန် အသင်းတော်များနှင့် အဖွဲ့အစည်းများ၏ အလှူငွေပေးအပ်ပွဲသို့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ တက်ရောက်




ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် မြန်မာနိုင်ငံရှိ ခရစ်ယာန်အသင်းတော်များနှင့် အဖွဲ့အစည်းများက စုပေါင်းလှူဒါန်းသော အလှူငွေပေးအပ်ပွဲ အခမ်းအနား ကျင်းပစဉ်။ သတင်းစဉ်

**ရန်ကုန် နိုဝင်ဘာ ၁၁**

ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် မြန်မာနိုင်ငံရှိ ခရစ်ယာန်အသင်းတော်များနှင့် အဖွဲ့အစည်းများက စုပေါင်းလှူဒါန်းသော အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၁ နာရီက ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ မြန်မာနိုင်ငံ နှစ်ခြင်းခရစ်ယာန်အသင်းချုပ်၌ ကျင်းပရာ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း တက်ရောက်သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ ကက်သလစ် ဆရာတော်ကြီး များ အဖွဲ့ချုပ် အထွေထွေ အတွင်းရေးမှူး ဖာသာရ် မောရစ်ညွန့်ဝေက ဆုတောင်းမေတ္တာပို့သပြီး မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်များကောင်စီ ဥက္ကဋ္ဌ ဆရာကြီး စောပက်ထရစ်လူနီက လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်း ပြောကြားသည်။

**ပေးအပ်လှူဒါန်း**

ထို့နောက် ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် မြန်မာနိုင်ငံရှိ ခရစ်ယာန် အသင်းတော်များနှင့် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက အလှူငွေများကို ပေးအပ်လှူဒါန်းရာ ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) ဒုတိယဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည် ပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားသည်။

*စာမျက်နှာ ၅ ကော်လံ ၁* ✻

---

အမျိုးသားနေ့ အကြိုဂုဏ်ပြုဆောင်းပါး

**မြန်မာ အမျိုးသားနေ့**

စာမျက်နှာ » ၆

**မောင်တောဒေသ၌ မိုးစပါးထွက်ရှိမှု တင်းပေါင်းသိန်း ၂၀ လျာထား စပါး ရောင်းချရငွေများကို ဘဏ်တွင် အကောင့်ဖွင့်၍ ထားရှိမည်**

စာမျက်နှာ » ၁၁

**မြောက်ကိုရီးယား၏ နျူကလီးယား အစီအစဉ်ကို မည်သည့်အရာကမှ ဟန့်တားနှောင့်ယှက်နိုင်မည် မဟုတ်ဟု ပြောရေးဆိုခွင့်ရှိသူပြော**

စာမျက်နှာ » ၁၄

---

# စာအုပ်စာပေမှ ရရှိသည့် စိတ်ကူးဉာဏ်ဖြင့် လောက၏ အကျိုး အပြစ်များကို ပိုင်းခြားဝေဖန်တတ်စေဖို့ စာအုပ်လမ်းသို့ လှမ်းခဲ့ပါစို့

ရန်ကုန်မြို့၏ အထင်ကရ နှစ်ပေါင်း ၁၀၀ ကျော် သက်တမ်းရှိ မြို့ပြအမွေအနှစ်များဖြစ်သည့် ဝန်ကြီးများရုံး (အတွင်းဝန်ရုံး) နှင့် ဗဟိုပုံနှိပ်စက်တို့ တည်ရှိရာ သိမ်ဖြူလမ်းသည် ယနေ့ အများ ပြည်သူတို့ ရုံးပိတ်ရက်ဖြစ်သော်ငြား ယခင် ရုံးပိတ်ရက်များ နှင့်မတူ တစ်မူ စည်ကားလျက်ရှိသည်။

ပြီးခဲ့သည့်နှစ် ပွင့်လင်းရာသီတွင် စတင်ခဲ့သည့် (Yangon Book Street ) စနေ-တနင်္ဂနွေ ရန်ကုန် စာအုပ်လမ်းကို အဆိုပါလမ်းမကြီး၌ ယနေ့ ဖွင့်လှစ်မှုနှင့်အတူ ပြန်လည်သက်ဝင်လာခြင်း ဖြစ်သည်။

စာအုပ်စာပေ ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်အရ ပြန်ကြားရေးဝန်ကြီးဌာနက ရန်ကုန်တိုင်းဒေသကြီးအစိုးရ အဖွဲ့နှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ ကူညီမှုနှင့်

*စာမျက်နှာ ၅ ကော်လံ ၁* ✻



**ရန်ကုန် စာအုပ်လမ်းရှိ စာအုပ်အရောင်းဆိုင်များ ဝယ်ယူသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်** ဓာတ်ပုံ-ရဲထွန်း

